ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော
ပြည်ထောင်စုမြန်မာနိုင်ငံတော်
တည်ဆောက်ရေးအတွက်

# အခြေခံမူများအပေါ် တင်ပြချက်များ

MIPS
MYANMAR INSTITUTE FOR PEACE AND SECURITY

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော
ပြည်ထောင်စုမြန်မာနိုင်ငံတော်
တည်ဆောက်ရေးအတွက်

# အခြေခံမူများအပေါ် တင်ပြချက်များ

MIPS
MYANMAR INSTITUTE FOR PEACE AND SECURITY

## ပုံနှိပ်ခြင်း

| | | |
|---|---|---|
| ပထမအကြိမ် | - | စက်တင်ဘာ၊ ၂၀၁၇ |
| အုပ်ရေ | - | ၃၀၀၀ |
| ထုတ်ဝေသူ | - | ဦးစိုးမြင့် |
| | | မဇ္ဈိမ မီဒီယာစာပေ ( ၀၄၈၀၄ ) |
| ပုံနှိပ်သူ | - | ဦးခွန်ပြည်အေး |
| | | ပြည်အေးမိသားစု ပုံနှိပ်တိုက် (၀၀၈၉၂) |
| မျက်နှာဖုံးနှင့် စာမျက်နှာဖွဲ့စည်းမှု | - | ရဲထွတ်ဦး |

ဤသုတေသနစာတမ်းကို ပြုစုရာတွင် ရံပုံငွေပံ့ပိုးပေးသော European Union (EU)၊
Center for Peace and Conflict Studies (CPCS) နှင့်
နည်းပညာနှင့် သုတေသန အထောက်အကူ ပံ့ပိုးခဲ့သော International IDEA တို့ကို
MIPS မှ ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

# ■ မာတိကာ


နိဒါန်း ....................................................၄
သုတေသန နည်းနာ ..............................................၅
အခန်း (၁) ဖက်ဒရယ်စနစ်တွင် အခြေခံရမည့် မူများ ..........................၇
အခန်း (၂) အချုပ်အခြာအာဏာ ...................................၁၆
အခန်း (၃) အချုပ်အခြာအာဏာ ကျင့်သုံးမှု ............................၂၁
အခန်း (၄) တိုင်းရင်းသားလူမျိုးများ တန်းတူရေး .........................၂၈
အခန်း (၅) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် .......................................၃၃
အခန်း (၆) ဖက်ဒရယ် ပြည်ထောင်စုမူ ...................................၃၉
အခန်း (၇) တိုင်းရင်းသား လူနည်းစုအခွင့်အရေး ကာကွယ်ခြင်း ..................၄၉
အခန်း (၈) ဒီမိုကရေစီ၊ အခြေခံအခွင့်အရေးနှင့် ကျား/မ တန်းတူမှု .............၅၅
အခန်း (၉) နိုင်ငံရေးနှင့် ဘာသာရေး....................................၅၉
အခန်း (၁၀) ပါတီစုံ ဒီမိုကရေစီစနစ် ....................................၆၄
အခန်း (၁၁) ပြည်ထောင်စုမှ ခွဲထွက်ခွင့်.................................၆၈
အခန်း (၁၂) ပြည်နယ်အသစ် ဖွဲ့စည်းခြင်းနှင့် နယ်နိမိတ် သတ်မှတ်ခြင်း ...........၇၁
အခန်း (၁၃) အာဏာခွဲဝေခြင်း .........................................၇၇
အခန်း (၁၄) ဘဏ္ဍာရေးနှင့် သယံဇာတ ခွဲဝေခြင်း ............................၈၀
အခန်း (၁၅) နိုင်ငံသားဆိုင်ရာ ကိစ္စရပ်များ ...............................၈၆
အခန်း (၁၆) ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များ ............................၉၀
အခန်း (၁၇) သုံးသပ်ချက်များ.........................................၉၄
အခန်း (၁၈) နိဂုံး...................................................၉၉
နောက်ဆက်တွဲ (၁) သဘောတူညီချက် (၃၆) ချက် .........................၁၀၁
နောက်ဆက်တွဲ (၂) ဆက်လက်ဆွေးနွေးမည့် အချက်များ .......................၁၁၂
နောက်ဆက်တွဲ (၃) သဘောတူညီချက်များနှင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ .......၁၁၃
နောက်ဆက်တွဲ (၄) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် .....၁၂၂

# နိဒါန်း

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ရာစုပင်လုံ၏ အဓိကရည်မှန်းချက်သည် အနာဂတ် မြန်မာနိုင်ငံတော်အတွက် ဒီမို ကရေစီဖယ်ဒရယ်စနစ်ဆိုင်ရာ သဘောတူညီ မှုများ ရရှိရေး ဖြစ်သည်။ အဓိက ကဏ္ဍကြီး (၅) ခုဖြစ်သော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်နှင့် လုံခြုံရေး ဆိုင်ရာ အချက်အားလုံးသည် ဒီမိုကရေစီ ဖယ်ဒရယ် စနစ်အခင်းအကျင်းနှင့် ချိတ်ဆက် နေမည်ဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-၂၁ ရာစုပင်လုံ၏ ပထမအကြိမ် အစည်းအ ဝေးတွင် အဖွဲ့အစည်း အသီးသီးမှ တင်ပြခဲ့သော မြောက်များလှစွာသော ဆွေး နွေးချက်များကို သုံးသပ်ကြည့်လျှင် မြန်မာ နိုင်ငံ၏ အနာဂတ်အရေးကို အပိုင်းလိုက် ဆွေးနွေးရမည့် အနေအထားကို တွေ့ရသည်။

၂၀၁၇ ခုနှစ် မေလတွင် ကျင်းပခဲ့ သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစု ပင်လုံ မတိုင်မီတွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (Union Peace Dialogue Joint Committee - UPDJC) အစည်းအဝေးက ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများကို စတင် ဆွေးနွေးသဘောတူညီ ချက်ရယူရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။ ရရှိ လာသော အခြေခံ မူများအပေါ်တွင် အသေး စိတ်များကို ထပ်မံညှိနှိုင်းမည်ဆိုသော ယူဆ ချက်ဖြစ်သည်။ တောင်အာဖရိကနိုင်ငံ၏ ငြိမ်း ချမ်းရေး ဖြစ်စဉ်တွင်လည်း ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၏ အခြေခံမူများကို အရင်ဦးစွာ ညှိနှိုင်း သဘောတူညီခဲ့သည်ကို တွေ့ရှိရသည်။ ဖက် ဒရယ်ဆိုင်ရာ အခြေခံမူများကို သဘောတူညီ မှုများရရှိခဲ့လျှင် ပိုမိုအသေးစိတ်သော အချက် အလက်များကို ညှိနှိုင်းရာတွင် ပိုမို အဆင်ပြေ ချောမွေ့မည်ဖြစ်သည်။

ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ မြန်မာ့အင်စတီကျု (Myanmar Institute for Peace and Security-MIPS) အနေဖြင့် ပြည် ထောင်စု ငြိမ်းချမ်းရေးညီလာခံ -၂၁ရာစု ပင်လုံ တွင် ဖယ်ဒရယ်မူဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများ ကို အထောက်အကူပြုရန် ရည်ရွယ်၍ ဤစာ တမ်းကို ပြုစုခဲ့ခြင်းဖြစ်ပါသည်။ အဓိကအားဖြင့် အခြားနိုင်ငံများမှ ဖက်ဒရယ်ဆိုင်ရာ အခြေခံမူ များကို လေ့လာသိရှိစေရန်လည်းကောင်း၊ မြန် မာပြည်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အသီးသီး တွင် ရေးသားဖော်ပြချက်များကို ဆက်စပ်စဉ်း စားနိုင်ရန်လည်းကောင်း ပြုစုထားပါသည်။ အစုအဖွဲ့ အသီးသီးမှတင်ပြတောင်းဆိုမှုများကို လေ့လာပြုစုပြီး ၎င်းအချက်များကို ညှိနှိုင်းရာ တွင် အကြပ်အတည်း မဖြစ်စေရေးအတွက် စဉ်းစားရွေးချယ်စရာအချက်များကိုလည်း နိုင်ငံ တကာ ဥပမာများနှင့် ယှဉ်တွဲစဉ်းစားနိုင်ရန် ပြုစုထားခြင်းဖြစ်ပါသည်။

# သုတေသန နည်းနာ

MIPS အနေဖြင့် သုတေသနလုပ်ငန်းများ လုပ်ဆောင်ရာတွင် သက်ဆိုင်ရာ အစုအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဆွေးနွေး၍ အကြံဉာဏ်များရယူခြင်း၊ သဘောထားတောင်းခံခြင်း၊ သဘောထားများကို လေ့လာပြုစုခြင်း၊ တွေ့ရှိချက်များကို ပြန်လည်ဆွေးနွေးခြင်း စသည့် (Interactive Consultation Methods) တို့ကို စတင် သုတေသနပြုချိန်မှ ပြီးဆုံးချိန်တိုင်အောင် ပြုလုပ်ခဲ့ပါသည်။ သုတေသနပြုလုပ်ရာတွင် အင်အားစုအသီးသီးမှ တင်ပြချက်များကို လေ့ လာပြုစုပြီး နိုင်ငံတကာအတွေ့အကြုံများ၊ အခြားနိုင်ငံများ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများရှိ ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများကို လေ့လာပြုစုခဲ့ပါသည်။ နိုင်ငံတကာ အတွေ့အကြုံများကို မြန်မာနိုင်ငံ၏ဖြစ်စဉ်နှင့် လိုက်လျောညီထွေမှုရှိစေရန် ပြည်တွင်းပြည်ပရှိ သုတေသီများက ဝိုင်းဝန်းလေ့လာ ပြုစုခဲ့ကြပါသည်။ MIPS အနေဖြင့် ဘာဖြစ်သင့်သည်ဆိုသော အဆိုပြုချက်ကို ပြောဆိုခြင်းထက် ဆွေးနွေးညှိနှိုင်းမှု အကြပ်အတည်းများကို ကျော်လွှားနိုင်မည့် စဉ်းစားနိုင်စရာ၊ ရွေးချယ်နိုင်စရာ အချက်များကို ပြုစုတင်ပြထားခြင်းဖြစ်ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ လုပ်ငန်းကော်မတီ အစည်းအဝေးများ ဖြစ်ကြသော နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ၊ လုံခြုံရေးကဏ္ဍ အသီးသီးမှ စုစည်းချက်များကို အခြေခံပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) တွင် ပါဝင်ဆွေးနွေးကြမည့် အစုအဖွဲ့အသီးသီး၏ ကိုယ်စားလှယ်များအနေဖြင့် သဘောတူညီချက်များ ရရှိနိုင်ရန် စဉ်းစားရွေးချယ်နိုင်သည့် အချက် (Options) များကို စုစည်းတင်ပြရာတွင် အောက်ပါ သုတေသနပြုခြင်းနည်းလမ်းများကို အခြေခံထားပါသည်။

အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများကို လူမျိုးအလိုက်၊ ဒေသအလိုက်နှင့် အကြောင်း အရာအလိုက် ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ရရှိလာသည့်အဆိုပြုချက်များကို ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ လုပ်ငန်းကော်မတီ အစည်း အဝေးများမှ ကဏ္ဍအလိုက် စုစည်းထားသည့် အချက်များကို အခြေခံပြီး သုံးသပ်ချက်များ ပြုလုပ်ကာ စဉ်းစားရွေးချယ်နိုင်သည့် အချက်များကို ထုတ်နုတ်ပေးပါသည်။

အဆိုပါ (UPDJC) လုပ်ငန်းကော်မတီများမှ စုစည်းချက်များနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစု ပင်လုံ (ပထမအစည်းအဝေး) သို့ တင်သွင်းဖတ်ကြားခဲ့သည့် စာတမ်း ပေါင်း (၇၂) စောင်ပါ အချက်အလက်များဖြင့် ထပ်မံနှိုင်းယှဉ် သုံးသပ်ထားပါသည်။ ထို့အပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူများ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော် ကာကွယ်ရေး

ဦးစီးချုပ်၊ ကရင်အမျိုးသား အစည်းအရုံး ဥက္ကဋ္ဌ၊ ကချင်လွတ်မြောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် နာယကနှင့် ကုလသမဂ္ဂ အထွေထွေ အတွင်း ရေးမှူးချုပ် ဘန်ကီမွန်း၏ မိန့်ခွန်းပါ အကြံပြုချက်များ ကိုလည်း ပြန်လည်နှိုင်းယှဉ် သုံးသပ်ထားပါ သည်။

ဎင်းအပြင် (International IDEA) မှ ထုတ်ဝေထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်ပညာ ရှင်များ၏ သုံးသပ်ချက်များ၊ နှိုင်းယှဉ် လေ့လာ ချက်များ၊ အဆိုပြု တင်ပြချက်များ၊ အကြံပြု ချက်များကို အခြေခံပြီး မြန်မာမှုပြု သုံးသပ်ချက် များလည်း ပါရှိပါသည်။ International IDEA ဖက်မှ ကျွမ်းကျင်ပညာရှင်များကလည်း သက် ဆိုင်သည့် နိုင်ငံတကာ အတွေ့အကြုံများ၊ အခြား အခြေခံဥပဒေပါ ဖယ်ဒရယ်ဆိုင်ရာ အခြေခံမှုများကို သုတေသနပြုစု၍ MIPS အလုပ်အဖွဲ့တို့နှင့် ပေါင်းစပ်လုပ်ဆောင်နိုင်ခဲ့ ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေး မှု ပူးတွဲကော်မတီ (UPDJC) ၏ လုပ်ငန်း ကော်မတီ အစည်းအဝေး စုစည်းချက်များကို အခြေခံပြီး လေ့လာခြင်း၊ သုံးသပ်ခြင်းနှင့် စဉ်းစားနိုင်စရာများ ပြုစုတင်ပြခြင်း ပြုလုပ်ရာ တွင် သုတေသန ကျင့်ဝတ် ( Research Ethic) အနေဖြင့် မည်သည့် အဖွဲ့အစည်း၏ သဘော ထားကိုမှ အခြေခံ ရပ်တည်ခြင်းမရှိပါ။ တစ်နိုင် ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ် "NCA" လမ်းပြ မြေပုံနှင့်အညီ ပြည် ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစု ပင်လုံအစည်းအဝေးများ ကျင်းပပြုလုပ်ရာတွင် ပြည်ထောင်စု သဘောတူစာချုပ်အတွက် သဘောတူညီချက်များ ရရှိနိုင်စေရန် စုစည်း ချက်များကို သုံးသပ်ခြင်း နိုင်ငံတကာ အတွေ့ အကြုံများနှင့် နှိုင်းယှဉ်ခြင်း၊ မြန်မာပြည် ခေတ် အဆက်ဆက်ရှိ ဖွဲ့စည်းပုံ အခြေခံဥပဒေများပါ အချက်များနှင့် ချိန်ထိုးသုံးသပ်ခြင်းများ ပြုလုပ် ပြီး စဉ်းစားရွေးချယ်စရာများကို စုစည်းတင်ပြ ခြင်း ဖြစ်ပါသည်။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ (ဒုတိယ အစည်း အဝေး) တွင် ရရှိထားသည့် သဘောတူညီချက် (၃၇) ချက်၊ ဆက်လက် ဆွေးနွေးရမည့် စုစည်း တင်ပြချက်များ အပါအဝင်၊ သဘောတူညီထား သည့် အချက်များ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် မူအရ ပါရှိထားသည့် အချက်များကို လည်း နှိုင်းယှဉ်ဖော်ပြထားပါသည်။ ထိုအချက် များကို ပြုစုတင်ပြခြင်းဖြင့် အစုအဖွဲ့အသီးသီး တွင် ပါဝင်သော ငြိမ်းချမ်းရေး ဆွေးနွေးသူများ ကို အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ပါ သည်။

ဤသုတေသနစာတမ်းကို ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန် (Andrew) မှ ဦးဆောင်ပြီး MIPS သုတေသီများနှင့် ပြုစုခြင်းဖြစ်ပါသည်။

သုတေသနအဖွဲ့<br>
Myanmar Institute for Peace and Security<br>
ရန်ကုန်မြို့<br>
၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ (၂၅) ရက်

# အခန်း ၁

# ဖက်ဒရယ်စနစ်တွင် အခြေခံရမည့်မူများ

## ■ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းကော်မတီ၏ စုစည်းချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား *"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓါတ်နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေးအတွက် ဖက်ဒရယ်စနစ်တည်ဆောက်ရာတွင် အခြေခံ ရမည့်မူများ"* ဟု ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေး စုစည်းချက်များတွင် ပါရှိသည်။ ၎င်းအခြေခံမူသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) ၏ အခန်း (၁) အပိုဒ် (၁) (က) ကို အခြေခံထားခြင်းဖြစ်သည်။

## ■ အခြေခံမူများ၏ နောက်ခံအချက်အလက်များ

၂။ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် အခြေခံရမည့် "မူ" အချို့သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ကျင့်သုံးခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပါရှိခဲ့သည့် "မူ" များဖြစ်ကြပါသည်။[1] သို့ရာတွင် မြန်မာနိုင်ငံ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (၈) ခုအကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုရာတွင် ထည့်သွင်းထားသည့် "မူ" အချို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတည်ဆောက်ရာတွင် အဓိကကျသည့် "မူ" များဖြစ်ခဲ့သော်လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေများတွင် "မူ" များအဖြစ်သော်လည်းကောင်း၊ ဥပဒေများ အဖြစ်သော်လည်းကောင်း ပါဝင်ခဲ့ခြင်း မရှိခဲ့ပါ။[2]

---

1 See generally, The Constitution of Burma, 1947., the Constitution of the Socialist Republic of the Union of Burma, 1974 and the Constitution of the Republic of the Union of Myanmar, 2008.

2 တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အခန်း (၁) အပိုဒ် (၁) (က) တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့ကိုရှေးရှု၍လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကိုအခြေခံပြီး ပင်လုံစိတ်ဓါတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများကို အာမခံချက်များအပြည့်အဝရှိသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်သွားရန်" ဟုပါရှိပါသည်။

၃။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြေခံမူများအဖြစ် ပြဋ္ဌာန်းပါသည်။[3] မြန်မာနိုင်ငံတွင် လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှု ထွန်းကားရေးကို ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ နှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပြဋ္ဌာန်းခဲ့ ပါသည်။[4] ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်တွင် တောင်တန်းဒေသ (Frontier Areas) နှင့် ပြည်မ (Ministerial Burma)[5] ဟု ကိုလိုနီခေတ်တလျှောက် ခွဲခြားအုပ်ချုပ်ခံခဲ့ရသည့် နယ်ပယ်နှစ်ခုတို့ကို ပူးပေါင်းပြီး အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုကို တည်ဆောက်ရန်အတွက် အဆိုပါဒေသများကို ကိုယ်စားပြုကြသည့် ခေါင်းဆောင်များက ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့သည်။ ထိုချုပ်ဆိုထားသည့် ပင်လုံပဋိညာဉ်သည် ပင်လုံစိတ်ဓါတ်ဖြစ်သည်။[6]

၄။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတို့တွင် ဒီမိုကရေစီစနစ်ကို အခြေခံပြီး လူမှုဆက်ဆံရေး၊ စီးပွားရေးနှင့် နိုင်ငံရေးတရားမျှတမှု၊ လွတ်လပ်စွာ တွေးခေါ်ကြံဆဖွင့်ဟရေးသားပိုင်ခွင့်၊ ယုံကြည်ကိုးကွယ်ပိုင်ခွင့်နှင့် တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှခွင့်တို့ကို ဖော်ဆောင်နိုင်ရန်အတွက် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရန် ပြဋ္ဌာန်းခဲ့ကြသည်။[7] ၁၉၄၇ ခုနှစ်က အောင်ဆန်း - အက်တလီစာချုပ်အရ ဖွဲ့စည်းလိုက်သည့် တောင်တန်းဒေသ စုံစမ်းစစ်ဆေးရေး ကော်မရှင် (Frontier Areas Commission of Enquiry) ထံသို့ တောင်တန်းသား ကိုယ်စားလှယ်အများစုက ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရန် တင်ပြခဲ့ကြသည်။[8] သို့ရာတွင် "ပင်လုံစိတ်ဓါတ်၊ အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" ဆိုသည့် စကားရပ်များသည် မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေများ၌ "မူ" အားဖြင့် အတိအကျ ရေးသားပြဋ္ဌာန်းခဲ့ခြင်း မရှိခဲ့ပါ။

၅။ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိပြီးသည့်နောက်ပိုင်း ကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် "နိုင်ငံတော်" ဟူသော စကားလုံးနှင့် ပတ်သက်၍ သဘောတရားနှင့် ဝိဝါဒ ကွဲပြားစေမှုများ ရှိခဲ့သည်။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် "မြန်မာနိုင်ငံသည် အချုပ်အခြာ အာဏာပိုင် သမ္မတနိုင်ငံဖြစ်သည်။ ထိုနိုင်ငံကို ပြည်ထောင်စုမြန်မာနိုင်ငံ ဟု ခေါ်ရမည်"

---

3 Article 6 (a, b and c) of the Constitution of Myanmar, 2008.

4 The Preamble of the Constitution of Burma, 1947 and Article 6 (d) of the Constitution of Myanmar, 2008.

5 "Ministerial Burma"ခေါ် ယခင်က ဘုရင်ခံမှ တိုက်ရိုက်အုပ်ချုပ်ခဲ့သည့် ဒေသများကိုယခင်ကအခေါ်အဝေါ် အတိုင်း "ပြည်မ" ဟုမှတ်လွယ်ရန်ဤစာတမ်းတွင်သုံးစွဲပါသည်။

6 Maung Maung, Burma's Constitution, pp. 229-230., 1961. (Panglong Agreement).

7 The Preamble of the Constitution of Burma, 1947 and Article 6 (d) of the Constitution of Myanmar, 2008.

8 See generally, Tualchin Neihsial., Burma, Frontier Areas Committee of Enquiry, 1947: Report Submitted to His Majesty's Government in the United Kingdom and to the Government of Burma, 1998.

ဟုအတိအလင်း ပြဋ္ဌာန်းထားခဲ့သော်လည်း[9] ၁၉၇၄ ခုနှစ် နှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် "မြန်မာနိုင်ငံ" အစား "မြန်မာနိုင်ငံတော်" ဟူသော စကားရပ်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေ အသီးသီး၏ ခေါင်းစဉ်များတွင် ရေးသားပြဋ္ဌာန်းခဲ့ကြသည်။

၆။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် နိုင်ငံတော်ဆိုသည့် စကားရပ်အား "နိုင်ငံတော် ဟူသော စကား၏ ဆိုလိုရင်းမှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကို ထောက်၍ ပြည်ထောင်စု နိုင်ငံ၏ သို့တည်းမဟုတ် သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့ဝင်၏ အုပ်ချုပ်မှု အခွင့်အာဏာကိုသော် လည်းကောင်း၊ ဥပဒေပြုမှုအခွင့်အာဏာကိုသော်လည်းကောင်း ဆိုလိုသည်" ဟု အနက်ဖွင့်ဆို ထားပြီး[10] ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "နိုင်ငံတော်ဆိုသည်မှာ ရှေ့နောက် စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော် လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း (သို့မဟုတ်) လူပုဂ္ဂိုလ်ကိုဆိုလိုသည်" ဟု ဆင်တူယိုးမှား အနက်ဖွင့်ဆိုထားခြင်း ဖြစ်ပါသည်။[11] ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မပါရှိသည့် အဖွဲ့အစည်း (သို့မဟုတ်) လူပုဂ္ဂိုလ် ဆိုသည့် စကားရပ် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိလာသဖြင့် ဝိဝါဒကွဲစရာများ ဖြစ် လာပါသည်။

၇။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် "ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကို ထောက်ထားရန်မလိုလျှင် ဤအခြေခံဥပဒေ၌ ပါရှိသော အောက်ပါစကားရပ်တို့သည် ဖော်ပြထား သောအဓိပ္ပာယ်ကို ဆောင်သည်။ ဆိုလိုသည်မှာ "မြန်မာပြည်၊ မြန်မာနိုင်ငံ၊ မြန်မာနိုင်ငံတော်" ဟူသော စကားရပ်တို့သည် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်မှုဥပဒေ၌ ပါရှိသော အဓိပ္ပာယ်မျိုးကိုဆောင်သည်" ဟု မရှင်းမလင်းစွာဖြင့် ပြဋ္ဌာန်းထား ခဲ့ခြင်းဖြစ်ပါသည်။[12]

၈။ မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် မြန်မာစာနှင့် အင်္ဂလိပ်စာတို့ကို ယှဉ်တွဲ အနက်ဖွင့်ရာတွင် တသမတ်တည်း မရှိပါ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် "နိုင်ငံ" ဟူသော စကားရပ်ကို အင်္ဂလိပ်ဝေါဟာရဖြင့် "Nation"[13] ဟုလည်းကောင်း၊ "နိုင်ငံတော်" ဟူသော စကားရပ်ကို

---

9 Article 1 of the Constitution of Burma, 1947.

10 Article 9 of the Constitution of Burma, 1947. In this Chapter and in Chapters III and IV, the term "State" means the executive or legislative authority of the Union or of the unit concerned according as the context may require. (ပြည်ထောင်စု အဖွဲ့ဝင်ဆိုသည်မှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်း ထားသော ပြည်နယ်များနှင့် ဝိသေသတိုင်းတို့၏ အုပ်ချုပ်မှုအာဏာနှင့် ဥပဒေပြုမှုအာဏာတို့ကို ရည်ညွှန်းသည်။)

11 Article 47 of the Constitution of Myanmar, 2008. The term Union means person or body exercising the legislative or executive aurhotiry of the Union under this Constitution according as the context may require.

12 Article 222 (1) of the Constitution of Burma, 1947. In this Constitution, unless the context otherwise requires, the following expressions have the meanings hereby respectively assigned to them, that is to say, - "Burma" has the same meaning as in the Government of Burma Act, 1935.

13 Article 1 of the Constitution of Myanmar, 2008.

"State"[14] သို့မဟုတ် "Union"[15] ဟူသော အင်္ဂလိပ် ဝေါဟာရများဖြင့် လည်းကောင်း၊ "ပြည်ထောင်စု" ဟူသော စကားရပ်ကို အင်္ဂလိပ် ဝေါဟာရဖြင့် "Union"[16] ဟုလည်းကောင်း သုံးစွဲ ထားသည်ကို တွေ့ရှိရသည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် နိုင်ငံတော်ကို "State" ဟု အင်္ဂလိပ်ဘာသာဖြင့် ပြန်သော်လည်း ၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင် "State သို့မဟုတ် Union" ဟု ရောနှော ဘာသာပြန်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်ထောင်စုကိုလည်း "Union" ဟု ဘာသာပြန် ထားသဖြင့် "နိုင်ငံတော်" ဆိုသည့် စကားရပ်သည် "ပြည်ထောင်စု" နှင့် ထပ်တူဖြစ်နေသည်ကို တွေ့ရှိရသည်။ ဤကဲ့သို့သော တသမတ်တည်းမဖြစ်သည့် အသုံးအနှုန်းများကြောင့် နိုင်ငံ၊ နိုင်ငံတော်၊ ပြည်ထောင်စု စသည့် မြန်မာဝေါဟာရများနှင့် အင်္ဂလိပ် ဝေါဟာရများ ဖြစ်ကြသည့် "Nation, Union, State" တို့အကြား အနက်ဖွင့်ဆိုရာတွင် လည်းကောင်း ကျင့်သုံးရာတွင် လည်းကောင်း ပဋိပက္ခများ ဖြစ်ပေါ် နေခြင်း ဖြစ်သည်။

၉။ ဝိဝါဒကွဲလွဲစေသည့် စကားရပ်များနှင့် ဝေါဟာရများစွာကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် "မူ" ဝါဒများအဖြစ် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၁ မှ ပုဒ်မ ၄၈ အကြားတွင် ပါရှိသည့် စကားရပ်များ နှင့် ဝေါဟာရများကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဖြစ်စေ၊ ယခင်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေများတွင်ဖြစ်စေ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အသက်ဝင်ပြီးနောက် ပြဋ္ဌာန်းသည့် ဥပဒေများတွင်ဖြစ်စေ ရှင်းလင်းပြတ်သားစွာ အနက်ဖွင့်ဆိုမှု မရှိခြင်းကြောင့် ဝိဝါဒကွဲလွဲမှုများစွာ ဖြစ်ပေါ်စေပါသည်။ ထိုသို့သော ဝိဝါဒ သဘော တရား ကွဲလွဲခြင်း ဖြစ်ပေါ်စေနိုင်သည့် "မူ" ဝါဒဆိုင်ရာ စကားရပ်များနှင့် ဝေါဟာရများကို ရှင်းလင်း စွာဖြင့် အနက်ဖွင့်ဆိုခြင်းသည် အနာဂတ်တွင် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး အတွက် မဖြစ်မနေ လုပ်ဆောင်ရမည့် ကိစ္စတစ်ခုဖြစ်ပါသည်။

## ■ အခြေခံမူများဆိုင်ရာ နိုင်ငံတကာဥပမာများ

၁၀။ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံများ၏ နိုင်ငံဖွဲ့စည်းမှုဆိုင်ရာ "မူ" များကို အများအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်းတွင် ရေးဆွဲကြသည်ကို တွေ့ရှိရပါသည်။ အမေရိကန်နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေ နိဒါန်းတွင် "အမေရိကန်နိုင်ငံဖွဲ့စည်းရခြင်း မူများအဖြစ် "အမေရိကန်ပြည်သူများသည် ပိုမိုပြည့်စုံသော ပြည်ထောင်စုကို ဖွဲ့စည်းနိုင်ရန်၊ တရားမျှတမှုကို ဖော်ဆောင်ခြင်း၊ ပြည်တွင်း ငြိမ်းချမ်းရေးကို အာမခံချက်ပေးခြင်း၊ အားလုံး၏ ဘုံလုံခြုံရေးကို အကာအကွယ်ပေးခြင်း၊ လူမှု အထွေထွေဖူလုံရေးကို မြှင့်တင်ခြင်း၊ လွတ်လပ်မှုကို မိမိတို့နှင့် နောင်လာနောက်သားများ ခံစား စေနိုင်ရန် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအားဖြင့် ဘိသိတ်သွင်းကာ အမေရိကန် ပြည်ထောင်စုကို တည်ဆောက်ပါသည်" ဟုပြဋ္ဌာန်းသည်ကို တွေ့ရသည်။[17]

14 Article 2, 3 and 5 of the Constitution of Myanmar, 2008.

15 Article 4, 6, 7 and 22 of the Constitution of Myanmar, 2008.

16 The Preamble of the Constitution of Burma, 1947 and Article 6 (d) of the Constitution of Myanmar, 2008.

17 The Preamble of the US Constitution, We the People of the United States, in order to form a more

၁၁။ အိန္ဒိယနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင် "ကျွန်ုပ်တို့ အိန္ဒိယပြည်သူများသည် အိန္ဒိယနိုင်ငံကို အချုပ်အခြာအာဏာပိုင်၊ ဆိုရှယ်လစ်၊ ဘာသာရေးအခြေမခံသော ဒီမိုကရက်တစ်သမ္မတနိုင်ငံအဖြစ် ထူထောင်ရန် သဘောတူကြသည်။ ၎င်း၏ နိုင်ငံသားများအားလုံးသည် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးတွင် တရားမျှတမှုကို အာမခံချက်ရရှိရန်၊ လွတ်လပ်စွာ တွေးခေါ်ခြင်း၊ ဖော်ပြခြင်း၊ ယုံကြည်ခြင်း၊ ကိုးကွယ်ခြင်းနှင့် ဝတ်ပြုခွင့် အာမခံချက်ရရှိစေရန်၊ အဆင့်အတန်းနှင့် အခွင့်အရေးများတွင် တန်းတူမှု အာမခံချက်ရှိစေရန်၊ အဆိုပါအချက်များအားလုံး သဟဇာတရှိသည့် လူတစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာနှင့် နိုင်ငံ၏ ဂုဏ်ကို ပြည့်စုံစေခြင်းငှာ ဤဖွဲ့စည်းပုံ အခြေခံဥပဒေ လက်ခံခြင်း၊ ပြဋ္ဌာန်းခြင်းနှင့် မိမိတို့ အသက်ပေးခြင်းကို ပြုပါသည်" ဟုပြဋ္ဌာန်းထားသည်။[18]

၁၂။ ရုရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်းတွင် "ရုရှားနိုင်ငံ၏ လူမျိုးပေါင်းစုံ ကျွန်ုပ်တို့သည် မိမိတို့ အမိမြေတွင် ကံတရားကြောင့် စုစည်းလာကြသဖြင့်၊ လူ့အခွင့်အရေးနှင့် လွတ်လပ်ခြင်းကို အများနှင့်ဆိုင်သော ငြိမ်းချမ်းရေး နှင့် သဘောတူညီချက်တို့ကို ဖန်တီးရန်၊ သမိုင်းအရ ဖန်တီးထားသည့် နိုင်ငံ၏စည်းလုံးမှုကိုဖန်တီးရန်၊ စကြာဝဠာနှင့်အညီ နားလည်ထားသည့် မူများဖြစ်သော တန်းတူမှုနှင့် လူများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို ဆက်လက် အကောင်အထည် ဖော်ရန်တို့အတွက် ရုရှားဖက်ဒရေးရှင်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုလိုက်သည်" ဟု ပြဋ္ဌာန်းထားပါသည်။[19]

၁၃။ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ နိဒါန်းများတွင် နိုင်ငံ၏ ဖွဲ့စည်းမှု "မူ" များကို ပြဋ္ဌာန်းသကဲ့သို့ အခြေခံဥပဒေ ပုဒ်မများတွင် တိကျသည့် စကားရပ်များဖြင့် ပြဋ္ဌာန်းမှုများကိုလည်း တွေ့ရှိရသည်။ အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အမေရိကန် ပြည်ထောင်စု (United States of America) ဟူသော စကားရပ်ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် "India, that is

---

perfect Union, establish Justice, insure domestic Tranquility, provide for the common defence, promote the general Welfare, and secure the Blessings of Liberty to ourselves and our Posterity, do ordain and establish this Constitution for the United States of America.

18 WE, THE PEOPLE OF INDIA, having solemnly resolved to constitute India into a SOVEREIGN, SOCIALIST, SECULAR, DEMOCRATIC REPUBLIC and to secure to all its citizens: JUSTICE, social, economic and political; LIBERTY of thought , expression, belief, faith and worship; EQUALITY of status and of opportunity; and to promote among them all FRATERNITY assuring the dignity of the individual and the unity and integrity of the Nation; IN OUR CONSTITUENT ASSEMBLY this twenty-sixth day of November, 1949, do HEREBY ADOPT, ENACT AND GIVE TO OURSELVES THIS CONSTITUTION.

19 We, the multinational people of the Russian Federation, united by a common fate on our land, establishing human rights and freedoms, civil peace and accord, preserving the historically established State unity, proceeding from universally acknowledged principles of equality and self-determination of peoples, revering the memory of ancestors who have passed on to us their love for the Fatherland and faith in good and justice, reviving the sovereign statehood of Russia and asserting the firmness of its democratic basis, striving to ensure the well-being and prosperity of Russia, proceeding from the responsibility for our Fatherland before present and future generations, recognizing ourselves to be a part of the world community, do hereby adopt THE CONSTITUTION OF THE RUSSIAN FEDERATION.

Bharat, shall be a Union of States" ဟူသော စကားရပ် ဖြင့်လည်းကောင်း၊[20] ဘရာဇီးနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "The Federative Republic of Brazil" ဟူသော စကားရပ် ဖြင့်လည်းကောင်း၊[21] ဂျာမဏီ နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် "The Federal Republic of Germany" ဟူသောစကားရပ်ဖြင့် လည်းကောင်း၊[22] အာဂျင်တီးနား နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် "The Argentina National adopts the federal, republican, representatives form for its government, as established by the present Constitution" ဟူသောစကားရပ်ဖြင့် လည်းကောင်း၊[23] ရုရှား နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် "The Russian Federation – Russia is a democratic federative law-governd state with a republican form of government. The names Russian Federation and Russia are equivalent"[24] ဟူသော စကားရပ်များကို ရှင်းလင်းစွာ ကျင့်သုံးကြသည်ကို တွေ့ရှိရသည်။

## ■ မြန်မာနိုင်ငံ၏ဖွဲ့စည်းမှုအခြေခံ "မူ" များအားသုံးသပ်ခြင်း

၁၄။ နောက်ခံသမိုင်းများတွင် ဖော်ပြထားသကဲ့သို့ မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် မြန်မာနိုင်ငံ ဖွဲ့စည်းမှုတွင် အရေးအကြီးဆုံးဖြစ်သည့် "ပင်လုံစိတ်ဓါတ်၊ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ်စနစ်" စသည့်စကားရပ်များသည် "မူ" အားဖြင့်ဖြစ်စေ၊ ဥပဒေများ ဖြင့်ဖြစ်စေ မပါရှိခဲ့သည်ကို တွေ့ရှိရသည်။

၁၅။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ နိဒါန်းပါ ပြဋ္ဌာန်းချက်အရ "ပင်လုံစိတ်ဓါတ်" ဆိုသည်မှာ တရားမျှတမှု၊ လွတ်လပ်မှုနှင့် တန်းတူညီမျှမှုတို့ကို အခြေခံသည့် ပြည်ထောင်စု ဖွဲ့စည်းရေးဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ ပင်လုံစာချုပ်တွင် ပြည်ထောင်စုမှခွဲထွက်ခွင့် ဆိုသည့်အချက် မပါရှိပါ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်၊ ချင်း၊ ရှမ်း ခေါင်းဆောင်များ ပင်လုံတွင် မူအားဖြင့် သဘောတူထားသည့် အချက်ကို ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း (၁၀) တွင် ထည့်သွင်း ရေးဆွဲအတည်ပြုခဲ့ရာမှ ခွဲထွက်ခွင့်ဆိုသည့်အချက် ဖြစ်ပေါ်လာခဲ့ပါသည်။

၁၆။ အမျိုးသားတန်းတူရေး နှင့် ပတ်သက်၍ "Citizens of the Frontier Areas shall enjoy rights and privileges which are regarded as fundamental in democratic countries" ဟု ပင်လုံ သဘောတူညီချက် အပိုဒ် (၇) တွင် သဘောတူခဲ့ကြပါသည်။ ဒီမိုကရေစီစနစ်ကို အခြေခံသည့် နိုင်ငံများရှိ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများ ဖြစ်ကြသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစသည့် အခွင့်အရေးများနှင့် ရပိုင်ခွင့်များအားလုံးကို တသီးပုဂ္ဂလအနေဖြင့် ဖြစ်စေ၊ အစုအဖွဲ့ အနေဖြင့်ဖြစ်စေ ရရှိခံစားနိုင်ရန် သဘောတူထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသား

20 Article 1 of the Constitution of the Republic of India, 1947 (rev. 2015).

21 Article 1 of the Constitution of Brazil, 1988 (rev. 2015).

22 Article 20 (1) of the Constitution of Germany, 1949 (rev. 2014).

23 Part I, Article 1 of the Constitution of Argentina, 1853 (reinst. 1983, rev. 1994).

24 Article 1 (1) & (2) of the Constitution of The Russian Federation, 1993 (rev. 2014).

လူမျိုးစုများအနေဖြင့် ဖြစ်စေ၊ မြန်မာနိုင်ငံသား တစ်ဦးအနေဖြင့် ဖြစ်စေ အခွင့်အရေးများအားလုံးတွင် တန်းတူညီမျှ ခံစားရမည် ဖြစ်ပါသည်။

၁၇။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပတ်သက်ပြီး ပင်လုံစာချုပ် အပိုဒ် (၅) တွင် တောင်တန်းဒေသ အတွင်းရေး စီမံခန့်ခွဲမှု အပြည့်အဝရရှိနိုင်ရေး "Full autonomy in internal administration for the Frontier Areas is accepted in principle" ကို မူအားဖြင့် သဘောတူကြပြီး လက်မှတ် ရေးထိုးခဲ့ကြပါသည်။ အတွင်းရေးစီမံခန့်ခွဲမှု အပြည့်အဝ ရရှိရေးဆိုသည့် စကားရပ်သည် လွတ်လပ် ရေးကို ဆိုလိုခြင်းမဟုတ်ပါ။ ဖက်ဒရယ်စနစ် အနှစ်သာရ ဖြစ်သည့် မိမိကိုယ်မိမိ စီမံခန့်ခွဲ အုပ်ချုပ် ပိုင်ခွင့် (Self-rule) နှင့် ပူးပေါင်းစီမံခန့်ခွဲ အုပ်ချုပ်ပိုင်ခွင့် (Shared-rule) ကို ဆိုလိုခြင်း ဖြစ်ပါသည်။

၁၈။ ဖက်ဒရယ်စနစ် ကျင့်သုံးရေး နှင့် ပတ်သက်ပြီး (Frontier Areas) နှင့် (Ministerial Burma) တို့ကို ပူးပေါင်းသင့်သည် ဆိုသည့်အချက်ကို အောင်ဆန်း-အက်တလီ စာချုပ်အပိုဒ် (၈) တွင် ဆက်လက်လုပ်ဆောင်ရန် သဘောတူညီခဲ့သည်။ ပင်လုံစာချုပ် အပိုဒ် (၅) အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကို ကျင့်သုံးခွင့်ရရှိရန် မူအားဖြင့် သဘောတူထားသည်။ တောင်တန်းဒေသစုံစမ်းရေး ကော်မရှင် တွေ့ရှိချက်များအရ ဖက်ဒရယ်စနစ်ကိုအခြေခံပြီး ပြည်ထောင်စုကို တည်ဆောက်ကြရန် ဆန္ဒ ထုတ်ဖော်ခဲ့ကြသည်။

၁၉။ သို့သော်လည်း ဗြိတိသျှတို့ထံမှ လွတ်လပ်ရေး ရယူပြီးသည့်နောက်ပိုင်း ကျင့်သုံးခဲ့သည့် ၁၉၄၇၊ ၁၉၇၄ နှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေများအရ မြန်မာနိုင်ငံဖွဲ့စည်းမှု ပုံပန်းသဏ္ဌာန်များ (Structures) သည် ယခင်က သဘောတူထားသည့် အခြေခံ "မူ" များကို တိတိကျကျ အခြေမခံ ထားသည်ကို တွေ့ရှိရသည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဝိသေသတိုင်း (၁) ခု၊ ပြည်နယ် (၃) ခု နှင့် ကျန်သည့် နယ်မြေများကို စုစည်းကာ ပြည်ထောင်စုကို တည်ဆောက်ခဲ့ကြသည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအရ ပြည်နယ် (၇) ခု နှင့် တိုင်း (၇) ခု ဖြင့် ပြည်ထောင်စုကို ပြန်လည် ဖွဲ့စည်းခဲ့သော်လည်း တိုင်းရင်းသားလူနည်းစုများ အများစုနေထိုင်သည့် ဒေသများကို ပြည်နယ်များ အဖြစ်သတ်မှတ်ခြင်း၊ ဗမာတိုင်းရင်းသားများ အများစုနေထိုင်ရာ ဒေသများကို တိုင်း (၇) တိုင်း ဖြင့် ဖွဲ့စည်းခြင်းတို့ကြောင့် ပြည်နယ်များနှင့် တိုင်းများအကြားတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရား စီရင်ရေးတို့တွင် တန်းတူအခွင့်အရေး မရရှိစေခဲ့ပါ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် "တိုင်း" များကို "တိုင်းဒေသကြီး" ဟူသော စကားရပ်ဖြင့် ပြောင်းလဲသုံးစွဲပြီး ဆိုရှယ်လစ်ခေတ် ဖွဲ့စည်းပုံ ပုံပန်းသဏ္ဌာန်များကို ဆက်လက်ကျင့်သုံးနေသည်။ ထို့ကြောင့် ၁၉၄၇၊ ၁၉၇၄ နှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတို့အရ လောကပါလတရား သုံးပါးဖြစ်သည့် လွတ်လပ်မှု၊ တရားမျှတ မှုနှင့် တန်းတူညီမျှမှုတို့ကို အကောင်အထည်မဖော်နိုင်ခဲ့သဖြင့် စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပေါ်နေခြင်း ဖြစ်သည်ဟု သုံးသပ်ပါသည်။

## ■ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံ "မူ" များနှင့် သက်ဆိုင်သည့် စဉ်းစားရွေးချယ်စရာများ

၂၀။ အထက်တွင်ပါရှိသည့် အခြေခံ "မူ" များဆိုင်ရာ သမိုင်းကြောင်း အချက်အလက်များ၊ နိုင်ငံခြား တိုင်းပြည်များတွင် ကျင့်သုံးနေသည့် နည်းနာများ၊ မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် အခြေခံ "မူ" များကို အခြေခံပြီး ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး နိုင်ငံရေး ဆွေးနွေးပွဲများတွင် ပါဝင်သင့်ပါဝင်ထိုက်သူများအနေဖြင့် စဉ်းစားရွေးချယ်စရာများမှာ -

(က) မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်းတွင် ရေရှည်တည်တံ့သည့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် မြန်မာနိုင်ငံကို တည်ဆောက်နိုင်ရန် "ပင်လုံစိတ်ဓါတ်၊ အမျိုးသား တန်းတူ ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ်ပြည်ထောင်စု" ဆိုသည့် "မူ" များကို ထည့်သွင်းပြဋ္ဌာန်းခြင်း။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ စတင်တည်ထောင်ခဲ့ကြသည့်ပုဂ္ဂိုလ်များ "The Founding Fathers of the Union of Myanmar" သဘောတူခဲ့ကြသည့် "လောကပါလတရားသုံးပါး" ကို အခြေခံ သော "နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု တန်းတူခြင်း၊ လွတ်လပ်စွာတွေးခေါ် ကြံဆနိုင်ခြင်း၊ ဖွင့်ဟရေးသားဖေါ်ပြနိုင်ခြင်း၊ လွတ်လပ်စွာ ပရိယေသနရှာမှီးနိုင်ခြင်း၊ ကိုးကွယ် ယုံကြည်ဝတ်ပြုနိုင်ခြင်း၊ တရားဥပဒေအရာတွင် သို့မဟုတ် ဥပဒေရှေ့မှောက်တွင် နိုင်ငံသား အားလုံးတန်းတူညီမျှခွင့်" ဆိုသည့် "မူ" များကို ထည့်သွင်းပြဋ္ဌာန်းခြင်း။

(ဂ) "လောကပါလတရားသုံးပါး" ကို အခြေခံလျက် "တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထား သည့် ဖက်ဒရယ်ပြည်ထောင်စုကို "တိုင်းရင်းသားအားလုံး ချစ်ကြည် လေးစားမှုကို အခြေခံ သည့် စည်းလုံးညီညွတ်မှု" အား တည်ဆောက်ထိန်းသိမ်းရင်း "အချုပ်အခြာအာဏာကို တည်တံ့ခိုင်မြဲစေခြင်း" ဆိုသည့် "မူ" များကို ထည့်သွင်း ပြဋ္ဌာန်းခြင်း။

(ဃ) မြန်မာနိုင်ငံအား ဖွဲ့စည်းရာတွင် အဆင့်အတန်းတူညီသည့် ပြည်နယ်များနှင့် တိုင်းဒေသကြီးများ (၁၄) ခုဖြင့် ဖွဲ့စည်းထားပါသည်။ ပြည်နယ် ၇ ခု၏ အမည်များကို တိုင်းရင်းသား လူမျိုးများ၏ ဘုံအမည်များအား အခြေခံထားပြီး တိုင်းဒေသကြီးများ၏ အမည်များအား ပထဝီနှင့် မြို့အမည် များကို အခြေခံထားပါသည်။ ထို့ကြောင့် အနာဂတ်တွင် တိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ခုဖြင့် ပြည်ထောင်စုကို ဆက်လက်ဖွဲ့စည်းမည့်အစား၊ ပြည်နယ် (၁၄) ခုဖြင့် တန်းတူ ဖွဲ့စည်းရန် "မူ" အားဖြင့် ထည့်သွင်းပြဋ္ဌာန်းခြင်း။

(င) ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် တိကျစွာ အနက်ဖွင့်ဆိုထားခြင်းမရှိသည့်အပြင် အင်္ဂလိပ် ဘာသာစကားဖြင့် အနက်ဖွင့်ဆိုရာတွင် တသမတ်တည်း မဖြစ်သည့် အောက်ပါ စကားရပ် များကို မြန်မာဘာသာစကားမှ မြန်မာဘာသာဖြင့် တိကျစွာအနက် ဖွင့်ဆိုခြင်း၊ မြန်မာဘာသာ စကားမှ အင်္ဂလိပ်ဘာသာ စကားဖြင့်သော်လည်းကောင်း၊ အင်္ဂလိပ်ဘာသာ စကားမှ မြန်မာ

ဘာသာ စကားသို့လည်းကောင်း တိကျစွာ ညှိနှိုင်းပြီးအနက်ဖွင့်ဆိုခြင်းများကို အခြေခံ "မူ" အနေဖြင့် ပြဋ္ဌာန်းခြင်း။

(၁) နိုင်ငံ

(၂) နိုင်ငံတော်

(၃) ပြည်ထောင်စု

(၄) တိုင်းရင်းသားများ

(၅) တိုင်းရင်းသား မျိုးနွယ်စုများ

(၆) တိုင်းရင်းသား လူမျိုးများ

(၇) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

(၈) ကိုယ်ပိုင် အုပ်ချုပ်ခွင့်

(၉) ဖက်ဒရယ်စနစ်

(၁၀) အစိုးရ

(၁၁) Nation

(၁၂) Union

(၁၃) Government

(၁၄) Self-determination

(၁၅) Self-governance

(၁၆) Autonomy

(၁၇) Ethnic

(၁၈) Race

(၁၉) National

(၂၀) Nationalities

(၂၁) State (i.e., Kachin State, i.e., The directive principles of the State are ..etc.,)

# အခန်း ၂

# အချုပ်အခြာအာဏာ

## ■ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းကော်မတီ၏ စုစည်းချက်

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေး စုစည်းချက်များတွင် *"နိုင်ငံတော်၏ အချုပ်အခြာအာဏာ ဟူသမျှတို့သည် ပြည်သူလူထု[25] ထံမှဆင်းသက်ရန်၊ သို့မဟုတ် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး[26] ထံမှ ဆင်းသက်ရန်၊ သို့မဟုတ် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များနှင့် ၎င်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး[27] ထံမှဆင်းသက်ရန်၊ သို့မဟုတ် နိုင်ငံသားများ[28] ထံမှ ဆင်းသက်သည် သို့မဟုတ် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး တည်ရန်၊ သို့မဟုတ် ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များ အားလုံးမှ အပ်နှင်းထားသော အာဏာများဖြစ်ပြီး ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များတွင် ကိုယ်ပိုင်အချုပ်အခြာ အာဏာတည်ရှိရန်"* ဟု ပါရှိပါသည်။

## ■ အချုပ်အခြာအာဏာ နောက်ခံအကြောင်းများ

၂။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၃) ခုတွင် အချုပ်အခြာအာဏာ "ဆင်းသက်ရာ" သို့မဟုတ် "တည်ရာ" နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ပုဒ်မ (၃) တွင် *"ပြည်ထောင်စု မြန်မာနိုင်ငံ၏ အချုပ်အခြာ အာဏာသည် "နိုင်ငံသား" တို့၌ တည်သည်"* ဟုပြဋ္ဌာန်းခဲ့သည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၁၂) တွင် *"နိုင်ငံတော်၏ ဥပဒေပြုမှုအာဏာ၊ စီမံခန့်ခွဲမှုအာဏာ၊ တရားစီရင်မှုအာဏာ ဟူသော အချုပ်အခြာအာဏာသည် တောင်သူလယ်သမားများနှင့် အလုပ်သမားများကို အခြေခံသော တိုင်းရင်းသား လူမျိုးပေါင်းစုံ (All National Races) ပါဝင်သည့် နိုင်ငံသားများ၌ တည်သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားတို့က ရွေးချယ်တင်မြှောက်သည့် ပြည်သူ့ လွှတ်တော်သည် အချုပ်အခြာအာဏာကို နိုင်ငံသားများထံမှခံယူ၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ သုံးစွဲခြင်း၊ ခွဲဝေအပ်နှင်းခြင်းပြုသည်"* ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။ လက်ရှိကျင့်သုံးနေသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၄) တွင် *"နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် နိုင်ငံသားများ ထံမှ ဆင်းသက်ပြီး နိုင်ငံတော် တစ်ဝန်းလုံး၌ တည်သည်"* ဟု အသီးသီး ပြဋ္ဌာန်းထားသည်။

---

25 အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ (ဟိုပုံးမြို့၊ ရှမ်းပြည်နယ်)။

26 EAO's ထိပ်သီးခေါင်းဆောင်များအစည်းအဝေး (8-9 April, 2017) အတည်ပြုချက်။

27 အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲဘုံသဘောထားရပ်တည်ချက် (ထန်တလန်မြို့၊ ချင်းပြည်နယ်)။

28 အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲဘုံသဘောထားရပ်တည်ချက် (ဖားအံမြို့၊ ကရင်ပြည်နယ်)။

၃။ "နိုင်ငံသား" ဆိုသည့် စကားရပ်နှင့် ပတ်သက်ပြီး ၁၉၄၇ ခုနစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ (၁၀) တွင် *"ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် နိုင်ငံသား ဟူ၍ တစ်မျိုးတည်းသာ ရှိရမည်။ ဆိုလိုရင်းမှာ ပြည်ထောင်စု အဖွဲ့ဝင်များ၏ နိုင်ငံသား ဟူ၍ အသီးအခြားမရှိရ၊ ပြည်ထောင်စု မြန်မာနိုင်ငံသား ဟူ၍သာရှိရမည်"* ဟု ပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၇၄ ခုနစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၄၅ ပုဒ်မခွဲ (က) တွင် *"ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူအားလုံးသည် နိုင်ငံသားများဖြစ်သည်၊ ပုဒ်မခွဲ (ခ) တွင် ဤဖွဲ့စည်းပုံအခြေခံ ဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများသည်လည်း နိုင်ငံသားများ ဖြစ်သည်"* ဟုလည်းကောင်း၊ ပုဒ်မ ၁၄၆ တွင် *"နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသား အဖြစ်မှ ရုပ်စဲခြင်း တို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်"*[29] ဟုပြဋ္ဌာန်းထားသည်။ ၂၀၀၈ ခုနစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပုဒ်မ ၃၄၅ ပုဒ်မခွဲ (က) တွင် *"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ"* ပုဒ်မခွဲ (ခ) တွင် *"ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ"* သည် နိုင်ငံသား ဖြစ်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့အပြင် ပုဒ်မ ၃၄၆ တွင် *"နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်"* ဟု ပြဋ္ဌာန်းထား သည်ကို တွေ့ရှိရသည်။[30]

၄။ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (Union Peace Dialogue Joint Committee - UPDJC) ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေး စုစည်းတင်ပြချက်များ တွင် ပါရှိသည့် "တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး သို့မဟုတ် ပြည်သူလူထု" ထံမှ ဆင်းသက် ရမည် သို့မဟုတ် "ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များနှင့် အဆိုပါ ပြည်နယ်သားများထံမှ ဆင်းသက် သည်"ဆိုသည့်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများမှရရှိသည့်ဘုံသဘောတူညီချက်များသည် ယခင်က ကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ လက်ရှိကျင့်သုံးနေသည့် ၂၀၀၈ ခုနစ် ဖွဲ့ စည်းပုံအခြေခံဥပဒေနှင့် ၁၉၈၂ မြန်မာနိုင်ငံသား ဥပဒေတို့တွင် ပြဋ္ဌာန်းထားခြင်းမရှိသည့် အချက် များဖြစ်ပါသည်။

## ■ အချုပ်အခြာအာဏာ ဆိုင်ရာနိုင်ငံတကာ စံနှုန်းနှင့်နမူနာများ

၅။ ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျင့်သုံး ကြသော နိုင်ငံအချို့တွင် အချုပ်အခြာအာဏာနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ပြဋ္ဌာန်းကြသည်ကို တွေ့ရှိရသည်။ ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်းတွင် "အချုပ်အခြာအာဏာသည် ပြည်သူ များထံတွင် တည်ပြီး ဤဖွဲ့စည်းပုံအခြေခံဥပဒေအားဖြင့် ခိုင်မြဲစွာ တည်ဆောက်သည်" ဟု လည်း

29 The Citizenship (Adoption) Law of Burma, 1948 ကို ရည်ညွှန်းသည်။ အဆိုပါဥပဒေကို ၁၉၈၂ မြန်မာနိုင်ငံ သား ဥပဒေဖြင့် ၁၉၈၂ ခုနစ်တွင်အစားထိုးသည်။

30 ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေကိုရည်ညွှန်းသည်။

ကောင်း၊[31] ပြင်သစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် "နိုင်ငံ၏ အချုပ်အခြာအာဏာသည် ပြည်သူများထံတွင် တည်ရှိပြီး၊ ကိုယ်စားလှယ်များမှတဆင့် ဆန္ဒခံယူစေခြင်းဖြင့် ကျင့်သုံးသည်"[32] ဟုလည်းကောင်း၊ အီတလီ နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေတွင် "အချုပ်အခြာအာဏာသည် ပြည်သူများက ပိုင်ဆိုင်ပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းကန့်သတ်ချက်များနှင့်အညီ ကျင့်သုံးသည်"[33] ဖိလစ်ပိုင်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "အချုပ်အခြာအာဏာသည် ပြည်သူများထံတွင် တည်ရှိပြီး အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာသည် ပြည်သူများ ထံမှဆင်းသက်သည်"[34] ဟုလည်းကောင်း၊ ရုရှားနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် "လူမျိုးပေါင်းစုံ ပြည်သူတို့သည် အချုပ်အခြာအာဏာကို လက်ဝယ်ရှိသူများ ဖြစ်ကြပြီး ရုရှားဖက်ဒရေးရှင်း၏ အာဏာများ၏ မြစ်ဖျားခံရာ ဖြစ်ကြသည်"[35] ဟုလည်းကောင်း၊ စပိန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "အချုပ်အခြာအာဏာသည် စပိန်ပြည်သူ (Spanish) များကပိုင်ဆိုင်ကြပြီး နိုင်ငံ၏အာဏာ ဆင်းသက်လာရာ ဖြစ်သည်"[36] ဟု အသီးသီး ပြဋ္ဌာန်းထားကြသည်ကို တွေ့ရှိရသည်။ နီပေါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း "အချုပ်အခြာအာဏာသည် ပြည်သူများထံတွင် တည်သည်" ဟု ပြဋ္ဌာန်းပါသည်။[37] အချုပ်အားဖြင့် ဆိုရလျှင် နိုင်ငံတကာ ဖွဲ့စည်းပုံအများစုတွင် အချုပ်အခြာ အာဏာသည် "ပြည်သူများထံမှ ဆင်းသက်သည်" သို့မဟုတ် "ပြည်သူများထံတွင် တည်သည်" ဟု ပြဋ္ဌာန်းသည်ကို တွေ့ရှိရသည်။

## ■ မြန်မာနိုင်ငံနှင့် အချုပ်အခြာအာဏာ "ဆင်းသက်ရာ" သို့မဟုတ် "တည်ရာ"

၆။ အချုပ်အခြာအာဏာနှင့်စပ်လျဉ်း၍ ၁၉၄၇ နှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် အချုပ်အခြာအာဏာသည် "နိုင်ငံသား" များထံမှ ဆင်းသက်သည်ဟုလည်းကောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "တိုင်းရင်းသားလူမျိုးပေါင်းစုံ" ထံမှ ဆင်းသည့်သည်ဟု ပြဋ္ဌာန်းသည်ကို တွေ့ရှိရသည်။ အခြားနိုင်ငံများစွာတွင် ပြဋ္ဌာန်းသကဲ့သို့ "ပြည်သူ" သို့မဟုတ် "ပြည်သူလူထု" ထံမှ

31 The Preamble of the Constitution of Japan, 1946. … do proclaim that sovereign power resides with the people and do firmly establish this Constitution.

32 Title I, Article 3 of the Constitution of French, 1958 (rev. 2008). National sovereignty shall vest in the people, who shall exercise it through their representatives and by means of referendum.

33 Fundamental Principles Article 1 of the Constitution of Italy, 1947 (rev. 2012). Sovereignty belongs to the people and is exercised by the people in the forms and within the limits of the Constitution.

34 Article II, Section 1 of the Constitution of the Philippines, 1987. Sovereignty resides in the people and all government authority emanated from them.

35 Section I, Chapter 1, Article 3 (1) and 4 (1) of the Constitution of Russian Federation, 1993 (rev. 2014). The bearer of sovereignty and the sole source of power in the Russian Federation shall be its multinational people. The sovereignty of the Russian Federation shall extend to the entirety of its territory.

36 Preliminary Title Section 1 (2) of the Constitution of Spain, 1978 (rev. 2011). National sovereignty belongs to the Spanish people, from whom all state powers emanate.

37 Part 31, Article 274 (1) of the Constitution of Nepal, 2015. This Constitution shall not be amended in way that contravenes with self-rule of Nepal, sovereignty, territorial integrity and sovereignty vested in people.

ဆင်းသက်သည် သို့မဟုတ် "ပြည်သူ" သို့မဟုတ် "ပြည်သူလူထု" ထံတွင် တည်သည်ဟု ပြဋ္ဌာန်းခြင်း မရှိသည်ကို တွေ့ရှိသည်။

၇။ မြန်မာနိုင်ငံတွင် "ပြည်သူ" သို့မဟုတ် "ပြည်သူလူထု" ဆိုသည့် စကားရပ်အစား "တိုင်းရင်းသား" သို့မဟုတ် "နိုင်ငံသား" ဆိုသည့် စကားရပ်များ သုံးစွဲရခြင်းကို အောက်ပါအတိုင်း တွေ့ရှိ ရပါသည်။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေ ပုဒ်မ ၁၁ တွင် "ပြဋ္ဌာန်းသည့် မြန်မာနိုင်ငံတိုင်းရင်းသားတစ်မျိုးမျိုး (Any of the indigenous races of Burma) ဆိုသည်မှာ နိုင်ငံတော်တွင် ပါဝင်သော နယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၃ ခုနှစ် မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများဖြစ်သည်" ဟုပြဋ္ဌာန်းသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံတွင် အချုပ်အခြာအာဏာသည် "တိုင်းရင်းသား တစ်မျိုးမျိုးဖြစ်သောနိုင်ငံသားများ" ထံမှ ဆင်းသက်သည်ဟု ပြဋ္ဌာန်းခြင်းဖြစ်ပါသည်။[38]

၈။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "တိုင်းရင်းသားတစ်မျိုးမျိုးဖြစ်သော နိုင်ငံသားများ" ဆိုသည့်စကားရပ်ကို "တိုင်းရင်းသားလူမျိုးပေါင်းစုံ" ဟူသောစကားရပ်ဖြင့် အစားထိုးသော်လည်း အနှစ်သာရကွဲပြားခြင်းမရှိပါ။ ၁၉၄၈ ခုနှစ် ပြည်ထောင်စု နိုင်ငံသား ဥပဒေတွင် တိုင်းရင်းသား လူမျိုး (၈) မျိုးနာမည်ကို အတိအကျရေးထားသည့် အပြင် "စသည့်" စကားရပ်ကို ပိုမိုထိရောက်စေရန် "တိုင်းရင်းသားလူမျိုးပေါင်းစုံ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးခြင်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် အချုပ်အခြာအာဏာသည် "ပြည်သူ" သို့မဟုတ် "ပြည်သူလူထု" ဆိုသည့် စကားရပ်အစား "တိုင်းရင်းသားလူမျိုးပေါင်းစုံ" ထံမှ ဆင်းသက်သည်ဟု ပြဋ္ဌာန်းခြင်း ဖြစ်ပါသည်။

၉။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် "တိုင်းရင်းသား မိဘနှစ်ပါး" ဆိုသည့် စကားရပ်ကို အင်္ဂလိပ်ဘာသာဖြင့် (Parents both of whom are nationals) ဟူသောစကားရပ်ဖြင့် လည်းကောင်း၊[39] "တိုင်းရင်းသားလူမျိုးပေါင်းစုံ" ဆိုသည့် စကားရပ်ကို အင်္ဂလိပ်ဘာသာဖြင့် (Multi-National races) ဟူသော စကားရပ်ဖြင့်လည်းကောင်း၊[40] "ပြည်သူ" ဆိုသည့် စကားရပ်ကို (People)[41] ဟူသော စကားရပ်တို့ဖြင့် သုံးနှုန်းထားသည်ကို တွေ့ရှိရသည်။ သို့သော်လည်း ၁၉၈၂ မြန်မာနိုင်ငံသား ဥပဒေကို ဆက်လက်ကျင့်သုံးနေဆဲ ဖြစ်ပါသဖြင့် တိုင်းရင်းသားလူမျိုးပေါင်းစုံသည်

38 Article 3 (1) of the Union Citizenship Act, 1948. 3. (1) For the purposes of section 11 of the Constitution (1947) the expression "any of the indigenous races of Burma" shall mean the Arakanese, Burmese, Chin, Kachin, Karen, Kayah, Mon or Shan race and such racial group as has settled in any of the territories included within the Union as their permanent home from a period anterior to 1823 A. D. (1185 B.E.).

39 Article 345 (a) of the Constitution of Myanmar 2008.

40 Article 3 of the Constitution of Myanmar 2008.

41 Article 340 of the Constitution of Myanmar 2008.

နိုင်ငံသားများ ဖြစ်ကြသဖြင့် အချုပ်အခြာအာဏာသည် "နိုင်ငံသားများ" ထံမှဆင်းသက်သည်ဟု ပြဋ္ဌာန်းခြင်း ဖြစ်နိုင်ပါသည်။

၁၀။ အချုပ်ဆိုရလျှင် မြန်မာနိုင်ငံတွင် "မြန်မာနိုင်ငံတိုင်းရင်းသားတစ်မျိုးမျိုး" သို့မဟုတ် "တိုင်းရင်းသားလူမျိုးပေါင်းစုံ" သည် အင်္ဂလိပ်ဘာသာစကားဖြင့် အနက်ပြန်ဆိုရာတွင် ကွဲပြား သော်လည်း မြန်မာဘာသာစကားတွင် အတူတူပင်ဖြစ်ပါသည်။ ဥပဒေအရ အသိအမှတ်ပြုထားသည့် တိုင်းရင်းသားတိုင်းသည် တိုင်းရင်းသားပြည်သူ ဖြစ်သကဲ့သို့ နိုင်ငံသားများလည်း ဖြစ်ကြပါသည်။

## ■ အချုပ်အခြာအာဏာဆိုင်ရာ စဉ်းစားရွေးချယ်စရာများ

၁၁။ မြန်မာနိုင်ငံတွင် "နိုင်ငံသားများ" ဆိုသည်မှာ ဥပဒေအရ "တိုင်းရင်းသားလူမျိုးတစ်မျိုးမျိုး ဖြစ်သူ သို့မဟုတ် တိုင်းရင်းသားလူမျိုးပေါင်းစုံထဲမှ တစ်မျိုးမျိုးဖြစ်သူ" ကိုဆိုလိုပါသည်။ သို့သော် လည်း တိုင်းရင်းသားလူမျိုးတစ်မျိုးမျိုးဖြစ်ခြင်းသည် သဘာဝဥပဒေကို အခြေခံသတ်မှတ်ခြင်း ဖြစ်ပြီး နိုင်ငံသားတစ်ဦးဖြစ်ခြင်းသည် ဥပဒေအရ သတ်မှတ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်သင့် ပါဝင်ထိုက်သူများအနေဖြင့် အချုပ်အခြာအာဏာ ဆင်းသက်ရာနှင့် စပ်လျဉ်းသော စဉ်းစားရွေးချယ် စရာများမှာ -

(က) ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာသည် "တိုင်းရင်းသား ပြည်သူများ ထံမှ ဆင်းသက်သည်" သို့မဟုတ် "တိုင်းရင်းသားပြည်သူများထံတွင်တည်သည်" ဟု ပြဋ္ဌာန်းခြင်း။

(ခ) ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာသည် "ပြည်သူများထံမှ ဆင်း သက်သည်" သို့မဟုတ် "ပြည်သူများထံတွင်တည်သည်" ဟု ပြဋ္ဌာန်းခြင်း၊

(ဂ) ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာသည် "တိုင်းရင်းသား၊ ပြည်သူ၊ နိုင်ငံသားများထံမှ ဆင်းသက်သည်" သို့မဟုတ် "တိုင်းရင်းသား၊ပြည်သူ၊ နိုင်ငံသားများထံတွင် တည်သည်" ဟု ပြဋ္ဌာန်းခြင်း၊

(ဃ) ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာသည် "နိုင်ငံသားများထံမှ ဆင်း သက်သည်" သို့မဟုတ် "နိုင်ငံသားများထံတွင် တည်သည်" ဟု ပြဋ္ဌာန်းခြင်း၊

အခန်း

၃

# အချုပ်အခြာအာဏာ ကျင့်သုံးမှု

## ■ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းကော်မတီ၏ စုစည်းချက်

၁။ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေး စုစည်းချက်များတွင် "*အချုပ်အခြာအာဏာ၏ ရေသောက်မြစ် (၃) သွယ်ဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို သီးခြားစီ ကျင့်သုံးခြင်း၊ (Separation of Power) ရှိစေရန်၊ ပြည်ထောင်စုအချုပ်အခြာအာဏာ၏ မူလပိုင်ရှင် ဖြစ်သော ပြည်သူလူထုအနေဖြင့် ပဏာမလုပ်ဆောင်ခွင့် (Initiative) နှင့် ပြည်သူ့ဆန္ဒခံယူခွင့် (Referendum) များကို မိမိတို့လက်ထဲတွင် ထားရှိကျင့်သုံးခွင့်ရှိစေရန်၊ နိုင်ငံတော်အချုပ်အခြာအာဏာ၏ မဏ္ဍိုင် (၃) ရပ် ဖြစ်သည့်ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေး အာဏာတို့ကို ခွဲဝေ ပိုင်းခြား ကျင့်သုံးခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုရန်၊ ဥပဒေပြုလွှတ်တော်၊ အုပ်ချုပ်ရေး၊ တရား စီရင်ရေး အဖွဲ့ (၃) စုတို့က ပိုင်းခြားကျင့်သုံးသော နိုင်ငံတော်၏ အချုပ်အခြာ အာဏာ ခက်မ (၃) ဖြာ ဖြစ်သည့် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို ပြည်ထောင်စုတွင် သာမက ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများ တွင်လည်း ကျင့်သုံးကြရန်*" တို့ ပါရှိပါသည်။

## ■ မြန်မာနိုင်ငံ အချုပ်အခြာအာဏာ ကျင့်သုံးမှု နောက်ခံများ

၂။ အချုပ်အခြာအာဏာ ခွဲဝေကျင့်သုံးခြင်း (Separation of Powers) နှင့် ပတ်သက်ပြီး ၁၉၄၇၊ ၁၉၇၄ နှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် တူညီသော ပြဋ္ဌာန်းချက်များ ရှိပါသည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် "*ဥပဒေပြုမှုအာဏာ၊ အုပ်ချုပ်မှုအာဏာနှင့် တရားစီရင်မှု အာဏာအားလုံးကို နိုင်ငံသားတို့ထံမှ ခံယူ၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင် ခန့်အပ်သော ပြည်ထောင်စု မြန်မာနိုင်ငံ၏ သို့တည်းမဟုတ် ပြည်ထောင်စုအဖွဲ့ဝင်များ၏ လုပ်ငန်း အဖွဲ့များနှင့် အရာရှိများကသော်လည်းကောင်း၊ ထိုအဖွဲ့များနှင့် အရာရှိများ၏ အခွင့်အာဏာအရ သော်လည်းကောင်း နိုင်ငံသားတို့ကိုယ်စား သုံးစွဲရမည်*" ဟု ပြဋ္ဌာန်းထားပါသည်။[42] ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် "*နိုင်ငံတော်၏ ဥပဒေပြုမှုအာဏာ၊ စီမံခန့်ခွဲမှုအာဏာ၊ တရားစီရင်မှု အာဏာဟူသော အချုပ်အခြာအာဏာသည် တောင်သူလယ်သမားများနှင့် အလုပ်သမားများကို အခြေခံသော တိုင်းရင်းသား လူမျိုးပေါင်းစုံ ပါဝင်သည့် နိုင်ငံသားများ၌ တည်သည်။ ဆန္ဒမဲ*

42 Article 3 and 4 of the Constitution of Burma, 1947.

*ပေးပိုင်ခွင့်ရှိသော နိုင်ငံသားတို့က ရွေးချယ်တင်မြှောက်သည့် ပြည်သူ့လွှတ်တော်သည် အချုပ်အခြာ အာဏာကို နိုင်ငံသားများထံမှ ခံယူ၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ သုံးစွဲခြင်း၊ ခွဲဝေအပ်နှင်းခြင်း ပြုသည်"*ဟု ပြဋ္ဌာန်းထားသည်။[43] ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် *"နိုင်ငံတော် အချုပ်အခြာ အာဏာ၏ ခက်မသုံးဖြာ ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်း တို့ပြုသည်၊ ထိုသို့ ပိုင်းခြားထားသည့် နိုင်ငံတော်အာဏာသုံးရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေအပ်နှင်းသည်"*ဟု ပြဋ္ဌာန်းထားပါသည်။[44] ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်များတွင် အချုပ်အခြာအာဏာကို ပိုင်းခြားသုံးစွဲခြင်း (Separation of Power) နှင့် အပြန်အလှန် ထိန်းကျောင်းခြင်း (Check and Balance) တို့ ပါဝင်ပြီးဖြစ်သည်။ ဤပြဋ္ဌာန်းချက်အရ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအပြင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ (၅) ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၁) တိုင်းတို့ကို ဖွဲ့စည်းပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများကို ဖွဲ့စည်းပုံနှင့်အညီ အပ်နှင်းခြင်း ဖြစ်ပါသည်။[45]

## ■ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ဆန္ဒခံယူခွင့်ဆိုင်ရာ နောက်ခံများ

၃။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်း ကော်မတီ အစည်းအဝေး စုစည်းချက်များတွင် "အချုပ်အခြာအာဏာပိုင် ပြည်သူလူထုအနေဖြင့် လူထုဆန္ဒ ဖော်ထုတ်ပိုင်ခွင့်နှင့် ပဏာမလုပ်ဆောင်ခွင့်အာဏာ (Initiative Power နှင့် ပြည်သူ့ဆန္ဒ ခံယူခွင့်အာဏာ (Referendum Power) များကို အစိုးရထံသို့လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းများ ထံသို့ လည်းကောင်း အလုံးစုံအပ်နှင်းခြင်းမရှိဘဲ မိမိတို့လက်ဝယ်တွင် ထားရှိကျင့်သုံးခွင့်ရှိရန်" ဆိုသည့် အချက် ပါရှိပါသည်။ အဆိုပါ တင်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင်-

(က) **Legislative Initiative (ပြည်သူများမှ ဥပဒေများ ပြဋ္ဌာန်းရန် တင်သွင်းခွင့်နှင့် ပြဋ္ဌာန်းပြီး ဥပဒေများကို ပယ်ဖျက်ခြင်း ပဏာမလုပ်ဆောင်ခွင့်)**။ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိပြီးသည့် နောက်ပိုင်း ကျင့်သုံးခဲ့သည့် ၁၉၄၇ နှင့် ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင်လည်းကောင်း၊ လက်ရှိကျင့်သုံးနေသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင်လည်းကောင်း ပြည်သူလူထု မှ ဥပဒေများ တင်သွင်းခွင့်နှင့် ပယ်ဖျက်ခွင့် ဆိုင်ရာ ပြဋ္ဌာန်းချက်များမရှိပါ။

(ခ) **Referendum (ပြည်သူများကဆန္ဒခံယူဆုံးဖြတ်ခွင့်)**။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ အခန်း (၁၀) တွင် ပြည်ထောင်စုမှ ခွဲထွက်ပိုင်ခွင့်ကို ပြဋ္ဌာန်းထားပြီး ခွဲထွက်လိုပါက ဆန္ဒခံယူပွဲကျင်းပခြင်းဖြင့် ဆုံးဖြတ်ရန် ပြဋ္ဌာန်းချက် ပါရှိပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ

43 Article 12 of the Constitution of Myanmar, 2008.

44 Article 11 (a) and (b) of the Constiuttion of Myanmar, 2008.

45 Article 56 (a to f) of the Constitution of Myanmar, 2008.

ဥပဒေ ပုဒ်မ ၅၃ ပုဒ်မခွဲ က၊ ခ နှင့် ဂ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်နယ်၏ နယ်နိမိတ် ပြင်ဆင်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ပုဒ်မ ၅၄ တွင် "သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသန္တရ အဆင့်ဆင့်တို့၏ နယ်နမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လာလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော် သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်" ဟု ပြဋ္ဌာန်းပါသည်။ သို့သော် နိုင်ငံတော် သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးခြင်း ဆိုသည့် စကားရပ်ကို အသေးစိတ် ပြဋ္ဌာန်းခြင်းမရှိပါ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၃၆ တွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပြင်ဆင်ရေး ကိစ္စအချို့ကို အတည်ပြုနိုင်ရန် ပြည်သူ့ဆန္ဒ ခံယူ ဆုံးဖြတ်ခြင်းနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များပါရှိပါသည်။

(ဂ) **Right to Recall (ရွေးကောက်ခံကိုယ်စားလှယ်များအားပြန်လည်ရုပ်သိမ်းခွင့်)**။ ၁၉၄၇၊ ၁၉၇၄ နှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတို့တွင် ပြည်သူများက ရွေးကောက်တင်မြှောက် ထားသည့် ပြည်သူ့ကိုယ်စားလှယ်များ၊ လွှတ်တော် ကိုယ်စားလှယ်များအား တာဝန်မှ ပြန်လည် ရုပ်သိမ်းခွင့် (Right to Recall) ကိုသာ ပြဋ္ဌာန်းထားပါသည်။[46]

(၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "လွှတ်တော်တစ်ရပ်ရပ်၏ အမတ်တစ်ဦးကို အမတ်အဖြစ်မှ ထွက်ခိုင်းရန် လိုအပ်သော စည်းကမ်းချက်များနှင့် နည်းနာများကို ပါလီမန်သည် တရားဥပဒေဖြင့် ပြဋ္ဌာန်းရမည်" ဟူသော ပြဋ္ဌာန်းချက်မှတပါး မဲဆန္ဒရှင် ပြည်သူများက တာဝန်မှပြန်လည်ရုပ်သိမ်းခွင့် ဆိုင်ရာပြဋ္ဌာန်းချက်မရှိပါ။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်သို့ ရွေးချယ် တင်မြှောက်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်များကို ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိသည်" ဟုပြဋ္ဌာန်းထားပါသည်။[47]

(၂) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် "သက်ဆိုင်ရာ မဲဆန္ဒရှင်များသည် လွှတ်တော် တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည် ရုပ်သိမ်း ခွင့်" ကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၃၈ (ခ) တွင် "ရွေးကောက် တင်မြှောက်ထားသော ပြည်သူ့ ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက ဤ ဖွဲ့စည်းပုံ အခြေခံဥပဒေ တွင် ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်မှပြန်လည် ရုပ်သိမ်းခွင့် ရှိသည်" ဟုလည်းကောင်း၊ ပုဒ်မ ၃၆၉ (ခ) တွင် သက်ဆိုင်ရာ မဲဆန္ဒရှင်များသည် လွှတ်တော် တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို ဥပဒေနှင့်အညီ တာဝန်မှ

46 Article 155 (c) of the Constitution of the Socialist Republic of the Union of Burma (1974) and Article 369 (b) of the Constitution of the Republic of the Union of Myanmar (2008).

47 Article 155 (c) of the Constitution of the Socialist Republic of the Union of Burma, 1974.

ပြန်လည် ရုပ်သိမ်းခွင့်ရှိသည်” ဟုလည်းကောင်း၊ ပုဒ်မ ၃၉၆ (က) တွင် “နိုင်ငံတော် ကျေးဇူး သစ္စာတော်ကို ဖောက်ဖျက်ခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ အကျင့်သိက္ခာ ပျက်ပြားခြင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်း ပျက်ယွင်းခြင်းနှင့် ဥပဒေအရ ပေးအပ်သော တာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း” တို့ဖြစ်ပါက ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေ၏ မူလမဲဆန္ဒရှင်များ အနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံတင်ပြပြီး” ပုဒ်မခွဲ (ဂ) အရ “ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးပြီး ဆောင်ရွက် ရမည်” ဟုပြဋ္ဌာန်းထားပါသည်။

## ■ ပြည်သူလူထု (သို့မဟုတ်) နိုင်ငံသားများမှ ပဏာမ လုပ်ဆောင်ခွင့်နှင့် ဆန္ဒခံယူခွင့် အာဏာများဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့်နမူနာများ

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်တို့ကို ကျင့်သုံးသည့် နိုင်ငံအချို့တွင် ပဏာမလုပ်ဆောင်ခွင့် (Initiative) နှင့် ဆန္ဒခံယူခွင့် (Referendum) တို့ကို ကျင့်သုံးရန် ဖွဲ့စည်းပုံ အခြေခံဥပဒေအချို့တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိ ရပါသည်။

၅။ ဂျာမဏီ နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေတွင် (Länder) များ၏ နယ်နိမိတ်များကို ဒေသန္တရ အနေအထား၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုနောက်ခံများ၊ စီးပွားဖူလုံမှုနှင့် ဒေသန္တရ စီမံကိန်းများကို အခြေခံပြီး ဖက်ဒရယ်ဥပဒေအရ ပြောင်းလဲ သတ်မှတ်ရာတွင် သက်ဆိုင်သည့် (Länder) အတွင်းရှိ နိုင်ငံသားများ၏ အများစု ဆန္ဒသဘောထား (သုံးပုံနှစ်ပုံ၏ ထောက်ခံချက်) ဖြင့်သာ လုပ်ဆောင်ရန်ဖြစ်သည်။[48] ထိုသို့လုပ်ဆောင်ရာတွင် (Länder) အသစ်ဖွဲ့စည်းခြင်းကြောင့် နယ်နိမိတ်များ ပြောင်းလဲခံရသည့် ဒေသများတွင် အခြေချနေထိုင်သည့် ပြည်သူများ၏ သဘောထားကို အခြေခံပြီး လုပ်ဆောင်ရသည်။

၆။ အီတလီ နိုင်ငံတွင် တည်ဆဲဥပဒေ တစ်ရပ်ရပ်၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်စေ၊ တစ်ခုလုံးကို ဖြစ်စေ ပယ်ဖျက်လိုပါက နိုင်ငံသား လူဦးရေ ငါးသိန်း သို့မဟုတ် ဒေသန္တရကောင်စီ (၅) ခုမှ တောင်းဆိုလာပါက ပြည်သူ့ဆန္ဒခံယူခြင်း (Referendum) ပြုလုပ်ပြီး ပယ်ဖျက်နိုင်သည်။[49] သို့ရာတွင် အခွန်ဆိုင်ရာဥပဒေ၊ ဘတ်ဂျက်ဆိုင်ရာဥပဒေများ၊ လွတ်ငြိမ်းချမ်းသာခွင့်နှင့် နိုင်ငံတကာ သဘောတူညီချက်ဆိုင်ရာ ဥပဒေများကို လက်ခံအသိအမှတ်ပြုခြင်း၊ ကန့်ကွက်ခြင်းတို့တွင် ပြည်သူ့ဆန္ဒ ခံယူပွဲကျင်းပ ဆုံးဖြတ်ခွင့် မရှိပါ။ ပြည်သူ့ဆန္ဒခံယူပွဲများဖြင့် ဥပဒေများ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများကို လုပ်ဆောင်ရာတွင် အီတလီနိုင်ငံ အောက်လွှတ်တော်တွင် မဲပေးခွင့်ရှိသည့် နိုင်ငံသားများ

48 Article 29 (2) of the Constitution of Germany, 1949 (rev. 2014).

49 Article 75 of the Constitutionof Italy, 1947 (rev. 2012)

သည်သာ ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့် ရှိပါသည်။ ၎င်းအပြင် ဥပဒေတစ်ခုကို လွှတ်တော် ကိုယ်စားလှယ် အားလုံး၏ သုံးပုံနှစ်ပုံဖြင့် အတည်ပြုထားပါက ပြည်သူ့ဆန္ဒခံယူပွဲဖြင့် ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်း မပြုနိုင်ပါ။

၇။ မက္ကဆီကို နိုင်ငံအတွက် အရေးကြီးသည့် ပြည်သူ့ဆန္ဒခံယူ ဆုံးဖြတ်ခြင်းများကို အောက်ပါ အတိုင်းပြုလုပ်ရပါသည်-

(က) မက္ကဆီကို သမ္မတမှ တောင်းဆိုခြင်း။

(ခ) ကွန်ဂရက် လွှတ်တော် နှစ်ရပ်ရှိ ၃၃% သော လွှတ်တော်ကိုယ်စားလှယ်များက တောင်းဆိုခြင်း။

(ဂ) ဥပဒေပြဋ္ဌာန်းချက်နှင့် အညီ မဲဆန္ဒနယ်မြေ တစ်ခုအတွင်းရှိ ဆန္ဒမဲပေးရန် မှတ်ပုံတင်ထားသူ ၂% မှ တောင်းဆိုလာခြင်း။

၈။ အထက် ဖော်ပြပါ (ဂ) တွင် ပြဋ္ဌာန်းထားခြင်းမှအပ ပြည်သူ့ဆန္ဒခံယူရန် တောင်းဆိုမှုကို ကွန်ကရက် (လွှတ်တော်) နှစ်ရပ်၏ လွှတ်တော်ကိုယ်စားလှယ် အများစုက အတည်ပြုရန်ဖြစ်ပါသည်။ မဲဆန္ဒပေးရန် မှတ်ပုံတင်ထားသူ အနည်းဆုံး ၄၀% က ဆန္ဒခံယူပြီး အတည်ပြုချက်များသည် ဖက်ဒရယ် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး ဥပဒေကဲ့သို့အာဏာတည်ရမည် ဖြစ်ပါသည်။ မက္ကဆီကိုနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၄) အရ ကန့်သတ်ပြဋ္ဌာန်းထားသော လူ့အခွင့်အရေးများ အပြင်၊ ပြည်နယ်များ၏ ဘဏ္ဍာဝင်ငွေနှင့် အသုံးစရိတ်များ၊ ရွေးကောက်ပွဲဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အမျိုးသားလုံခြုံရေး နှင့် လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့များ၏ တာဝန်များနှင့် စည်းကမ်းများကို ဆန္ဒခံယူဆုံးဖြတ်ခွင့်မရှိစေရ။ ဖက်ဒရယ်တရားရုံးချုပ်သည် ဖက်ဒရယ်ကွန်ဂရက် (လွှတ်တော်) မှ ဆန္ဒခံယူပွဲကျင်းပခြင်း လုပ်ငန်းများလုပ်ဆောင်ရန် ဆုံးဖြတ်ခြင်းကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီမညီ ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ ဖက်ဒရယ် ရွေးကောက်ပွဲ အင်စတီကျူသည် အပုဒ်ခွဲ (ဂ) တွင် ပါရှိသည့် မဲဆန္ဒစာရင်းများနှင့် ပတ်သက်ပြီး စာရင်းဇယား တိကျစေရန် လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ပြည်သူ့ ဆန္ဒခံယူပွဲကို အထွေထွေရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် တပြိုင်နက် လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ပြည်သူ့ဆန္ဒခံယူခြင်းနှင့် သက်ဆိုင်သည့် ဥပဒေများကို ကွန်ဂရက်က ဥပဒေပြု ပြဋ္ဌာန်းရမည်။[50]

၉။ ဖိလစ်ပိုင်နိုင်ငံ ကွန်ဂရက်သည် ပြည်သူများမှ ဥပဒေပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ဆန္ဒခံယူခြင်းနှင့် ကန့်သတ်ခြင်း ဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းရမည်။ ထိုသို့ ပြဋ္ဌာန်းရာတွင် ပြည်သူများ အနေဖြင့် တိုက်ရိုက် ဥပဒေပြုခြင်း သို့မဟုတ် ဥပဒေ တခုလုံး သို့မဟုတ် အစိတ်အပိုင်း တစ်ခုကို အတည်ပြုခြင်း သို့မဟုတ် ဥပဒေကို ပယ်ဖျက်ခြင်းကို ကွန်ဂရက် (လွှတ်တော်) မှ ပြဋ္ဌာန်းသည့် ဥပဒေနှင့် အညီဖြစ်စေ၊ ဒေသန္တရ ဥပဒေပြု အဖွဲ့သို့ သက်ဆိုင်ရာဒေသအတွင်း ဆန္ဒမဲပေးရန် မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်ဦးရေ၏ အနည်းဆုံး ၁၀% မှ လက်မှတ်ရေးထိုး တင်ပြသည်ဖြစ်စေ၊ မဲဆန္ဒနယ်မြေ အသီးသီးတွင် ဆန္ဒမဲ ပေးရန် မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်ဦးရေ၏ အနည်းဆုံး ၃% စီက

50 Article 35 of the Constitution of Mexico, 1917 (rev. 2015).

အသီးသီးတင်ပြပါက ဆန္ဒ ခံယူပွဲ ကျင်းပဆုံးဖြတ်ရမည်ဖြစ်ပါသည်။[51]

၁၀။ ရုရှားဖက်ဒရေးရှင်းတွင် ပြည်သူများ၏ အမြင့်မြတ်ဆုံးသောအာဏာ တိုက်ရိုက်ကျင့်သုံးခြင်းသည် ဆန္ဒခံယူပွဲကျင်းပခြင်းနှင့် လွတ်လပ်သည့် ရွေးကောက်ပွဲ ဖြစ်သည်ဟု ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။[52]

၁၁။ တောင်အာဖရိကနိုင်ငံတွင် ပြည်ထောင်စုအဆင့်နှင့် သက်ဆိုင်သည် ဆန္ဒခံယူပွဲများကို သမ္မတက တာဝန်ယူဦးဆောင်ရမည်ဖြစ်ပြီး၊ ဒေသန္တရနှင့်သက်ဆိုင်သည့် ဆန္ဒခံယူပွဲများကို ဒေသန္တရဝန်ကြီးချုပ်များက တာဝန်ယူဦးဆောင် ရမည်ဖြစ်သည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။[53] ထိုင်ဝမ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "ပြည်သူများသည် ရွေးကောက်ခွင့်၊ ပြန်လည်ရုပ်သိမ်းခွင့်၊ ပဏာမလုပ်ဆောင်ခြင်းနှင့် ဆန္ဒခံယူခြင်း လုပ်ဆောင်ခွင့် အခွင့်အရေးများ ရှိကြပြီး၊ အဆိုပါ အခွင့်အရေးများ လုပ်ဆောင်ခြင်းကို ဥပဒေပြဋ္ဌာန်းရမည်" ဟု ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပါရှိ ပါသည်။[54]

## ■ ပဏာမလုပ်ဆောင်ခွင့်၊ ဆန္ဒခံယူခွင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှ ရုပ်စဲခြင်းဆိုင်ရာ သုံးသပ်ချက်များ

၁၂။ ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ် စနစ်တို့ကို ကျင့်သုံးနေသည့် နိုင်ငံအချို့တို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေများ ပြဋ္ဌာန်းကာ ကျင့်သုံးကြသည်ကို တွေ့ရှိရသည်။ သို့ရာတွင် "ပဏာမလုပ်ဆောင်ခွင့်(Initiative)၊ ဆန္ဒခံယူခြင်း (Referendum) နှင့် ပြန်လည်ရုပ်သိမ်းခြင်း (Recall)" တို့ကို စည်းလွတ်ဘောင်လွတ် ကျင့်သုံးသည့် နိုင်ငံမရှိပါ။ မြန်မာနိုင်ငံတွင် ပဏာမလုပ်ဆောင်ခွင့်နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ မရှိခဲ့ပါ။ ဆန္ဒခံယူခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ ရှိခဲ့ပါသည်။ ၂၀၀၈ တွင် ပြဋ္ဌာန်းထားသော်လည်း ယနေ့အထိ ပြန်လည်ရုပ်သိမ်းခြင်းကို လက်တွေ့ကျင့်သုံးခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက် သဖြင့် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံသားများ အနေဖြင့် ပဏာမလုပ်ဆောင်ခွင့်၊ ဆန္ဒခံယူခြင်း နှင့် ပြန်လည်ရုပ်သိမ်းခြင်းတို့ကို ဥပဒေနှင့်အညီ ကျင့်သုံးခွင့် ရရှိရန် ဥပဒေပြုသင့်ပါသည်။

## ■ ပဏာမလုပ်ဆောင်ခွင့်၊ ဆန္ဒခံယူခွင့်နှင့် ပြန်လည်ရုတ်သိမ်းခွင့်ဆိုင်ရာ စဉ်းစားရွေးချယ်စရာများ

၁၃။ မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းခဲ့သည့် ဆန္ဒခံယူခွင့်အာဏာ၊ ပြန်လည်ရုပ်သိမ်းခွင့်နှင့် အဆို တင်သွင်း

---

51 Section 32 of the Constitution of the Philippines, 1987.

52 Section One, Chapter 1, Article 33 of the Constitution of Russian Federation, 1993 (rev. 2014).

53 Chapter 5, Article 84 (2) and Chapter 6, Part B, Article 127 (2) of the Constitution of South Africa, 1996 (rev. 2012).

54 Chapter II, Article 17 and Chapter XII, Article 136 of the Constitution of Taiwan, 1947 (rev. 2005).

ခွင့်တို့ကို အခြေခံလျှက် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက် နိုင်ရေး နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်သင့်ပါဝင်ထိုက်သူများအနေဖြင့် စဉ်းစားရွေးချယ်စရာများ မှာ -

(က) **ပဏာမ လုပ်ဆောင်ခွင့် (Initiative)။** ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်သူများမှ ဥပဒေ တစ်ခုလုံးအားဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းအားဖြစ်စေ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အဆို ပြုခွင့်ကို "မူ" အားဖြင့် လက်ခံသင့် မသင့်ကို စဉ်းစားရန်ဖြစ်ပါသည်။ လက်ခံပါက ပဏာမလုပ် ဆောင်ခွင့် "မူ" ကို လက်တွေ့လုပ်ဆောင်ရာတွင် ဒေသန္တရအဆင့်၊ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် စသည်ဖြင့် ပြင်ဆင်ရမည့် ဥပဒေများနှင့် စပ်လျဉ်း၍ အဆင့်အတန်းများ ခွဲခြားကာ ဥပဒေများ ပြဋ္ဌာန်းခြင်း။

(ခ) **ဆန္ဒခံယူခြင်း (Referendum)** ။ ပဏာမ လုပ်ဆောင်ခြင်းဖြစ်စေ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြည်သူ့ဆန္ဒခံယူခြင်းတို့ဖြင့်ဖြစ်စေ အတည်ပြုခြင်းများ လုပ်ဆောင်ရာတွင် ဒေသန္တရအဆင့်၊ ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် စသည်ဖြင့် အဆင့်အတန်းများ ခွဲခြားကာ ဥပဒေများ ပြဋ္ဌာန်းခြင်း။

(ဂ) **ပြန်လည်ရုပ်သိမ်းခြင်း (Right to Recall)။** ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်း ထားသည့် လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းတွင် အဆင့်ဆင့်သော လွှတ်တော်ကိုယ်စားလှယ်များအတွက် အကျုံးဝင်ရန် လိုအပ်ပါသည်။ ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်၊ ဒေသန္တရအဆင့် အသီးသီးရှိ လွှတ်တော် ကိုယ်စားလှယ်များအပါအဝင် မဲဆန္ဒရှင်များမှ မဲပေးရွေးချယ်တင်မြှောက်ခြင်းခံရသည့် ကိုယ်စားလှယ်အားလုံးနှင့် သက်ဆိုင် သည့် ဥပဒေများ ပြဋ္ဌာန်းပြီး လုပ်ဆောင်ရန် သင့်မသင့်ကို စဉ်းစားရန်ဖြစ်ပါသည်။ လက်ရှိ ဖွဲ့ စည်းပုံအခြေခံဥပဒေအရ "မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး ၁% တို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ တင်ပြခွင့်ခြင်း။"[55]

(ဃ) ပဏာမလုပ်ဆောင်ခွင့်၊ ဆန္ဒခံယူဆုံးဖြတ်ခွင့်နှင့် ပြန်လည်ရုပ်သိမ်းခွင့်များကို တိကျ မှန်ကန်စွာ လုပ်ဆောင်နိုင်ရန် နိုင်ငံသားများ ဆန္ဒမဲပေးပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ (Voter Registration Law) ကို ပြဋ္ဌာန်းပေးရန် လိုအပ်ခြင်း။

(င) ပဏာမလုပ်ဆောင်ခွင့်၊ ဆန္ဒခံယူဆုံးဖြတ်ခွင့် မရှိသည့် (ဥပမာ - အီတလီနိုင်ငံ နှင့် မက္ကဆီကို နိုင်ငံစသည့်နိုင်ငံများ) နှင့် ဆင်တူသည့် ဥပဒေများကို ပြဋ္ဌာန်းခြင်း။

55 ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ပုဒ်မ (၃၉၆) (ခ)

အခန်း
၄

# တိုင်းရင်းသားလူမျိုးများ တန်းတူရေး

## ■ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းကော်မတီ၏ စုစည်းချက်

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေးစုစည်းချက်များတွင် *"တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေး အရဖြစ်စေ၊ တန်းတူရည်တူအခွင့်အရေး ရှိရမည့်အပြင် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ ထုံးတမ်း၊ ရိုးရာယဉ်ကျေးမှု အရ ရှိသင့်ရှိထိုက်သောအခွင့်အရေးများ အားလုံးကို အကာအကွယ် ပေးရန်၊ ပြည်နယ်များကို နိုင်ငံတော်၏ အချုပ်အခြာအာဏာ၏ မဏ္ဍိုင်သုံးရပ်ဖြစ်သော ဥပဒေ ပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ တို့ကို တန်းတူရည်တူ အပ်နှင်း ထားရမည့်အပြင် အပြည့်အဝကျင့်သုံးခွင့်ရှိရန်၊ မည်သည့်တိုင်းရင်းသား လူမျိုးကိုမျှ အထူး အခွင့် အရေးမပေးရန်နှင့် မည်သည့်တိုင်းရင်းသားလူမျိုးကိုမျှလည်း အခွင့်အရေး ကန့်သတ်ခြင်း မရှိစေရန်"* တို့ ပါရှိပါသည်။

## ■ တိုင်းရင်းသားလူမျိုးများ တန်းတူရေး ဆိုင်ရာ နောက်ခံအကြောင်းများ

၂။ မြန်မာနိုင်ငံတွင် "တိုင်းရင်းသားလူမျိုး" ဆိုသည့် စကားရပ်သည် တိကျမှန်ကန်စွာဖြင့် အနက် အဓိပ္ပာယ် မဖွင့်ဆိုရသေးသော စကားရပ်တစ်ခု ဖြစ်ပါသည်။ ၁၉၄၇ ခုနှစ် ပြည်ထောင်စု နိုင်ငံသား ရွေးချယ်ခွင့် ဥပဒေတွင်တိုင်းရင်းသားလူမျိုးများ ကို "Indigenous Races" ဟူသော စကားရပ်ဖြင့် လည်းကောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေတိုင်းရင်းသားလူမျိုးများ ကို "Nationals" ဟူသော စကားရပ်ဖြင့် လည်းကောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတိုင်းရင်းသားလူမျိုးများ ကို "National Races" ဟူသော စကားရပ် ဖြင့်သော်လည်းကောင်း မတူညီသည့် စကားရပ်များ သုံးနှုန်းထားသည်ကို တွေ့ရှိရသည်။[56]

၃။ တန်းတူရေးနှင့် စပ်လျဉ်း၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း (၈) ပုဒ်မ (၃၄၈) တွင် "နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသားအမျိုးသမီး၊ ဆင်းရဲ

56 "Indigenous Races" [Article 3 (1) of the 1948 Citizenship Law of Burma], "Nationals" [Article 3 of the 1982 Citizenship Law of Burma], "National Races" [Article 3 of the Constitution of the Republic of the Union of Myanmar, 2008].

ချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ"[57] ဟု ပြဋ္ဌာန်းထားပါသည်။ ၎င်းအပြင် ပုဒ်မ (၃၄၇) တွင် "နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေး ရရှိစေရမည်။ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်"[58] ဟု ထပ်မံ ပြဋ္ဌာန်း ထားပါသည်။ "တိုင်းရင်းသားလူမျိုး" ဟူသော တိကျသည့် စကားရပ် မပါရှိသော်လည်း ပုဒ် ၃၄၇ ပြဋ္ဌာန်းချက်တွင် "မည်သူမဆို" ဆိုသည့် စကားရပ်ကြောင့် ဤပုဒ်မသည် "တိုင်းရင်းသားလူမျိုး" များအားလုံးနှင့်လည်း သက်ဆိုင်သည်ဟု မှတ်ယူရန် ဖြစ်နေပါသည်။ (မှတ်ချက်။ တိုင်းရင်းသား သို့မဟုတ် တိုင်းရင်းသားလူမျိုးများ နှင့်စပ်လျဉ်း၍ အချုပ်အခြာအာဏာ ခေါင်းစဉ်အောက်တွင် ဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။)

၄။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၂ တွင် "တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတိုးတက်ရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည် လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရေး၊ တိုးတက်မှုနည်းပါးနေသည့် တိုင်းရင်းသားတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်း ဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး တိုးတက် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ကကူညီဆောင်ရွက်ရန်" [59] ဆိုသည့် အခြေခံ "မူ" တစ်ချက်လည်း ပါဝင်ပါသည်။

၅။ အချုပ်အခြာအာဏာ ၃ ရပ်တွင် တိုင်းရင်းသားလူမျိုးများတန်းတူရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများ အများစုနေထိုင်သည့် ပြည်နယ်များကို ကိုယ်စားပြုသည့် "အမျိုးသား လွှတ်တော်" ကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၁ အရသော်လည်းကောင်း၊ တိုင်းရင်း သား လူမျိုးများ၏ ပြည်နယ်များကို ပုဒ်မ ၁၂ အရ ဥပဒေပြုရေး အာဏာကို သော်လည်း ကောင်း၊ ပုဒ်မ ၁၇ အရ အုပ်ချုပ်ရေးအာဏာကို လည်းကောင်း၊ ပုဒ်မ ၁၈ အရ တရားစီရင်ရေး အာဏာများ ကိုသော်လည်းကောင်း ပြဋ္ဌာန်းအပ်နှင်းထားပါသည်။ ထို့အတူ လူဦးရေနည်းသည့် တိုင်းရင်းသား များနှင့် လူဦးရေများသည့် တိုင်းရင်းသားများအကြား မျှတမှုရှိစေရန် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများအား ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့ကို ပုဒ်မ ၁၁ (ခ) နှင့် ပုဒ်မ ၅၆ တို့အရ ပြဋ္ဌာန်းထားပါသည်။ အဆိုပါ ပြဋ္ဌာန်းချက်များ အားလုံးသည် "မူ" အားဖြင့် တိုင်းရင်းသား လူမျိုးများကို နိုင်ငံရေးအရဖြစ်စေ လူမျိုးရေးအရဖြစ်စေ တန်းတူညီမျှမှု ရှိစေရန် ရည်ရွယ် ပြဋ္ဌာန်း ထားခြင်းများ ဖြစ်ပါသည်။

## ■ တိုင်းရင်းသားလူမျိုးများတန်းတူရေးဆိုင်ရာနိုင်ငံတကာစံနှုန်းနှင့်နမူနာများ

၆။ တိုင်းရင်းသား လူမျိုးများတန်းတူရေးနှင့် စပ်လျဉ်း၍ နိုင်ငံအချို့တွင် အောက်ပါအတိုင်း ပြဋ္ဌာန်း ထားသည်ကို တွေ့ရှိရပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "တရုတ်

57 Chapter VIII, Article 348.Constitution of the Republic of the Union of Myanmar, 2008.

58 Chapter VIII, Article 347. Constitution of the Republic of the Union of Myanmar, 2008.

59 Chapter I, Article 22. Constitution of the Republic of the Union of Myanmar, 2008.

ပြည်သူ့ သမ္မတနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအားလုံး (All nationalities) သည် တန်းတူ ကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် တိုင်းရင်းသားလူနည်းစုတို့၏ အကျိုးစီးပွားကို ကာကွယ်ပေးသည်။[60] ချက်ပြည်ထောင်စု ဖွဲ့စည်းပုံတွင် တိုင်းရင်းသားအနွယ်ဖြစ်ခြင်းနှင့် တိုင်းရင်းသားလူနည်းစုတွင် ပါဝင်ခြင်းနှင့် အခြားအခွင့်အရေးများတွင် တန်းတူညီမျှခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။[61] အီရတ် နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အီရတ်နိုင်ငံသား အားလုံးသည် လူမျိုး၊ တိုင်းရင်းသား၊ တိုင်းရင်းသားလူမျိုး စသည့် အခြေခံအကြောင်းများကြောင့် ဥပဒေရှေ့မှောက်တွင် ခွဲခြားဆက်ဆံခြင်း မရှိစေရ ဟုပြဋ္ဌာန်းထားပါသည်။[62] ဗီယက်နမ်နိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် တိုင်းရင်းသား လူမျိုးအားလုံး (All nationalities) သည် တန်းတူညီမျှကြသည်ဟု ပြဋ္ဌာန်းထားသည်။[63] အထက် ဖော်ပြပါ နိုင်ငံများတွင် "Ethnic, Minority Ethnic, National, Nationalities, Tribe, Ethnicity, Nationality" စသည့်စကားရပ်များကို သုံးနှုန်းထားသည်ကို တွေ့ရှိရသည်။

## ■ မြန်မာနိုင်ငံ၏တိုင်းရင်းသားလူမျိုးများတန်းတူရေးဆိုင်ရာသုံးသပ်ချက်များ

၇။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများအကြား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ကဏ္ဍအသီးသီးတွင် တန်းတူရေး ရရှိနိုင်ရန် "တိုင်းရင်းသားလူမျိုး" ဆိုသည့် စကားရပ်ကို အနက်ဖွင့်ခြင်းတွင် မူတည်ပါသည်။ "တိုင်းရင်းသားများ" ဆိုသည့် စကားရပ်ကို (Indigenous Races, National Races, Nationals) ဟူသော အနက်အဓိပ္ပာယ်မတူသည့် စကားရပ်များဖြင့် အခြေခံဥပဒေ နှင့် အခြားဥပဒေများတွင် သုံးနှုန်းခြင်းကြောင့် အငြင်းပွားဖွယ်ရာများ ဖြစ်နေပါသည်။[64] တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် "တိုင်းရင်းသားလူမျိုးများ" ဆိုသည့် စကားရပ်ကို အင်္ဂလိပ် ဘာသာဖြင့် (Nationalities or Ethnic Nationalities or Ethnic) ဟူသော စကားရပ်ဖြင့် သုံးစွဲနေကြသည်ကို တွေ့ရှိရသည်။[65] အချို့သော တိုင်းရင်းသားများအနေဖြင့် ၎င်းတို့

60 Preamble of the Constitution of China, 1982 (rev. 2004). All nationalities in the Peoples' Republic of China are equal. The state protects the lawful rights and interests of the minority nationalities and upholds and develops the relationship of equality, unity and mutual assistance among all the China's nationalities.

61 Chapter I, Article 3 (1) of the Constitution of Czech Republic, 1993 (rev. 2013). Everyone is guaranteed the enjoyment her fundamental rights and basic freedom without regards to gender, race, color of skin, language, faith and religion, political or other conviction, national or social origin, membership in a national or ethnic minority, property, birth, or other status.

62 Section II, Chapter I, Article 14 of the Constitution of Iraq, 2005.Iraqis are equal before the law without discrimination based on gender, race, ethnicity, nationality, origin, color, religion, sect, belief or opinion, or economic or social status.

63 Chapter I, Article 5 (2) of the Constitution of Vietnam, 1992 (rev. 2013). All nationalities are equal, solidary, mutually respect and assist in their development; all acts of national discrimination and division are strictly forbidden.

64 Article 3 of the Constitution of Myanmar, 2008.

65 ဥပမာ - "တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ" ကို "Ethnic Armed Organizations" ဟူသော စကားရပ်ဖြင့် လည်းကောင်း၊ "တိုင်းရင်းသားလူမျိုးများကောင်စီ" ကို "Ethnic Nationalities Council" ဟူသောစကားရပ်

သည် ဌာနေတိုင်းရင်းသားများ (Indeginous People) များအဖြစ် ခံယူကာ "UN World's Indigenous Peoples" လှုပ်ရှားမှုများတွင် လည်းကောင်း၊ "Unrepresented Nations and Peoples Organization" အဖွဲ့အစည်းများတွင် ပါဝင်လှုပ်ရှားခဲ့ကြသည်ကို တွေ့ရှိရသည်။

၈။ လွတ်လပ်ရေးရရှိပြီးနောက် အစိုးရတာဝန်ကို ယူလာခဲ့ကြသည့် အစိုးရအဖွဲ့များနှင့် လွှတ်တော်များအနေဖြင့် သော်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အနေဖြင့် သော်လည်းကောင်း "တိုင်းရင်းသားများ" ဆိုသည့်စကားရပ်အပေါ် မူအားဖြင့် တိကျခိုင်မာသည့် အနက်ဖွင့်ဆိုခြင်း၊ ညှိနှိုင်းခြင်းများ မရှိခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် နိုင်ငံသားများ၏ အခွင့်အရေးများသည် တိုင်းရင်းသားလူမျိုးများ အခွင့်အရေးနှင့် သက်ဆိုင်ခြင်း ရှိမရှိ ဆုံးဖြတ်၍မရ ဖြစ်နေကြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် တသီးပုဂ္ဂလ မြန်မာနိုင်ငံသားများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ တန်းတူ အခွင့်အရေးများသည် တိုင်းရင်းသား လူမျိုးများဆိုသည့် အစုအဖွဲ့နှင့် သက်ဆိုင်ခြင်း ရှိမရှိ ဆုံးဖြတ်ရန် ခက်ခဲစေပါသည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးများ လိုလားသည့် စကားရပ်ဖြစ်သော "Ethnic Nationalities, Ethnic Minorities, Ethnic National" ဆိုသည့် အင်္ဂလိပ်စကားရပ်များကို ကျင့်သုံးမည့်အစား "Indigenous Race နှင့် National Race" စသည့် အနက်အဓိပ္ပာယ်မသေချာ မရေရာသော စကားရပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်းကောင်း၊ ဥပဒေများတွင် လည်းကောင်း ကျင့်သုံးနေခြင်းသည် တိုင်းရင်းသားလူမျိုးများ တန်းတူညီမျှရေးအတွက် ကြီးမားသည့် မေးခွန်းများ ဖြစ်စေခဲ့သည်။

## ■ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ တန်းတူရေးအတွက် ထည့်သွင်းစဉ်းစားရွေးချယ်စရာများ

၉။ ၁၉၄၈ ခုနှစ် ပြည်ထောင်စု နိုင်ငံသား ဥပဒေအရ ဖြစ်စေ၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေအရဖြစ်စေ ၁၈၂၃ ခုနှစ်မှစပြီး မြန်မာနိုင်ငံအား ပင်ရင်းနိုင်ငံအဖြစ် အခြေချနေထိုင်လာကြသည့် တိုင်းရင်းသားများ၊ တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံသားများ အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတို့တွင် တန်းတူအခွင့်အရေးများ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရရှိရမည်ဖြစ်ပါသည်။ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး နိုင်ငံရေး ဆွေးနွေးပွဲများတွင် ပါဝင်သင့် ပါဝင်ထိုက်သူများအနေဖြင့် တိုင်းရင်းသားလူမျိုးများ တန်းတူညီမျှရေးနှင့် စပ်လျဉ်းသော စဉ်းစားရွေးချယ်စရာများမှာ -

(က) တိုင်းရင်းသားလူမျိုးများ ဆိုသည့်စကားရပ်ကို ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတွင် "Indigenous Races" ဟူသော စကားရပ်ဖြင့်လည်းကောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ (Multinational Races) ဟူသောစကားရပ်ဖြင့်

---

ဖြင့် လည်းကောင်း၊ "တိုင်းရင်းသားလူမျိုးများရေးရာကောင်စီ" ကို "Ethnic National Affairs Council" ဟူသော စကားရပ်များဖြင့် အနက်ပြန်ထားသည်ကိုတွေ့ရှိရသည်။

လည်းကောင်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ (Multi-National Races) ဟူသော အနက် အဓိပ္ပာယ် မတူညီသည့် စကားရပ်များဖြင့် ပြဋ္ဌာန်းခြင်းအစား "Ethnic Nationalities" သို့မဟုတ် "Ethnic Nationals" ဟူသော စကားရပ်ဖြင့် အစားထိုးခြင်း။

(ခ) ၁၉၄၈ ခုနှစ် ပြည်ထောင်စုနိုင်ငံသား ဥပဒေနှင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေ တို့အရ ၁၈၂၃ ခုနှစ်မှ မြန်မာနိုင်ငံတွင် ပင်ရင်းနေထိုင်လာခဲ့ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းတို့ကို တိုင်းရင်းသားလူမျိုးများဟု ဥပဒေ ပြုပြဋ္ဌာန်းခြင်း။

(ဂ) ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေအရ နိုင်ငံတော်ကောင်စီမှ ဆုံးဖြတ်ရမည့် တိုင်းရင်းသား မျိုးနွယ်စု (Ethnic Group) or (Sub-Nationals) or (Sub-nationalities) များကို တည်ဆဲ ဥပဒေများနှင့်အညီ ဆုံးဖြတ်ချက်ချနိုင်မည့် အာဏာပိုင်အဖွဲ့အစည်းကို သတ်မှတ်ခြင်း။

(ဃ) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတို့တွင် တိုင်းရင်းသားလူမျိုးများ အနေဖြင့် ဖြစ်စေ၊ တိုင်းရင်းသားမျိုးနွယ်စု အနေဖြင့်ဖြစ်စေ၊ နိုင်ငံသားများအနေဖြင့်ဖြစ်စေ ရသင့်ရထိုက်သည့် အခွင့်အရေးများ တန်းတူရရှိနိုင်ရေး ဥပဒေပြုပြဋ္ဌာန်းခြင်း။

# အခန်း ၅

# ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပြည်နယ်သစ်များဖွဲ့စည်းခြင်း

## ■ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းကော်မတီ၏ စုစည်းချက်

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေး စုစည်းချက်များတွင် *"တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိစေရန်၊ ပြည်ထောင်စု အဖွဲ့ဝင်အမျိုးသားပြည်နယ်များနှင့်အမျိုးသားများပြည်နယ်များသည်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝ ရှိရမည်ဖြစ်သောကြောင့် နိုင်ငံရေးအာဏာ (၃) ရပ်ဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေးအာဏာများကို လွတ်လပ်စွာကျင့်သုံးခွင့်ရှိစေရန်၊ တိုင်းရင်းသား လူမျိုးများ၏ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မည်သည့် အခြေအနေတွင်မှ ရုပ်သိမ်းဟန့်တားခြင်းမရှိစေရန်၊ နိုင်ငံရေးအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပ်နှင်းခြင်း ဟုဆိုရာ၌နိုင်ငံရေးအာဏာ (၃) ရပ်ဖြစ်သောဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့် တရား စီရင်ရေး အာဏာများကို ပြည်နယ်များက ကျင့်သုံးခွင့် အပြည့်အဝပေးအပ်ထားပြီး ထိုအာဏာ များကို ကျင့်သုံးနိုင်ရန် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးချုပ်များကို လည်း ဖွဲ့စည်းခွင့်ရှိရန်နှင့် ထိုအာဏာ (၃) ရပ်အား မည်သို့မည်ပုံ ကျင့်သုံးရမည်၊ မည်သည့် ဥပဒေ များကို ရေးဆွဲပြဋ္ဌာန်းခွင့်ရှိစေရန်အတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက် ပေးထားသည့် ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်တိုင်းက သီးခြား လွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိရန်"* တို့ ပါရှိသည်။

## ■ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပြည်နယ် ဖွဲ့စည်းခြင်း နောက်ခံအကြောင်းများ၊

၂။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ခေါင်းစဉ်အောက်တွင် ပါရှိသည့် အချက်များအနက် "နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု" ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဆိုင်ရာကိစ္စရပ်များသည် "တိုင်းရင်းသားလူမျိုးများ တန်းတူရေး" ခေါင်းစဉ်အောက်တွင် ပါဝင်သည့်အချက်များဖြစ်ပါသည်။ ထို့အတူ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများအား အပ်နှင်းခြင်းနှင့် အပ်နှင်းထားသည့် အာဏာများ အား ကျင့်သုံးခွင့်ရရှိရန် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးချုပ်များ ဖွဲ့စည်းရန်" ကိစ္စများသည်လည်း "အချုပ်အခြာအာဏာ ကျင့်သုံးမှု" ခေါင်းစဉ်အောက်တွင် ပါဝင်သည့် အချက်များ ဖြစ်ပါသည်။ အမျိုးသားပြည်နယ်နှင့် အမျိုးသားများ ပြည်နယ်ဖွဲ့စည်းရေးနှင့် ထိုသို့

ဖွဲ့စည်းပါက အဆိုပါပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေ နှင့်အညီ ရေးဆွဲခြင်း သို့မဟုတ် သီးခြားလွတ်လပ်စွာရေးဆွဲခြင်း ဆိုသည့်အချက်များကို ဆက်လက် ဆွေးနွေးရန် လိုအပ်ပါသည်။

၃။ မြန်မာနိုင်ငံလွတ်လပ်ရေး အကြိုကာလ ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးပြည်သူ့လွတ်မြောက်ရေး အဖွဲ့ (ဖဆပလ) ပါတီမှ ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းတွင် ပြည်ထောင်စုပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်၊ အမျိုးသားနယ်မြေများနှင့် အမျိုးသားလူနည်းစုများ (Union State, Autonomous State, National Areas and National Minority) စသည်ဖြင့် အမျိုးအစား ၄ မျိုး အခြေခံကာ ပြည်ထောင်စုကို တည်ဆောက်ရန်ရေးဆွဲအတည်ပြုခဲ့ကြသည်။[66]

၄။ ပြည်ထောင်စု ပြည်နယ် (Union State) သတ်မှတ်ရာတွင် တမူထူးခြားသည့် ဒေသများ ကိုယ်စီရှိခြင်း၊ ဗမာစကားမဟုတ်သည့် တူညီသောစကားရှိခြင်း၊ တူညီသည့် ယဉ်ကျေးမှုရှိခြင်း၊ သမိုင်း အရဆက်နွယ်မှုရှိခြင်း၊ စီးပွားရေးတွင် ကိုယ်ပိုင်ရပ်တည်နိုင်ခွင့်ရှိခြင်းနှင့် သင့်တော်သည့် လူဦးရေ ရှိခြင်းတို့ကို အခြေခံဖွဲ့စည်းရန်ဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ် (Autonomous State) သတ်မှတ်ရာတွင် ပြည်ထောင်စု ပြည်နယ်နှင့် အကြမ်းဖျင်းတူညီမှုရှိသော်လည်း စီးပွားရေး အရကိုယ်ပိုင်ရပ်တည်ရန် မပြည့်စုံသည့် ဒေသများကို အခြေခံဖွဲ့စည်းရန်ဖြစ်သည်။ အမျိုးသားနယ်မြေ (National Area) သတ်မှတ်ရာတွင် အထက်တွင်ဖော်ပြသည့် အရည်အချင်းများမရှိသော်လည်း တမူထူးခြားသည့် ဘာသာစကားရှိခြင်း၊ ဒေသတစ်ခုကို အခြေပြုကာ နေထိုင်သည့် ဒေသများကို အခြေခံ ဖွဲ့စည်းရန်ဖြစ်သည်။အမျိုးသားလူနည်းစု (National Minority) ဆိုသည်မှာ ဗမာလူမျိုးများနှင့် လူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းအရ မတူညီသည့်လူမျိုးများ ဖြစ်ကြပြီး တစ်နိုင်ငံလုံး လူဦးရေ၏ ၁၀ ရာခိုင်နှုန်း သို့မဟုတ် "ယူနစ်" တခု၏ လူဦးရေအားလုံး ၁၀ ရာခိုင်နှုန်း ရှိသည့် လူနည်းစုများကို အခြေခံဖွဲ့စည်းရန် ဖြစ်သည်။ သို့ရာတွင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင် ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းမှ ပြည်ထောင်စု ဖွဲ့စည်းခြင်း အခြေခံများ ပါရှိလာခြင်း မရှိပါ။ ၁၉၄၇ ခုနှစ် ဖွဲ့စ ည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲရာတွင် ပြည်နယ်များနှင့် ဝိသေသတိုင်းများ ဖြင့်လည်းကောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် တိုင်း (၇) တိုင်းနှင့် ပြည်နယ် (၇) ပြည်နယ် တို့ဖြင့် လည်းကောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် တိုင်းဒေသကြီး (၇) တိုင်း နှင့် ပြည်နယ် (၇) ခု အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၁) တိုင်း နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ (၅) ဒေသတို့ကို အခြေခံ ဖွဲ့စည်းခဲ့သည်။

၅။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံတွင် တင်သွင်းဖတ်ကြားသည့် တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့အချို့၏ စာတမ်းများတွင် အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုကို အမျိုးသား

66 See generally, The Burma Union and Its Territories, Draft Constitution Approved by the AFPFL Convention. (Maung Maung, Burma's Constitution, pp. 231-250., 1961.).

ပြည်နယ်များ၊ အမျိုးသားများပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (Autono-mous Regions) နှင့် အမျိုးသားနယ်မြေများ (National Areas) များကို အခြေခံဖွဲ့စည်းရန် တင်ပြမှုများ ရှိခဲ့ပါသည်။ သို့ရာတွင် မည်သည့်အခြေခံအကြောင်းတရားများကိုအခြေခံပြီး အမျိုးသား ပြည်နယ်၊ အမျိုးသားများပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် အမျိုးသားနယ်မြေများကို ဖွဲ့စည်းရမည် ဆိုသည့် တိကျသော တင်ပြချက်များမရှိသည်ကို တွေ့ရှိရသည်။[67]

## ■ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ

၆။ ဖဆပလ ညီလာခံတွင် ရေးသားအတည်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းတွင် ပြည်ထောင်စုပြည်နယ် (Union States) များသည် ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းခွင့်ရှိသည်။ ထိုသို့ပြဋ္ဌာန်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေများသည် တမူ ထူးခြားသည့် ပင်ကိုယ်လက္ခဏာများနှင့် ကြန်အင်လက္ခဏာများ (Characteristics and Features) ရှိစေရမည် ဟု အတည်ပြုခဲ့ကြသည်။[68] ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ စာရင်း (၂) ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာကိစ္စရပ်များ [ပုဒ်မ ၉၂ (၂) ကြည့်] အပိုဒ် (၁) တွင် "ဤဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပြည်နယ်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပြုခြင်း" ဟုပြဋ္ဌာန်းထားပါသည်။[69] သို့သော် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ် အထိ ပြည်နယ် ဖွဲ့စည်းပုံ အခြေခံဥပဒေများ ပြဋ္ဌာန်းခြင်းမရှိခဲ့ပါ။ ထို့အတူ ၁၉၇၄ နှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေတို့တွင် ပြည်နယ်များ ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးသားပြဋ္ဌာန်းခွင့် မပါရှိခဲ့ပါ။

## ■ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ပြည်နယ်ဖွဲ့စည်းခြင်းနှင့် ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ နိုင်ငံတကာ ဥပမာများ

၇။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးကြသည့် နိုင်ငံအချို့တွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်းများတွင် ပြဋ္ဌာန်းကြသည်ကို တွေ့ရှိရပါသည်။ လွယ်ကူစွာဖြင့် ပြည်နယ် အသစ်များ ဖွဲ့စည်းခွင့်ရှိသည့် နိုင်ငံများရှိသကဲ့သို့ အဆင့်ဆင့် သဘောတူထောက်ခံမှုများဖြင့် ခက်ခဲစွာ လုပ်ဆောင်သည့် နိုင်ငံများလည်း ရှိကြပါသည်။ဖက်ဒရယ် နိုင်ငံပေါင်း ၂၀ ကျော် အနက် အမေရိကန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဂျာမဏီနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင်သာ ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေများ သီးသန့်ပြဋ္ဌာန်းသည်ကို တွေ့ရှိရသည်။ ဖက်ဒရယ်နိုင်ငံများ ဖြစ်ကြ သော်လည်း ကနေဒါနိုင်ငံ၊ အိန္ဒိယနိုင်ငံ နှင့် ဘယ်လ်ဂျီယံနိုင်ငံ စသည်တို့တွင် ပြည်နယ် ဖွဲ့စည်းပုံ

67 The Papers Presented to the Union Peace Conference – 21st Century Panglong by certain Ethnic Armed Organizations.

68 Article 1, Union State. The Burma Union and Its Territories, 1947. Draft Constitution Approved by the AFPFL Convention. The Union State shall have its own constitution in conformity with the constitution of the Union and its own specific characteristics and features.

69 List II. - State Legislative List. [See Section 92 (2).] 1. Constitutional Affairs: (1) The constitution of the State, subject to the provisions of this Constitution.

အခြေခံဥပဒေ သီးသန့် ပြဋ္ဌာန်းခြင်းမရှိပါ။ ထို့ကြောင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ပြည်နယ်ဖွဲ့စည်းခြင်း၊ ပြည်နယ် အခြေခံဥပဒေစသည့် ကိစ္စရပ်များသည် ဖက်ဒရယ် စနစ်နှင့် အကြွင်းမဲ့ ဆက်နွယ်သည်ဟု သတ်မှတ်ရန် အခက်အခဲများ ရှိနေပါသည်။

(က) **ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်။** ဖက်ဒရယ်စနစ်ကို ကျင့်သုံးကြသည့် နိုင်ငံများတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အသေးစိတ် ပြဋ္ဌာန်းခြင်းများ အလွန်နည်းပါးပါသည်။ အီသီယိုးပီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်းတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဆိုသည့် စကားရပ်ကို ရေးသားပြဋ္ဌာန်းခြင်း၊[70] ဆော်လမွန်ကျွန်းစု နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အစိုးရဆိုသည့် စကားရပ်များသုံးစွဲထားခြင်း[71] တို့မှအပ အခြားနိုင်ငံများတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုသည့် စကားရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအကျ ပြဋ္ဌာန်းခြင်း မရှိသည်ကို တွေ့ရှိရသည်။

(ခ) **ပြည်နယ်ဖွဲ့စည်းခြင်း။** ဖက်ဒရယ်စနစ်ကို ကျင့်သုံးကြသည့် နိုင်ငံအချို့တွင် ပြည်နယ် ဖွဲ့စည်းခြင်းကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ကြသည်ကို တွေ့ရှိနိုင်ပါသည်။ အိန္ဒိယနိုင်ငံတွင် ပြည်နယ်အသစ်ဖွဲ့စည်းခြင်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စု ကွန်ဂရက်လွှတ်တော်အား တာဝန်ပေးထားပါသည်။ မက္ကဆီကို နိုင်ငံတွင် ပြည်နယ်အသစ် ဖွဲ့စည်းခြင်းကို အဆင့်ပေါင်းများစွာ၏ သဘောတူညီချက်များဖြင့် ဖွဲ့စည်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။ ဂျာမနီနိုင်ငံတွင် ပြည်နယ် အသစ်ဖွဲ့စည်း ခြင်းကို အဆင့်များစွာ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရသည်ကို တွေ့ရှိရပါသည်။ (မှတ်ချက်။ Initiative Powers, Referrendum Power and Recall" ကဏ္ဍတွင် အသေးစိတ်ကို ဖော်ပြပြီး ဖြစ်ပါသည်။

(ဂ) **ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ။** ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းကြသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသည့် နိုင်ငံများတွင် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများသည် ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျော ညီထွေမှုရှိရန် လိုအပ်ပါသည်။ ပြည်နယ် ဖွဲ့စည်းပုံ အခြေခံဥပဒေ သီးသန့်ရေးဆွဲပြဋ္ဌာန်းခြင်း မရှိသည့် ဖက်ဒရယ်နိုင်ငံများတွင် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရာ၌ ပြည်နယ်များ၏ အခန်းကဏ္ဍမရှိမဖြစ် ပါဝင်ရေးကို ပြဋ္ဌာန်းလေ့ရှိကြပါသည်။

## ■ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ပြည်နယ်ဖွဲ့စည်းခြင်းနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စဉ်းစားရွေးချယ်စရာများ

၈။ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး နိုင်ငံရေး ဆွေးနွေးပွဲများတွင် ပါဝင်သင့်ပါဝင်ထိုက်သူများအနေဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ပြည်နယ်ဖွဲ့စည်းခြင်း၊ ပြည်နယ်

70 The Preamble of the Constitution of Ethiopia, 1994.

71 Article 41 and 150 of the Constitution of Solomon Islands, 1978. Rev. 2009.

ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းခြင်းတို့နှင့် စပ်လျဉ်းသော စဉ်းစားရွေးချယ်စရာများမှာ -

(က) **ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်။** ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်းတွင် "မူ" အားဖြင့် ထည့်သွင်း ဖော်ပြခြင်း။

(ခ) **ပြည်နယ်ဖွဲ့စည်းခြင်း။** ပြည်နယ်အသစ် ဖွဲ့စည်းနိုင်ရန် မက္ကဆီကိုနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံ ကဲ့သို့ လုပ်ဆောင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းခြင်း။

(ဂ) တည်ဆဲပြည်နယ်တစ်ခု၏ နယ်နမိတ်အတွင်းမှ ပြည်နယ်အသစ် ဖွဲ့စည်းရန် တောင်းဆိုမှုများ ဖြစ်လာပါက ပြည်နယ်လွှတ်တော်၏ သုံးပုံနှစ်ပုံ သဘောတူညီမှုကို ရှေးဦးစွာ ရယူပြီးနောက် ပြည်နယ်အတွင်းရှိမဲဆန္ဒရှင်အားလုံး၏သုံးပုံနှစ်ပုံသဘောတူညီလျှင်အမျိုးသားလွှတ်တော်သို့ တင်သွင်းပြီး အများစု သဘောတူညီချက်ဖြင့် ပြည်နယ်အသစ်ကို ဖွဲ့စည်းခြင်း။

(ဃ) တည်ဆဲပြည်နယ် နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ပြည်နယ်များမှ ပြည်နယ် အသစ်တစ်ခု ဖွဲ့စည်းရန် တောင်းဆိုမှုများ ဖြစ်လာပါက သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် အသီးသီး၏ ကိုယ်စားလှယ် သုံးပုံနှစ်ပုံ သဘောတူညီမှု ပထမဦးစွာ ရယူခြင်း။ သက်ဆိုင်ရာ ပြည်နယ် လွှတ်တော် အသီးသီးမှ သဘောတူညီချက် ရရှိပြီးနောက် သက်ဆိုင်ရာဒေသ အသီးသီးရှိ မဲဆန္ဒရှင်များ၏ သုံးပုံနှစ်ပုံ သဘောတူညီချက်ဖြင့် အမျိုးသားလွှတ်တော်သို့ တင်သွင်းရမည်။ အမျိုးသားလွှတ်တော်မှ အများစု သဘောတူညီချက်ဖြင့် ပြည်နယ်အသစ်ကို ဖွဲ့စည်းခြင်း။

( င ) တည်ဆဲပြည်နယ် နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ပြည်နယ်များရှိနယ်မြေများ စုစည်းလျက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွဲ့စည်းမည်ဆိုပါက သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် အသီးသီး ၏ ကိုယ်စားလှယ်အများစု၏ သဘောတူညီမှု ပထမဦးစွာ ရယူခြင်း။ သက်ဆိုင်ရာ ပြည်နယ် လွှတ်တော် အသီးသီးမှ သဘောတူညီချက် ရရှိပြီးနောက် သက်ဆိုင်ရာဒေသ အသီးသီးရှိ မဲဆန္ဒရှင်များ၏ အများစု သဘောတူညီချက်ဖြင့် အမျိုးသားလွှတ်တော်သို့ တင်သွင်းခြင်း။ အမျိုးသားလွှတ်တော်မှ အများစု သဘောတူညီချက်ဖြင့် ပြည်နယ်အသစ်ကို ဖွဲ့စည်းခြင်း။

( စ ) တည်ဆဲပြည်နယ်တစ်ခု၏ နယ်နမိတ်အတွင်းမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွဲ့စည်းရန် တောင်းဆိုမှုများ ဖြစ်လာပါက ပြည်နယ်လွှတ်တော်၏ အများစု သဘောတူညီမှုကို အရင် ရယူခြင်း။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အများစုမှ သဘောတူပါက ပြည်နယ်အတွင်းရှိ မဲဆန္ဒရှင် ပြည်သူအများစု၏ သဘောထားကို ထပ်မံရယူခြင်း။ အကယ်၍ ပြည်နယ်အတွင်းရှိ မဲဆန္ဒရှင် အများစုမှ သဘောတူပါက အမျိုးသားလွှတ်တော်သို့ တင်သွင်းပြီး အများစု သဘော တူညီချက် ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကို ဖွဲ့စည်းခြင်း။

(ဆ) ပြည်နယ်အသစ်ဖွဲ့စည်းခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသစ်ဖွဲ့စည်းခြင်း၊ အမျိုးသား နယ်မြေအသစ် ဖွဲ့စည်းခြင်းဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များကို ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြု ပြဋ္ဌာန်းခြင်း။

(ဇ) အမျိုးသားနယ်မြေသစ်ဖွဲ့စည်းခြင်းဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များကို ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြု ပြဋ္ဌာန်းခြင်း။

# အခန်း ၄

# ဖက်ဒရယ်ပြည်ထောင်စုမူ

## ■ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းကော်မတီ၏ စုစည်းချက်

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေး စုစည်းချက်များတွင် *"ဖက်ဒရယ်ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသောအမျိုးသားပြည်နယ်များ နှင့် အမျိုးသားများပြည်နယ်များဖြင့် ဖွဲ့စည်းရန်၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို အမျိုးသားအမည် ပြည်နယ်များဖြင့်လည်းကောင်း၊ ပထဝီဝင် အမည်များဖြင့်လည်းကောင်း ဖွဲ့စည်းရန်၊ ထိုပြည်နယ်များတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများကို တိုင်းရင်းသားလူမျိုးများ၏အမည်ဖြင့် ဖွဲ့စည်းရန်၊ ဖက်ဒရယ် ပြည်ထောင်စုကို တန်းတူသောပြည်နယ်များ ပူးပေါင်း၍ ဖွဲ့စည်းသောအခါ ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေပြုခွင့် အာဏာတူသည့် အမျိုးသားလွှတ်တော် အထက်လွှတ်တော်နှင့် ပြည်သူ့လွှတ်တော် အောက်လွှတ်တော်ဟူ၍ လွှတ်တော် (၂) ရပ်ထားရှိရန်၊ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်စေဘဲလွတ်လပ်စွာရေးသားပြဋ္ဌာန်းခွင့် ရရှိရန်၊ ဖက်ဒရယ်ပြည်ထောင်စုနှင့် အဖွဲ့ဝင်ပြည်နယ်များအကြား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာဏာများကိုခွဲဝေကျင့်သုံးခြင်း (Division of Power)၊ ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ တည်းဟူသော နိုင်ငံရေးအာဏာ (၃) ရပ်လုံးကို အပြည့်အဝအပ်နှင်းစေရမည့်အပြင် အဆိုပါ နိုင်ငံရေးအချုပ်အခြာအာဏာ (၃) ရပ်လုံးကို ကျင့်သုံးသည့် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးချုပ်တို့ကို လွတ်လပ်စွာ ထူထောင်ခွင့်ရှိစေရန်၊ အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များက စုပေါင်းကျင့်သုံးရန် ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းထားသည့် ပြည်ထောင်စုကာကွယ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေး၊ ငွေစက္ကူငွေဒင်္ဂါးထုတ်လုပ်ရေးနှင့် ပြည်ထောင်စုလမ်းပန်းဆက်သွယ်ရေး စသောအာဏာများမှအပ ကြွင်းကျန်သောအာဏာ (Residual Power) များကို အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များတွင်အပ်နှင်းရန်၊ ပြည်နယ်များသည် ပြည်ထောင်စုအစိုးရမှ ကောက်ခံရရှိထားသောအခွန်ငွေများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အခြားအရင်းအမြစ်များကို မျှဝေခံစားခွင့်ရှိစေရန်၊ ထိုနည်းတူပြည်နယ်အချင်းချင်းအကြား ခွဲဝေသုံးစွဲခွင့်ကိုလည်း ဥပဒေနှင့်အညီဆောင်ရွက်ရန်နှင့် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများကြားတွင် သော်လည်းကောင်း၊ ပြည်နယ်အစိုးရ အချင်းချင်းကြား*

*တွင်သော်လည်းကောင်း ပေါ်ပေါက်လာသောအငြင်းပွားမှုများကို သီးခြားလွတ်လပ်သော ပြည်ထောင်စု အခြေခံဥပဒေဆိုင်ရာခုံရုံးမှ ဖြေရှင်းဆောင်ရွက်ရန်"* တို့ ပါရှိပါသည်။

၂။ ဖက်ဒရယ်ပြည်ထောင်စုမူ ခေါင်းစဉ်အောက်တွင် ပါရှိသည့် အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များ ဖွဲ့စည်းခြင်း၊ ပြည်နယ်များကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေးအာဏာ အပ်နှင်းခြင်းနှင့် ထိုသို့အပ်နှင်းထားသည့် အာဏာများကို ကျင့်သုံးရန် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးများ ထူထောင်ခွင့်ပြုခြင်း၊ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း ဆိုသည့် အကြောင်းအရာများသည် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ခေါင်းစဉ် အောက်တွင် ပါရှိပြီးသော အချက်များ ဖြစ်ပါသည်။ "ဥပဒေပြုခွင့် ရှိသော ပြည်ထောင်စုလွှတ်တော်အား ဆက်လက်မထားရှိရန်၊ ဥပဒေပြုခွင့် အာဏာတူညီသည့် အမျိုးသား လွှတ်တော်နှင့် ပြည်သူ့လွှတ်တော် နှစ်ရပ်ကိုသာ ဆက်လက်ထားရှိရန်၊ ပြည်ထောင်စုနှင့် ပြည်နယ် များအကြား ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာခွဲဝေရာတွင် ပြည်ထောင်စုကာကွယ်ရေး၊ နိုင်ငံခြား ဆက်သွယ်ရေး၊ ငွေစက္ကူငွေဒင်္ဂါးထုတ်လုပ်ရေးနှင့် ပြည်ထောင်စုလမ်းပန်းဆက်သွယ်ရေး စသော အာဏာများမှအပ ကြွင်းကျန်သောအာဏာ (Residual Power) များကို အမျိုးသား ပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များတွင် အပ်နှင်းရန်၊ ပြည်နယ်များသည် ပြည်ထောင်စုအစိုးရမှ ကောက်ခံ ရရှိထားသော အခွန်ငွေများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အခြားအရင်းအမြစ်များကို မျှဝေခံစားခွင့် ရှိစေရန်၊ ထိုနည်းတူ ပြည်နယ်အချင်းချင်းအကြားခွဲဝေသုံးစွဲခွင့်ကိုလည်း ဥပဒေနှင့်အညီ ဆောင် ရွက်ရန်နှင့် ပြည်ထောင်စုအစိုးရနှင့်ပြည်နယ် အစိုးရများကြားတွင်သော်လည်းကောင်း၊ ပြည်နယ်အ စိုးရအချင်းချင်းကြားတွင်သော်လည်းကောင်း ပေါ်ပေါက်လာသောအငြင်းပွားမှုများကို သီးခြား လွတ်လပ်သော ပြည်ထောင်စုအခြေခံဥပဒေ ဆိုင်ရာခုံရုံးမှ ဖြေရှင်းဆောင်ရွက်ရန်" တို့ကို ဆက်လက် သုံးသပ်သွားမည် ဖြစ်ပါသည်။

## ■ ဖက်ဒရယ်ပြည်ထောင်စု ဆိုင်ရာနောက်ခံအကြောင်းများ "ပြည်ထောင်စုလွှတ်တော်၊ အာဏာခွဲဝေခြင်း၊ အခွန်ဘဏ္ဍာခွဲဝေခြင်း နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး"

၃။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော် အပြင် အဆိုပါလွှတ်တော်နှစ်ရပ်ပေါင်း ပြည်ထောင်စုလွှတ်တော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားပါသည်။ ပြည်ထောင်စု လွှတ်တော် ဥပဒေပြုခွင့်နှင့် ပြည်နယ်များ၏ ဥပဒေပြုခွင့် အာဏာ ကို တတိယဇယား၊ စာရင်း (၁) ပြည်ထောင်စုနိုင်ငံ ဥပဒေပြုစာရင်းနှင့် စာရင်း (၂) ပြည်နယ် ဥပဒေပြုစာရင်းတို့ဖြင့် ပြဋ္ဌာန်းထားပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်သူ့ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် အပြင် အဆိုပါ လွှတ်တော်နှစ်ရပ်ပေါင်းသည့် ပြည်ထောင်စုလွှတ်တော်သည် ဥပဒေပြုခွင့် အမြင့်ဆုံးသော လွှတ်တော်ဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော် ဥပဒေပြုခွင့်နှင့် တိုင်းဒေသကြီး သို့မဟုတ်

ပြည်နယ်ဥပဒေပြုခွင့် တို့ကို ဇယား (၁) နှင့် (၂) တို့ဖြင့် ခွဲခြားပြဌာန်းထားပါသည်။[72]

၄။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများ အရ ပြည်ထောင်စု အခွန်ဘဏ္ဍာဆိုင်ရာ ဥပဒေပြုခွင့်ကို ပြည်ထောင်စုလွှတ်တော်အား အပ်နှင်းထား ပါသည်။ ပြည်နယ်များ၏ အခွန်ကောက်ခံခွင့် ကို ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ စတုတ္တဇယား "ပြည်နယ်အခွန်တော်စာရင်း" တွင် ပြဌာန်းထားပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အခွန်ကောက်ခံခွင့်ကို ဇယား (၅) တွင် ပြဌာန်းထားပါသည်။

၅။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများ အပါအဝင် အမြင့်ဆုံးသော တရားစီရင်ခွင့်အာဏာကို တရားလွှတ်တော်ချုပ်အား အပ်နှင်း ထားပါ သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးကို ဖွဲ့စည်း တာဝန်ပေးအပ် ထားပါသည်။[73]

## ■ ဖက်ဒရယ်စနစ် သို့မဟုတ် ဖက်ဒရယ် "မူ" နှင့် နိုင်ငံတကာ စံနှုန်းစံထားများ

၆။ ဖက်ဒရယ်စနစ် သို့မဟုတ် "မူ" ကို ကျင့်သုံးခြင်း ရှိမရှိကို နိုင်ငံများစွာတွင် "နိုင်ငံသားများ အားလုံးအတွက် တစ်နိုင်ငံလုံးအဆင့်ကို တာဝန်ယူသည့် အစိုးရနှင့် ဒေသန္တရ (ပြည်နယ်၊တိုင်း) စသည်တို့ကို တာဝန်ယူသည့် အစိုးရနှစ်ရပ်ရှိခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အချုပ်အခြာ အာဏာကို ဥပဒေပြုခြင်း၊ အုပ်ချုပ်ခြင်းနှင့် တရားစီရင်ခြင်း လွတ်လပ်သီးခြားစွာနှင့် ပူးပေါင်း ဆောင်ရွက် ကျင့်သုံးခြင်း၊ တစ်နိုင်ငံလုံးအဆင့်အတွက် ဥပဒေပြုသည့် ဒေသန္တရဆိုင်ရာ ဥပဒေပြု လွှတ်တော်တွင် ဒေသန္တရများ ကိုယ်စားပြုခွင့်ရှိခြင်း၊ ဒေသန္တရများ၏ သဘောတူညီချက်ဖြင့်သာ ပြင်ဆင်ခွင့် ရှိသည့် စာဖြင့် ရေးသားထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ ရှိခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အငြင်းပွားမှုများကို ဖြေရှင်းပေးမည့် လွတ်လပ်သည့် တရားရုံးအပြင် ဆန္ဒခံယူခွင့် သို့မဟုတ် ဒေသန္တရကိုယ်စားပြုသည့် လွှတ်တော်အား အထူးအာဏာအပ်နှင်းခြင်းနှင့် အစိုးရများအကြားတွင် ပူးတွဲလုပ်ဆောင်နိုင်မည့် နည်းလမ်းများ အင်စတီကျူးရှင်းများ ထားရှိခြင်း" တို့ဖြင့် တိုင်းတာကြ ပါသည်။[74]

72 1947 Constitution, Union, State Legislative Powers.

73 Supreme Court of 1947 and the Highest Judicial Autority.

74 See generally, Ronald Lampman Watts, Comparing Federal Systems, 1999.

၇။ ဥပမာ - အမေရိကန်နိုင်ငံတွင် စာဖြင့်ရေးသားထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရှိသည့်အပြင် အောက်ပါ အချက်များကြောင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်နိုင်ငံ ဖြစ်ပါသည်။ -

(က) ပြည်နယ်များကဖြစ်စေ၊ ပြည်ထောင်စုကဖြစ်စေ အလွယ်တကူ ပြင်ဆင်ခြင်း မပြုနိုင်ရန် ကန့်သတ်ချက်များ ထားရှိခြင်း။

(ခ) နိုင်ငံသားများ အားလုံးအတွက် တာဝန်ယူသည့် ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရများ ထားရှိခြင်း၊

(ဂ) ဥပဒေပြုခြင်း၊ အုပ်ချုပ်ခြင်းနှင့် တရားစီရင်ခြင်းတို့ကို ပိုင်းခြားထားသည့်အပြင် ပူးပေါင်းဆောင်ရွက် လုပ်ဆောင်စေခြင်း။

(ဃ) ပြည်နယ်များကို ကိုယ်စားပြုသည့် ဆီးနိတ် (အထက်) လွှတ်တော်ကို လုပ်ပိုင်ခွင့်နှင့် အာဏာများ တိကျစွာ ပေးထားခြင်း။

(င) ဖွဲ့စည်းပုံအခြေခံဥပဒေ အငြင်းပွားမှုများကို ဖြေရှင်းရန် လွတ်လပ်သည့် တရားလွှတ်တော်ချုပ် ရှိခြင်း။

(စ) ဖက်ဒရယ်နှင့် ပြည်နယ်များအကြား ပူးပေါင်းဆောင်ရွက်ခြင်း ပြုလုပ်နိုင်ရန် ဖန်တီးထားခြင်း။

၈။ အောက်ပါအချက်များကြောင့် အိန္ဒိယနိုင်ငံသည် ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံဖြစ်ပါသည်-

(က) စာဖြင့်ရေးသားထားပြီး ပြည်နယ်များကဖြစ်စေ၊ ပြည်ထောင်စုကဖြစ်စေ လွယ်ကူစွာ ပြင်ဆင်မရသည့် ဥပဒေရှိခြင်း။

(ခ) နိုင်ငံသားအားလုံးအတွက် တာဝန်ယူသည့် အိန္ဒိယနိုင်ငံ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ ထားရှိခြင်း။

(ဂ) ဥပဒေပြုခြင်း၊ အုပ်ချုပ်ခြင်းနှင့် တရားစီရင်ခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပိုင်းခြားထားသည့်အပြင် ပူးပေါင်းဆောင်ရွက်နိုင်မည့် လမ်းကြောင်းရှိခြင်း။

(ဃ) ပြည်နယ်များကို ကိုယ်စားပြုသည့် အထက်လွှတ်တော် "Raja Sabha" ကို ဖွဲ့စည်းထားခြင်း။

(င) ဖွဲ့စည်းပုံအခြေခံဥပဒေ အငြင်းပွားမှုများကို ဖြေရှင်းရန် လွတ်လပ်သည့် တရားလွှတ်တော်ချုပ် ရှိခြင်း။

(စ) ဖက်ဒရယ်နှင့် ပြည်နယ်များအကြား ပူးပေါင်း ဆောင်ရွက်ခြင်း ပြုလုပ်နိုင်ရန် ဖန်တီးထားခြင်း။

၉။ ကနေဒါနိုင်ငံတွင် စာဖြင့်ရေးသားထားသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေရှိသည့်အပြင် အောက်ပါ အချက်များရှိခြင်းကြောင့် ဖက်ဒရယ်စနစ်ကို အခြေခံသည်ဟု သတ်မှတ်ရခြင်း ဖြစ်ပါသည်-

(က) ပြည်နယ်များက ဖြစ်စေ၊ ပြည်ထောင်စုကဖြစ်စေ၊ Province များက လွယ်ကူစွာ ပြင်ဆင်မရသည့် ဥပဒေရှိခြင်း။

(ခ) နိုင်ငံသားအားလုံးအတွက် တာဝန်ယူသည့် ကနေဒါနိုင်ငံ ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရများ ထားရှိခြင်း။

(ဂ) ဥပဒေပြုခြင်း၊ အုပ်ချုပ်ခြင်းနှင့် တရားစီရင်ခြင်း တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပိုင်းခြားထားသည့်အပြင် ပူးပေါင်းဆောင်ရွက်နိုင်မည့် လမ်းကြောင်းရှိခြင်း။

(ဃ) ပြည်နယ်များကို ကိုယ်စားပြုသည့် အထက်လွှတ်တော် ဆီးနိတ်ကို ဖွဲ့စည်းထားခြင်း။

(င) ဖွဲ့စည်းပုံအခြေခံဥပဒေ အငြင်းပွားမှုများကို ဖြေရှင်းရန် လွတ်လပ်သည့် တရားလွှတ်တော်ချုပ်ရှိခြင်း။

(စ) ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ပူးပေါင်းဆောင်ရွက်ခြင်း ပြုလုပ်နိုင်ရန် ဖန်တီးထားခြင်း။

## ■ နိုင်ငံတကာ ဖက်ဒရယ်လွှတ်တော်များ၊ အာဏာခွဲဝေခြင်း၊ အခွန်ဘဏ္ဍာခွဲဝေခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှု ဖြေရှင်းခြင်း

၁၀။ ဖက်ဒရယ်စနစ်ကို ကျင့်သုံးကြသည့် နိုင်ငံများတွင် ဥပဒေပြုခွင့်တူညီသော လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းကြသည်ကို အများအားဖြင့် တွေ့ရှိရပါသည်။ အဆိုပါ လွှတ်တော် နှစ်ရပ်သည် ဘတ်ဂျက်ကိစ္စမှ လွဲ၍ ကျန်သည့် ဥပဒေပြုခြင်းတွင် အာဏာတန်းတူ ရရှိကြသည်ကို တွေ့ရှိရသည်။ အိန္ဒိယနိုင်ငံနှင့်ဩစတြေးလျနိုင်ငံမှလွဲ၍ကျန်သည့်ဖက်ဒရယ်နိုင်ငံများတွင်ပြည်ထောင်စုလွှတ်တော်ဥပဒေပြုခွင့်အာဏာ အပ်နှင်းထားခြင်းမရှိသည်ကို တွေ့ရှိရသည်။ ဩစတြေးလျနိုင်ငံတွင် လွှတ်တော်နှစ်ရပ်ပေါင်းသည့် ပြည်ထောင်စုလွှတ်တော်အား ဥပဒေပြုခွင့် ပေးထားခဲ့သော်လည်း ပုံမှန် ဥပဒေပြုခြင်းမရှိသည်ကို တွေ့ရှိရသည်။

၁၁။ ဖက်ဒရယ်နိုင်ငံများစွာတွင် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ဥပဒေပြုခွင့်အာဏာကို ခွဲဝေရာတွင် နည်းလမ်းများစွာဖြင့် ခွဲဝေမှုပြုကြသည်ကို တွေ့ရှိရသည်။ အချို့သော နိုင်ငံများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြည်ထောင်စုဥပဒေပြုခွင့်အာဏာ၊ ပြည်နယ်ဥပဒေပြုခွင့်အာဏာနှင့် ထပ်တူပြုခွင့်အာဏာများ တိကျစွာခွဲဝေထားသည်ကို တွေ့ရှိရသည်။ အချို့သော နိုင်ငံများတွင် ထပ်တူပြုခွင့်အာဏာကို အတိအကျ ပြဋ္ဌာန်းထားခြင်း မရှိသော်လည်း တရားရုံးများ ဆုံးဖြတ်ချက်အရ ပြည်ထောင်စုနှင့် ပြည်နယ်များ ထပ်တူ ဥပဒေပြုကြသည်ကို တွေ့ရှိရသည်။ အမေရိကန်နိုင်ငံတွင် ပြည်ထောင်စု ဖြစ်စေ၊ ပြည်နယ်များ ဖြစ်စေ ဥပဒေပြုခွင့် တားမြစ်ထားသည့် ပြဋ္ဌာန်းချက်များလည်း ရှိပါသည်။ အချို့သော ဖက်ဒရယ်နိုင်ငံများတွင် ကြွင်းကျန်အာဏာများကို ပြည်ထောင်စုအား အပ်နှင်းခြင်း သို့မဟုတ် ပြည်နယ်များအား အပ်နှင်းခြင်း စသည်ဖြင့် ပြဋ္ဌာန်းချက်များလည်း ရှိပါသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအကျပြဋ္ဌာန်းခြင်း မရှိသော်လည်း ပြည်ထောင်စု ဖြစ်ခြင်းကြောင့် အမွေဆက်ခံသည့် ဥပဒေပြုခွင့်ကို တရားရုံးများ၏ ဆုံးဖြတ်ချက်များ နှင့်အညီ ကျင့်သုံးခြင်းလည်း ရှိပါသည်။

၁၂။ ဖက်ဒရယ်နိုင်ငံများစွာတွင် ကျင့်သုံးကြသည့် အခွန်ဘဏ္ဍာကောက်ခံခြင်း ခွဲဝေခြင်းများတွင် ပြည်ထောင်စုဖြစ်စေ၊ ပြည်နယ်များမှဖြစ်စေ အထွေထွေအခွန် သို့မဟုတ် သတ်မှတ်အခွန်

ကောက်ခံခြင်း၊ အခွန်မှရရှိသည် ဘဏ္ဍာများကို ပြန်လည်ခွဲဝေခြင်း၊ ပြည်ထောင်စု သို့မဟုတ် ပြည်နယ်များမှ ဘဏ္ဍာငွေချေးယူခွင့်နှင့် ခွဲဝေခွင့်၊ အခွန်ဘဏ္ဍာ ခွဲဝေခြင်း မဟုတ်သည့် အခြား နည်းလမ်းများဖြင့် ပြန်လည်မျှဝေခြင်း စသည့်နည်းလမ်းများကို ကျင့်သုံးကြပါသည်။ သို့ရာတွင် ဖက်ဒရယ်နိုင်ငံအသီးသီး၏ အခွန်ကောက်ခံခြင်း ဘဏ္ဍာခွဲဝေခြင်းသည် နည်းမျိုးစုံဖြင့် ကွဲပြားခြားနား ကြသည်ကို တွေ့ရှိရပါသည်။

၁၃။ အမေရိကန် ပြည်ထောင်စုတွင် အစိုးရအဆင့်ဆင့် "ပြည်ထောင်စု၊ ပြည်နယ်၊ ကောင်တီ (ခရိုင်) စသည်ဖြင့်.." တို့သည် အခွန်အသီးသီးကောက်ခံခွင့် ရှိကြပါသည်။ သို့သော် ပြည်ထောင်စုမှ ကောက်ခံရရှိသည့် အခွန်ဘဏ္ဍာကို ပြည်နယ်များအား ညီတူညီမျှ ခွဲဝေပေးရန် စနစ်မရှိပါ။ ကန့်သတ် ချက်များဖြင့် ပြည်ထောင်စု အခွန်ဘဏ္ဍာကို ပြည်နယ်များအား ပြန်လည်ခွဲဝေပေးခြင်းသာ ရှိပါသည်။ ဂျာမဏီနိုင်ငံတွင် အခွန်ဘဏ္ဍာ ကောက်ခံခြင်းကို ဗဟိုပြုလုပ်ဆောင်ပြီး ကောက်ခံမှုစနစ်ကို ဒေသန္တရအား လုပ်ဆောင်စေပါသည်။ ဩစတြေးလျနိုင်ငံတွင် ပြည်ထောင်စုမှ ပြည်နယ်များကို အချိုးညီ ဘဏ္ဍာခွဲဝေခြင်း စနစ်ရှိသော်လည်း ပြည်ထောင်စု ဘဏ္ဍာလုံလောက်မှုမရှိပါက ပြည်နယ် အချင်းချင်း ပြန်လည် မျှဝေသည့် စနစ်ကျင့်သုံးပါသည်။ ယခုနောက်ပိုင်း ဖွဲ့စည်းလာသည့် ဖက်ဒရယ် နိုင်ငံများ ဖြစ်ကြသည့် တောင်အာဖရိက၊ နီပေါနှင့် ဆော်လမွန်ကျွန်းစု နိုင်ငံများတွင် အခွန်ဘဏ္ဍာ ခွဲဝေခြင်းကို တန်းတူညီမျှမှု အခြေခံပြီး လုပ်ဆောင်လာကြသည်ကို တွေ့ရှိရပါသည်။

၁၄။ ဖက်ဒရယ်စနစ်တွင် အာဏာနှင့် လုပ်ပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ အဆင့်ဆင့် ခွဲဝေထားသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများ အလွန်များပြားပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန် ဖက်ဒရယ်နိုင်ငံများတွင် နည်းလမ်း များစွာဖြင့် ဥပဒေပြဋ္ဌာန်း လုပ်ဆောင်ကြသည်ကို တွေ့ရှိရသည်။ အချို့နိုင်ငံများတွင် အထွေထွေ တရားရုံးများမှ ဖွဲ့စည်းပုံအခြေခံဥပဒေ အငြင်းပွားမှုများကို ဖြေရှင်းသကဲ့သို့ အချို့နိုင်ငံများတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ သီးသန့် တရားရုံးများ ဖွဲ့စည်းကာ ဖြေရှင်းကြသည်ကို တွေ့ရှိရသည်။ အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျနိုင်ငံနှင့် အခြားဖက်ဒရယ် နိုင်ငံအချို့တွင် တည်ဆဲတရားရုံး များက ဖွဲ့စည်းပုံအခြေခံဥပဒေ အငြင်းပွားမှုများကို ဖြေရှင်းကြပါသည်။ တောင်အာဖရိက၊ ဂျာမဏီ၊ ဆော်လမွန် ကျွန်းစုနိုင်ငံ နှင့် မြန်မာနိုင်ငံ စသည်တို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှု များကို ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး သို့မဟုတ် ခုံရုံးတွင် ဖြေရှင်းကြပါသည်။

## ■ ဖက်ဒရယ်စနစ်ဆိုင်ရာ သုံးသပ်ချက်များ

၁၅။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖက်ဒရယ်စနစ် သို့မဟုတ် မူ ကို အခြေခံထားသည် ဟု ဆိုနိုင်ရန် အထက်တွင် ဖော်ပြခဲ့သည့် စာဖြင့် ရေးသားထားသော အောက်ပါ ဖက်ဒရယ် ထောက်တိုင် ၆ ခု ပါရှိနေပါသည်-

(က) ပုဒ်မ (၄၃၆) အရ အလွယ်တကူ ပြင်ဆင်မရသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရှိခြင်း။

(ခ) အဆိုပါ ဥပဒေအရ မြန်မာနိုင်ငံသားများ အပေါ်တွင် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရဟူ၍ အစိုးရနှစ်ရပ်ရှိခြင်း။

(ဂ ) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ် အဆင့်တွင် ဥပဒေပြုခွင့်၊ အုပ်ချုပ်ခွင့်နှင့် တရားစီရင်ခွင့်တို့ကို ပိုင်းခြားထားပြီး အပြန်အလှန် ပူးပေါင်း လုပ်ဆောင်စေခြင်း။

(ဃ) အမျိုးသားလွှတ်တော်အား တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးမှ တူညီသော ကိုယ်စားလှယ် ဦးရေဖြင့် ကိုယ်စားပြုစေခြင်း။

(င) ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံး ဖွဲ့စည်းထားခြင်း။

(စ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအကြား ပူးပေါင်း လုပ်ဆောင်နိုင်ရန် နည်းလမ်းနှင့် လမ်းကြောင်းများ ထားရှိခြင်း ။

၁၆။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအရ ဖက်ဒရယ် ထောက်တိုင် (၆) ခုကို အခြေခံသော်လည်း အားနည်းချက် များစွာ ရှိသည်ကို တွေ့ရှိရပါသည်။ ပြည်ထောင်စု အစိုးရ၏ လုပ်ပိုင်ခွင့်များ အဆမတန် ကြီးမားနေပြီး တိုင်းဒေသကြီး/ပြည်နယ် အစိုးရတို့၏ လုပ်ပိုင်ခွင့်များ အလွန်အားနည်းနေသည်။ ပြည်ထောင်စု လွှတ်တော်၏ ဥပဒေပြုခွင့် အာဏာအလွန်များပြားနေပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော် တို့၏ ဥပဒေပြုခွင့်အာဏာ အလွန်နည်းပါးနေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုခွင့်၊ အုပ်ချုပ်ခွင့်နှင့် တရားစီရင်ခွင့်အာဏာများကို ပိုင်းခြားသုံးစွဲရန်နှင့် အပြန်အလှန် ထိန်းကျောင်းခြင်း ပြုရန် ပြဋ္ဌာန်းထားသော်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံး ဖွဲ့စည်းပုံနှင့်သက်တမ်း၊ ရွေးကောက်ပွဲ ကော်မရှင် ဖွဲ့စည်းပုံနှင့် သက်တမ်းစသည့်အချက်များကြောင့် ဖက်ဒရယ်စနစ်ကို အကောင်အထည် ဖော်ဆောင်ရာတွင် အားနည်းမှုများ ရှိနေပါသည်။

၁၇။ တိုင်းဒေသကြီး (၇) ခု နှင့် ပြည်နယ် (၇) ခုကို ညီမျှစွာ ကိုယ်စားပြုသည့် အမျိုးသား လွှတ်တော်၏ သီးသန့်ဥပဒေပြုပိုင်ခွင့်များ မရှိခြင်း၊ လူဦးရေနှင့်မြို့နယ်များကို အခြေခံထားသည့် ပြည်သူ့လွှတ်တော်နှင့် လုပ်ပိုင်ခွင့်တူညီနေသည့်အပြင် လွှတ်တော်နှစ်ရပ်ပေါင်းထားသည့် ပြည် ထောင်စု လွှတ်တော်သည် ဥပဒေပြုခွင့်ရှိနေခြင်းကြောင့် ဖက်ဒရယ်စနစ်ကို အကောင်အထည် ဖော်ရန် အားနည်းစေသည်။ ထို့အပြင် ဗမာတိုင်းရင်းသားများအများစု ပါဝင်နေသည့် တပ်မတော်မှ အမျိုးသား လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့တွင် ၂၅% ကိုယ်စားပြုမှု ရရှိနေခြင်း တို့ကြောင့် ဖက်ဒရယ် စနစ်တွင် အရေးကြီးသည့် အမျိုးသားလွှတ်တော်၏ အခန်းကဏ္ဍ မှေးမှိန်နေသည်။ ပြည်ထောင်စုသမ္မတအပါအဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံတမန်များ၊ တရား သူကြီးများ၊ ပြည်ထောင်စုအဆင့်ရှိ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ စသည်တို့ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့်သာ လုပ်ဆောင်ရသဖြင့် ဖက်ဒရယ်စနစ်၏ အနှစ်သာရများကို ဖော်ဆောင်ရန် အခက်အခဲဖြစ်စေသည်။

၁၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းပေးမည့် ပြည်ထောင်စု အခြေခံဥပဒေဆိုင်ရာခုံရုံးကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းထားပါသည်။ သို့သော် အဆိုပါ ခုံရုံး၏လုပ်ပိုင်ခွင့်၊ ခုံရုံးအဖွဲ့ဝင်များ၏ သက်တမ်းနှင့် ခုံရုံးသို့ အမှုများတင်သွင်းခွင့်တို့သည် ကန့်သတ်ချက်များ ရှိနေသဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများအကြား၊ ပြည်နယ်အစိုးရ အချင်းချင်းတို့ အကြားတွင် ဖွဲ့စည်းပုံဆိုင်ရာ အငြင်းပွားမှုများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အခက်အခဲဖြစ်စေပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံးအဖွဲ့ဝင်များ၏ သက်တမ်းကို လွှတ်တော်၏ သက်တမ်းနှင့် အညီထားရှိခြင်းကြောင့် လွတ်လပ်ပြီးတရားမျှတသည့် အခြေခံဥပဒေဆိုင်ရာ တရား စီရင်မှုများ မဖြစ်ပေါ်စေနိုင်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ခုံရုံးသို့ တင်သွင်းခွင့် ရှိသည့် ပုဂ္ဂိုလ်များအား အခြေခံဥပဒေအရ ကန့်သတ်ထားသဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ခုံရုံးသည် နိုင်ငံသား အနည်းငယ်ကသာ အမှုဖွင့်ခွင့်ရှိသော ခုံရုံးဖြစ်နေသကဲ့သို့ အခြေခံဥပဒေဆိုင်ရာ အခွင့်အရေးချိုးဖောက်ခံရသည့် နိုင်ငံသားများနှင့် မသက်ဆိုင်သည့် ခုံရုံးဖြစ်နေပါသည်။ အလားတူ ခုံရုံးအဖွဲ့ဝင်များအား သမ္မတနှင့် လွှတ်တော်ဥက္ကဋ္ဌ နှစ်ဦးတို့ကသာ အမည်စာရင်းတင်သွင်းခွင့်ပြုထားခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများအားလုံးနှင့် သက်ဆိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ကျယ်ပြန့်စွာ စဉ်းစားဆုံးဖြတ်နိုင်ရန် အခက်အခဲများ ဖြစ်စေနိုင်ပါသည်။

၁၉။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၂၉ မှ ၂၃၁ အထိ ပြည်ထောင်စု ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ပေးသွင်းရမည့်အခွန်အခများကို ပြဋ္ဌာန်းထားပါသည်။ ပြည်ထောင်စု ဘဏ္ဍာရေး ကော်မရှင်ကို ၂၁ ဦး ဖြင့် ဖွဲ့စည်းရာတွင် ပြည်ထောင်စု လွှတ်တော်မှ ရွေးချယ်သည့် ၃ ဦး နှင့် သမ္မတက ရွေးချယ်ပြီး လွှတ်တော်မှ အတည်ပြု ခန့်ထားသည့် ၁၈ ဦးတို့ ပါဝင်ပါသည်။ ထို့ကြောင့် ပြည်ထောင်စု ဘဏ္ဍာရေးကော်မရှင်အပေါ် ပြည်ထောင်စု လွှတ်တော်၏ လွှမ်းမိုးမှု မြင့်မားနေခြင်းကြောင့် ပြည်ထောင်စုလွှတ်တော်၏ အလိုကျ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုများ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို အချိုးညီကိုယ်စားပြုသည့် အမျိုးသားလွှတ်တော်အနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအား ကိုယ်စားပြုခြင်း မရှိသကဲ့သို့ ဖြစ်စေပါသည်။

၂၀။ မြန်မာနိုင်ငံသည် ပါလီမန်စနစ်၊ တစ်ပါတီ ဆိုရှယ်လစ်စနစ်နှင့် တပ်မတော်အုပ်ချုပ်ရေး စနစ်များကို ကာလရှည်ကြာ ကျင့်သုံးလာခြင်းတို့ကြောင့် ဗဟိုဦးစီးလုပ်ဆောင်မှုများ အားကောင်းနေပြီး ဒေသန္တရဦးစီးမှုလုပ်ဆောင်မှုများ အားနည်းနေပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုစေကာမူ ဗြိတိသျှအစိုးရ လက်အောက်၊ ပါလီမန်အစိုးရခေတ်၊ ဆိုရှယ်လစ်အစိုးရ လက်အောက်နှင့် တပ်မတော်အစိုးရ လက်အောက်တို့တွင် ပြဋ္ဌာန်းခဲ့သည့် တည်ဆဲဥပဒေများအရ စီမံခန့်ခွဲမှုများကို ပြုလုပ်နေရသဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်တို့အကြား ပူးပေါင်းလုပ်ဆောင်ရမည့် ကိစ္စရပ်များတွင် အားနည်းနေပါ သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး အားနည်းမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ

ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရတို့ လုပ်ပိုင်ခွင့်ထပ်တူကျသည့် ကိစ္စရပ်များတွင် အဆုံးအဖြတ်ခံယူရန် အခက်အခဲများလည်း ရှိနေပါသည်။

## ■ ဖက်ဒရယ်စနစ်ဆိုင်ရာ စဉ်းစားရွေးချယ်စရာများ

၂၁။ ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် ဖက်ဒရယ်စနစ်နှင့် သက်ဆိုင်သည့် အောက်ပါအချက်များကို အခြေခံလျှက် ပါဝင်သင့်ပါဝင်ထိုက်သူများ အနေဖြင့် စဉ်းစားရွေးချယ်စရာများမှာ -

(က) ပြည်ထောင်စုလွှတ်တော်ကို ဥပဒေပြုခွင့်ရှိသည့် လွှတ်တော်အဖြစ် ဆက်လက်မထားရှိခြင်း။

(ခ) ဥပဒေပြုခွင့်မရှိသော်လည်း နိုင်ငံတော်သမ္မတ မိန့်ခွန်းပြောကြားခြင်းများ၊ နိုင်ငံခြားတိုင်းပြည်များ အလည်အပတ် ရောက်ရှိရာတွင် လွှတ်တော်နှစ်ရပ် ကိုယ်စားလှယ်များ စုဝေးသည့် (Symbolic) လွှတ်တော်အဖြစ် ဆက်လက်ထားရှိခြင်း။

(ဂ) ဘတ်ဂျက် ကိစ္စမှလွဲ၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ကို ဥပဒေပြုခွင့် အာဏာတန်းတူပေးခြင်း။

(ဃ) တိုင်းရင်းသားလူမျိုးများ နှင့် သက်ဆိုင်သည့် ဥပဒေပြုခြင်း၊ ပြည်ထောင်စုနှင့်သက်ဆိုင်သည့် ဥပဒေပြုခြင်းများတွင် အမျိုးသားလွှတ်တော်အား အထူးဥပဒေပြုခွင့် သို့မဟုတ် ဆုံးဖြတ်ခွင့် ပေးခြင်း။

(င) ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေရာတွင် -
   (၁) အတိအကျ ပြဋ္ဌာန်းထားသည့် အာဏာများ (Enumerated Powers) ပြဋ္ဌာန်းခြင်း။
   (၂) ကြွင်းကျန် အာဏာများ (Residual Powers) များကို ပြည်နယ် သို့မဟုတ် ပြည်ထောင်စု အား အတိအကျ အပ်နှင်းခြင်း။
   (၃) ထပ်တူပြုအာဏာများ (Concurrent Powers) များကို အတိအကျ ရေးဆွဲပြဋ္ဌာန်းခြင်း။
   (၄) ပြည်ထောင်စု လွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်များမှ ဥပဒေပြုခွင့် မရှိသည့် အာဏာများ (Restricted Powers) ပြဋ္ဌာန်းခြင်း။
   (၅) ပြည်ထောင်စု အဆင့် ဖြစ်ခြင်း၊ ပြည်နယ်အဆင့် ဖြစ်ခြင်းကြောင့် ဥပဒေပြုခွင့် အမွေဆက်ခံခွင့်အရ ဥပဒေပြုခွင့်အာဏာ (Inherent Powers) ကို "မူ" အားဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းခြင်း။
   (၆) ပြည်ထောင်စု အခွန်ကောက်ခံခွင့်နှင့် ရရှိသည့်ဘဏ္ဍာကို ပြည်နယ်များအား အချိုးတူ၊ အချိုးညီ မျှဝေခြင်း ဥပဒေပြုခြင်း။
   (၇) ပြည်ထောင်စု သို့မဟုတ် ပြည်နယ်များ၏ ဘဏ္ဍာချေးယူခွင့် အာဏာကို ပြဋ္ဌာန်းခြင်း။
   (၈) ပြည်နယ် တစ်ခုနှင့် တစ်ခုအကြား အခွန်ဘဏ္ဍာ မျှဝေခွင့် ပြုခြင်း။

(၉) ပြည်ထောင်စု ဘဏ္ဍာကို ကန့်သတ်ချက်ဖြင့် ပြည်နယ်များအား ထောက်ပံ့ခြင်း ပြုခြင်း။

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံး နှင့် ပတ်သက်၍-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံးအဖွဲ့ဝင်များ ရွေးချယ်ခြင်း၊ အတည်ပြုခြင်းကို ပြန်လည် သုံးသပ်ခြင်း။

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံးအဖွဲ့ဝင်များ၏ သက်တမ်းနှင့် လုပ်ပိုင်ခွင့်များကို ပြန်လည် သုံးသပ်ခြင်း။

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံးအဖွဲ့ဝင် တာဝန်ထမ်းဆောင်ခဲ့သူများ ပြန်လည် ရွေးချယ်ခန့် အပ်ခွင့် ပြုခြင်း။

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံးသို့ အမှုများ စတင် တင်သွင်းခွင့်ကို ပြင်ဆင်ခြင်း။

(၅) ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံးမှ နစ်နာကြေးဆိုင်ရာ ဆုံးဖြတ်ခွင့်ချရန် ခွင့်ပြုခြင်း။

# အခန်း ၇

# တိုင်းရင်းသားလူနည်းစုအခွင့်အရေး ကာကွယ်ခြင်း

## ■ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းကော်မတီ၏ စုစည်းချက်

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေး စုစည်းချက်များတွင် *"ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ကာကွယ်ပြဋ္ဌာန်းပေးရန်၊ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းရှိ တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို အပြည့်အဝကာကွယ်ပေးနိုင်ရန်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ 'Autonomous Regions' နှင့် အမျိုးသားနယ်မြေများ 'National Areas' ကို ဥပဒေနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းရန်၊ တိုင်းရင်းသားလူနည်းစုများက မိမိတို့၏ယဉ်ကျေးမှု၊ ဘာသာစကားနှင့် အမျိုးသားရေးလက္ခဏာများကို ထိန်းသိမ်း၊ ကာကွယ်၊ မြှင့်တင်ခွင့်ရှိစေရန်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစသည်တို့ တိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်ခွင့်အာဏာများကိုလည်း အပြည့်အဝ အပ်နှင်းထားရန်၊ ဥပဒေပြုရေးတွင် ထိုက်သင့်သောကိုယ်စားလှယ်ဦးရေရရှိစေရန်၊ ပြည်ထောင်စု အတွင်းရှိ တိုင်းရင်းသားလူနည်းစုများသည် မိမိဓလေ့ထုံးတမ်းအရ တရားစီရင်ပိုင်ခွင့်ရှိရန်၊ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူနည်းစုများ၏ လူမျိုးဖြစ်ခြင်းကို မိမိတို့၏ဓလေ့ထုံးတမ်း အစဉ်အလာအရ ဆုံးဖြတ်ပိုင်ခွင့်ရှိရန်နှင့် တိုင်းရင်းသားလူနည်းစုများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်ဖွံ့ဖြိုးစေရေးအတွက် ပံ့ပိုးကူညီခြင်း၊ ဥပဒေဖြင့် အကာအကွယ်ပေးခြင်း၊ အခွင့်အလမ်းမြှင့်တင် ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးရန်"* တို့ ပါရှိပါသည်။

၂။ တိုင်းရင်းသားလူနည်းစုများ အခွင့်အရေးကာကွယ်ခြင်းအခန်းတွင် ပါရှိသည့် အချက်များအနက် ဆက်လက်ဆွေးနွေးရန် လိုအပ်သည့် အချက်များမှာ "ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသား လူနည်းစု အခွင့်အရေး ကာကွယ်သည့် ဥပဒေပြဋ္ဌာန်းရန်၊ ပြည်နယ်များအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသများနှင့် အမျိုးသား နယ်မြေများဖွဲ့စည်းရန်၊ ထိုက်သင့်သောကိုယ်စားပြုမှုရှိစေရန်၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ တရားစီရင်ခွင့် ရှိစေရန်နှင့် တိုင်းရင်းသားလူမျိုးဖြစ်ခြင်းကို ဓလေ့ထုံးတမ်းစဉ်လာအရ ဆုံးဖြတ်ခွင့် ရှိရန်" တို့ ဖြစ်ပါသည်။

## ■ တိုင်းရင်းသားလူနည်းစု အခွင့်အရေး ကာကွယ်ခြင်းနှင့် ပတ်သက်သော နောက်ခံအကြောင်းအရာများ

၃။ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေး (ဖဆပလ) ညီလာခံက ရေးသား အတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းတွင် တိုင်းရင်းသားလူနည်းစုများ အခွင့်အရေးကို ပြည့်စုံစွာ ထည့်သွင်းရေးသားခဲ့သည်။ အဆိုပါ ဥပဒေမူကြမ်းတွင် တိုင်းရင်းသားလူနည်းစု ဆိုသည်မှာ *"လူမျိုးအရဖြစ်စေ၊ ဘာသာစကားအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ သမိုင်းကြောင်းနှင့် ဓလေ့ထုံးတမ်းအရဖြစ်စေ ဗမာလူမျိုးမဟုတ်သူများနှင့် မြန်မာနိုင်ငံလူဦးရေ စုစုပေါင်း၏ အနည်းဆုံး ၁၀ ပုံ ၁ ပုံ ရှိသူ သို့မဟုတ် မြန်မာနိုင်ငံအစိတ်အပိုင်းတစ်ခုရှိ လူဦးရေစုစုပေါင်း၏ အနည်းဆုံး ၁၀ ပုံ ၁ ပုံ ရှိသည့်လူမျိုးကို ဆိုလိုသည်"* ဟု ရေးသားအတည်ပြုခဲ့ကြသည်။[75] အဆိုပါ လူနည်းစုဆိုင်ရာ ဥပဒေများကို လွှတ်တော်က ပြဋ္ဌာန်းရာတွင် လူနည်းစုနှင့် သက်ဆိုင်သည့် လွှတ်တော် နစ်ရပ်၏ အများစု သဘောထားဖြင့် ဥပဒေပြုရန် ဖြစ်ပါသည်။[76] ထို့အပြင် တိုင်းရင်းသား လူနည်းစုဟု သတ်မှတ် ခံရသူများသည် "လူ့အခွင့်အရေး၊ တိုင်းရင်းသားယဉ်ကျေးမှုအခွင့်အရေး၊ လွတ်လပ်စွာဖြင့် ယဉ်ကျေးမှု ဆိုင်ရာစည်းရုံးခွင့်၊ မွေးရာပါလူ့အခွင့်အရေးများ၊ နိုင်ငံသားဖြစ်ခွင့်၊ အသက်နှင့် လွတ်လပ်မှုကို အကာအကွယ်ပေးခွင့်၊ တရားဥပဒေရှေ့တွင် တန်းတူခွင့်၊ လူမှုရေးနှင့် နိုင်ငံရေး လွတ်လပ်ခွင့်၊ ဘာသာရေးလွတ်လပ်ခွင့်၊ ခွဲခြားဆက်ဆံခြင်းမှ လွတ်လပ်ခွင့်၊ စီးပွားရေးအခွင့်အလမ်း တန်းတူခွင့်" စသည်တို့ကို ရရှိစေရမည်။ "ဤအခွင့်အရေးများ အားလုံးသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အခြေခံအခွင့်အရေး အခန်းတွင် ပါရှိသော်လည်း လူနည်းစုများ၏ အခွင့်အရေးကို အကာအကွယ်ပေးကြောင်း ခိုင်လုံစေရန် ထပ်မံ ထည့်သွင်းရခြင်းဖြစ်သည်" ဟု ပါရှိပါသည်။[77] ၎င်းအပြင် ဘာသာစကားနှင့် ယဉ်ကျေးမှု ကွဲပြားမှုကြောင့် ခွဲခြားဆက်ဆံခြင်းမှ အကာအကွယ် ပေးခြင်း၊ ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ လွတ်လပ်စွာ လုပ်ဆောင်ခွင့်၊ ပြည်သူ့လွှတ်တော်တွင်

---

75 Article 4, Burma Union and Its Territories, 1947. Draft Constitution Approved by the AFPFL Convention. The rights of National Minority should be guaranteed to a group of persons who (i) differ from the Burmese in race, language, culture and historical tradition, and (ii) form at least one-tenth of the total population of Burma or of any unit.

76 Article 12 (A) of Legislation. The Burma Union and Its Territoies, 1947. Draft Constitution Approved by the AFPFL Convention. Any bill abridging the rights of 'The National Minorities' shall not deemed to have been passed unless the majority of members present representing the minority concerned voted in both Chambers in its favor.

77 Article 1 (i to x) of National Minorities. The Burma Union and Its Territores, 1947. The following rights should be guaranteed to such group of persons which come within the definition of "The National Minority":- (i) Human Rights, (ii) National or Cultural Rights, (iii) Freedom of Association with Cultural Autonomy, (iv) Human Rights embrace the time-honied elementary rights of man, (v) Citizenship, (vi) Protection of Life and Liberty, (vii) Equality before the Law, (viii) Civil and Political Rights, (ix) Religious Freedom, (x) Freedom from discrimination generally, including equality of economic opportunity. (Note: These wold be included in the Chapter relating to the Fundamental Rights. These are repeated here in order to give a complete picture of the safeguard accords to the national minorities).

ထိုက်သင့်သော လူနည်းစုကိုယ်စားပြုခွင့် ရရှိစေရန်နှင့် အမျိုးသားလွှတ်တော်တွင် လူနည်းစုများ ပိုမိုကိုယ်စားပြုခွင့်ရရှိရေး၊ အစိုးရမှ ယဉ်ကျေးမှုနှင့် ပညာရေး ဆိုင်ရာ ကဏ္ဍများအတွက် လိုအပ်သော ထောက်ပံ့မှုများ ပေးရန်ဆိုသည့် အချက်များလည်း ပါဝင်သည်။[78]

၄။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ပုဒ်မ ၁၃ တွင် "ဇာတိမရွေး၊ကိုးကွယ်ရာ ဘာသာမရွေး၊ ယောကျ်ားမိန်းမမရွေး၊ လူမျိုးမရွေး နိုင်ငံသားဟူသမျှသည် နိုင်ငံတော် တရားဥပဒေ အရာတွင် အညီအမျှသာဖြစ်သည်။ ဆိုလိုရင်းမှာ နိုင်ငံသား တစ်ဦးနှင့်တစ်ဦးကို (သို့မဟုတ်) နိုင်ငံသား လူတန်းစား အသီးသီးကို တဖက်သတ်သဘောအတိုင်း ခွဲခြားခြင်းမပြုရ" ဟု လည်းကောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၁၃ (ခ) နှင့် ၁၅၃ (ခ) တို့တွင် "တိုင်းရင်းသား လူမျိုးများသည် မိမိတို့ကိုးကွယ်သည့်ဘာသာနှင့် ချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတို့ကို ဥပဒေများနှင့်ဖြစ်စေ၊ အများအကျိုးနှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင် လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ပြုစုပျိုးထောင်ခွင့်၊ ပြောဆိုရေးသားကျင့်သုံးခွင့်ရှိသည်" ဟုလည်းကောင်း ပုဒ်မ ၁၅၂ (ခ) တွင် "မြန်မာစာသည်အများသုံးစာဖြစ်သည်၊ ကျန်တိုင်းရင်းသားများ၏ စာများကိုလည်း သင်ကြားခွင့်ရှိသည်" စသည်ဖြင့် ပြဋ္ဌာန်းထားသည်။ တိုင်းရင်းသားလူနည်းစုကို ရည်ညွှန်းသည့် တိကျသော အခွင့်အရေးများ ပြဋ္ဌာန်းခဲ့ခြင်း မရှိသော်လည်း နိုင်ငံသားနှင့် တိုင်းရင်းသားများ ဆိုသည့် အခွင့်အရေးများ ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။

## ■ တိုင်းရင်းသားလူနည်းစု အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ စံနှုန်းနှင့်နမူနာများ

၅။ တိုင်းရင်းသား လူနည်းစုအခွင့်အရေးများ တန်းတူညီမျှမှုနှင့် ပတ်သက်ပြီး နိုင်ငံအချို့တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။ ပြင်သစ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "လူမျိုး၊ ဘာသာ

---

78 Article 1 (1) of the National Minorities. The Burma Union and Its Territories, 1947. Draft Constitution Approved by the AFPFL Convention. National and Cultural Rights. Special safeguard against linguistic and educational discrimination should be provided for. 2. Freedom of association with cultural autonomy - This right of association already guaranteed as a fundamental right would lead minorities as measure of organic existence especially for protection against discrimination. The minorities will be entrusted by the State with autonomous management for their educational and cultural affairs. In other words, a Council chosen democratically by the members of the minorities would become the agency of the State for the administration of the educational and cultural institutions of that particular group. The Government of the State should have the authority to set normal standards for the entire population of the country, and it should exercise general supervision. But the direction and management of the minorities's institutions should be in their own hands. 3. The financing of the educational and cultural undertakings of a minority should be to a large extend the responsibility of the State. To avoid all quarrels over the 'due' or 'equitable share' provision should be made for an allotment proportional to the numbers of the minority. A minority should, however, be authorized to supplement such State funds by levying taxes upon its own members, subject always to the supervision of the State authorities. 4. In the Chamber of Deputies a certain number of seats proportional to their population should be reserved to the national minorities. In the Chamber of Nationalities greater weightage may be given.

အယူဝါဒ စသည်များ ကွဲပြားခြင်းတို့သည် ဖယ်ရှားငြင်းပယ်မရသော အခွင့်အရေးများ ဖြစ်ကြသည်” ဟုလည်းကောင်း၊[79] ဂျာမဏီနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် “မည်သည့် ဘာသာသာသနာကို မဆို ကိုးကွယ်ခြင်း၊ မကိုးကွယ်ခြင်း တို့ကြောင့် ခွဲခြားဆက်ဆံခြင်း မရှိစေရ” ဟုလည်းကောင်း၊[80] မက္ကဆီကို နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင် *"မည်သည့်နည်းဖြင့်မဆို လူမျိုး၊ မူရင်းနိုင်ငံ၊ ကိုးကွယ်သည့် ဘာသာ စသည်တို့နှင့် အခြားအကြောင်းများကိုအခြေခံပြီး လူသားဂုဏ်သိက္ခာကို ကျဆင်းစေခြင်း၊ လွတ်လပ်ခွင့်ကို လက်လွှတ်စေခြင်းတို့ကို တားမြစ်သည်”* ဟုလည်းကောင်း၊[81] ရုရှားဖက်ဒရေးရှင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် *"မည်သည့်နည်းဖြင့်မဆို လူမှုရေး၊ လူမျိုးရေး၊ အမျိုးသားရေး၊ ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှုတို့ကို အခြေခံသည့် ကန့်သတ်ခြင်းအားလုံးကို တားမြစ်သည်”* ဟု လည်းကောင်း၊[82] ဆွစ်ဇာလန် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင် *"မည်သူကိုမဆို စတင်မြစ်ဖျားခံခြင်း၊ လူမျိုး၊ လိင်၊ အသက်၊ ဘာသာစကား ဘာသာရေးနှင့် နိုင်ငံရေး စသည့်တို့ကို အခြေခံပြီး ခွဲခြား ဆက်ဆံခြင်း မရှိစေရ”*ဟုလည်းကောင်း၊[83] ချက်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် *"လူတိုင်းသည် လူမှုအရင်းခံ၊ အမျိုးသား အဖွဲ့ဝင်ဖြစ်ခြင်း သို့မဟုတ် တိုင်းရင်းသား လူနည်းစုဖြစ်ခြင်း သို့မဟုတ် အခြားအကြောင်းအရာများကြောင့် အခြေခံလူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များ ခံစားခွင့်ကို မဆုံးရှုံးစေရ”*ဟုလည်းကောင်း၊[84] နယူးဇီလန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် *"တိုင်းရင်းသားဖြစ်ခြင်း သို့မဟုတ် အခြားလူမျိုးဖြစ်ခြင်း စသည်တို့ကြောင့်ဖြစ်စေ တိုင်းရင်းသားဖြစ်ခွင့်နှင့် နိုင်ငံသားဖြစ်ခွင့် တားမြစ်ခြင်းကို ပိတ်ပင်သည်”*ဟုလည်းကောင်း၊[85] ဗီယက်နမ်နိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် *"တိုင်းရင်းသားလူမျိုးအားလုံးသည် တန်းတူညီမျှကြပြီး၊ တိုင်းရင်းသားလူမျိုးများအကြား ခွဲခြား*

---

79 Preamble of Constitution of French, 1958 (rev. 2008). The people of France proclaim anew that each human being, without distinction of race, religion or creed, possesses sacred and inalienable rights.

80 Article 33 (3) of Constitution of Germany, 1949 (rev. 2014). No one may be disadvantaged by reason of adherence or non-adherence to a particular religious denomination or philosophical creed.

81 Chapter 1, Article 1 of Constitution of Mexico, 1917 (rev. 2015). Any form of discrimination, based on ethnic or national origin, … religion, … or any other form, which violates the human dignity or seeks to annul or diminish the rights and freedoms of the people, is prohibited.

82 Chapter 2, Article 19 (2) of Constitution of Russian Federation, 1993 (rev. 2014). All forms of limitations of human rights on social, racial, national, language or religious grounds shall be prohibited.

83 Chapter 1, Article 8 (2) Constitution of Switzerland, 1999 (rev. 2014). No person may be discriminated against, in particular on grounds of origin, race, gender, age, language, social position, way of life, religious, ideological, or political convictions, or because of a physical, mental or psychological disability.

84 Chapter 1, Article 3 (1) of Constitution of Czech Republic, 1993 (rev. 2013). Everyone is guaranteed the enjoyment of her fundamental rights and basic freedoms without regard to ….. social origin, membership in a national or ethnic minority, …. or other status.

85 Human Rights Act 1993, Part 2, Sub-part 3, Article 21 (1) (g) of Constitution of New Zealand, 1852 (rev. 2014). For the purposes of this Act, the prohibited grounds of discrimination are … ethnic or national origins, which includes ….. citizenship.

*ဆက်ဆံခြင်း လုပ်ရပ်ကို တင်းကြပ်စွာတားမြစ်သည်"* ဟုအသီးသီး ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။[86]

## ■ တိုင်းရင်းသားလူနည်းစု အခွင့်အရေး ဆိုင်ရာ သုံးသပ်ချက်များ

၆။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဦးဆောင်ရေးဆွဲခဲ့သည့် ဖဆပလ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတွင် တိုင်းရင်းသား လူနည်းစုများဆိုသည့် အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုခြင်း၊ တိုင်းရင်းသားလူနည်းစုအဖြစ် သတ်မှတ်ရန် လိုအပ်သည့် ဝိသေသလက္ခဏာများကို တိကျစွာသတ်မှတ်ထားခြင်း၊ နိုင်ငံသား အားလုံးနှင့် သက်ဆိုင်သည့် အခြေခံအခွင့်အရေးတွင် ပြဋ္ဌာန်းထားသော်လည်း ပိုမိုခိုင်မာစေရန် တိုင်းရင်းသားလူနည်းစုများ ရသင့်ရထိုက်သော အခွင့်အရေးများကို ဇယားဖြင့် ချမှတ်ခြင်းများ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရသည်။

၇။ လွတ်လပ်ရေးရရှိပြီးနောက် ကျင့်သုံးခဲ့သည့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ တို့တွင် တိုင်းရင်းသားလူနည်းစု ဆိုသည့်စကားရပ်များ ပါဝင်လာခြင်းမရှိသည်ကို တွေ့ရှိရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းရင်းသား လူနည်းစု အဖြစ်သတ်မှတ်ထားခြင်းမရှိသဖြင့် အဆိုပါလူနည်းစုများ၏ လူမှုရေး၊ ဘာသာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများကို အကာအကွယ်ပေးရန် ခက်ခဲလာသည်။ နိုင်ငံသားများ အခွင့်အရေးအောက်တွင် အဆိုပါ မတူကွဲပြားသည့် ကိုယ်ပိုင် ဝိသေသလက္ခဏာ အားလုံးပေါင်းစည်းခြင်းကြောင့် တန်းတူညီမျှမှုကို ဖော်ဆောင်နိုင်ရန် အခက်အခဲ ဖြစ်စေသည်။

၈။ ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ် ကျင့်သုံးသည့် နိုင်ငံများတွင် တိုင်းရင်းသားလူနည်းစု အခွင့်အရေးများကို အကာအကွယ်ပေးထားသည်ကို တွေ့ရှိရသည်။ အမေရိကန်နိုင်ငံရှိ လူနည်းစု ဌာနေတိုင်းရင်းသားများ၊ ဩစတေးလျနိုင်ငံရှိ ပင်ရင်းဌာနေ တိုင်းရင်းသားများ၊ ကနေဒါ နိုင်ငံရှိ ဌာနေတိုင်းရင်းသားများသည် နိုင်ငံသားများ မရရှိနိုင်သည့် အထူးအခွင့်အရေးများကိုပင် ရရှိနေကြသည်ကို တွေ့ရှိ နိုင်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီ ပြည်ထောင်စု စနစ်ကို ကျင့်သုံးသည့် တိုင်းပြည်ဖြစ်ပါသည်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေအရ မြန်မာနိုင်ငံတွင် ၁၈၂၃ ခုနှစ် မတိုင်မီကတည်းက ပင်ရင်းနိုင်ငံအဖြစ် နေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားများနှင့် တိုင်းရင်းသား မျိုးနွယ်စုများအကြား လူနည်းစုတိုင်းရင်းသားမျိုးနွယ်စုများ၏အခွင့်အရေးများ ရရှိရေးသည် မရှိမဖြစ် လိုအပ်သော အခွင့်အရေးပင်ဖြစ်ပါသည်။

86 Chapter 1, Article 5 (2) of Constitution of Viet Nam, 1992 (rev. 2013). All nationalities are equal,….; all acts of national discrimination and division are strictly forbidden.

## ■ တိုင်းရင်းသားလူနည်းစု အခွင့်အရေးဆိုင်ရာ စဉ်းစားရွေးချယ်စရာများ

၉။ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး နိုင်ငံရေး ဆွေးနွေးပွဲများတွင် ပါဝင်သင့်ပါဝင်ထိုက်သူများအနေဖြင့် တိုင်းရင်းသားလူနည်းစု အခွင့်အရေးနှင့် စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားသင့်သော စဉ်းစားရွေးချယ်စရာများမှာ -

(က) တိုင်းရင်းသားလူနည်းစု အခွင့်အရေးများကို ဖဆပလ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို အခြေခံပြီး ပြည်စုံစွာ ဖြည့်စွက်ရေးသား ပြဋ္ဌာန်းခြင်း။

(ခ) ဓလေ့ထုံးတမ်းစဉ်လာ တရားစီရင်ရေး စနစ်ကို လက်ခံရန် သင့်မသင့်။ လက်ခံပါက တရားမမှုများတွင် ဖြစ်စေ၊ ရာဇဝတ်မှုများတွင် ဖြစ်စေ မည်သည့် အတိုင်းအတာအထိ လက်ခံ ကျင့်သုံးရန် သင့်မသင့်၊ လက်ခံရန် သဘောတူကြပါက ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် "မူ" အားဖြင့် လက်ခံပြီး အသေးစိတ်ကို ဥပဒေအားဖြင့် ပြဋ္ဌာန်းခြင်း။

(ဂ) လူမျိုးအမည်အား ဓလေ့ထုံးတမ်း ဥပဒေအရ သတ်မှတ်ခွင့်ပြုရန် သင့်မသင့်၊ သတ်မှတ်ခွင့်ပြုပါက မြန်မာနိုင်ငံသား ဥပဒေ တွင် ပြဋ္ဌာန်းထားသည့် တိုင်းရင်းသား လူမျိုးအမည် (၈) ခု အပြင် မျိုးနွယ်စုများဆိုင်ရာ ပြဋ္ဌာန်းချက်အပေါ် မည်သို့ အကျိုးသက်ရောက်မှု ရှိမည်ကို ဥပဒေတွင် ပြဋ္ဌာန်းခြင်း။

(ဃ) နိုင်ငံသားမှတ်ပုံတင်ကတ်ပြားနှင့် နိုင်ငံကူးလက်မှတ်များတွင် တိုင်းရင်းသား လူမျိုးများ၏ အမည်များ ထည့်သွင်းရေးသားခြင်းကို တားမြစ်ခြင်း။

(င) တိုင်းရင်းသားလူမျိုး၊ တိုင်းရင်းသားလူမျိုးများ၊ တိုင်းရင်းသားမျိုးနွယ်စုများ ဆိုသည့် စကားရပ်များကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ အနက်ပြန်ရာတွင် လည်းကောင်း၊ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ အနက်ပြန်ရာတွင် လည်းကောင်း တိကျသည့် မူများချမှတ်ခြင်းနှင့် ဥပဒေပြဋ္ဌာန်းခြင်း။

# အခန်း ၈

# ဒီမိုကရေစီ၊ အခြေခံအခွင့်အရေးနှင့် ကျား/မ တန်းတူမှု

## ■ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းကော်မတီ၏ စုစည်းချက်

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေး စုစည်းချက်များတွင် *"ဘာသာရေးအယူဝါဒ၊ အသားအရောင်၊ လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံခြင်း မရှိစေဘဲ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေး တို့ကို ကာကွယ်ပြဋ္ဌာန်းပေးရန်၊ ပြည်ထောင်စုနိုင်ငံသားအဖြစ် ခံယူထားသော နိုင်ငံသားတိုင်းသည် နိုင်ငံသားများ၏အခြေခံအခွင့်အရေး (Citizen Rights) များကို အပြည့်အဝ ခံစားခွင့်ရှိစေရန်၊ နိုင်ငံသားတိုင်း၏ မွေးရာပါရပိုင်ခွင့်ဖြစ်သော အခြေခံလူ့အခွင့်အရေးများကို မည်သည့် အခြေအနေ အောက်တွင်မှ ရုပ်သိမ်းခွင့်မရှိစေရန်၊ တိုင်းရင်းသားများအားလုံးသည် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ခံစားခွင့်ရှိသည့် တသီးပုဂ္ဂလအခွင့်အရေးများ (Individual Rights) နှင့် တိုင်းရင်းသားလူမျိုးများ လူမျိုး အလိုက်ခံစားခွင့်ရှိသည့် စုပေါင်းအခွင့်အရေးများ (Collective Rights) များကို အပြည့်အဝ ခံစားပိုင်ခွင့်ရှိစေရန်၊ ကျား/မဆိုင်ရာလိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံမှုများကို ဥပဒေ အားဖြင့် လုံးဝပိတ်ပင်ဟန့်တားထားရန်၊ နိုင်ငံတော်သည် အမျိုးသမီးများ၏ လုံခြုံရေးကို အကာ အကွယ်ပေးနိုင်သည့် တရားဥပဒေစိုးမိုးမှုရှိသော ပတ်ဝန်းကျင် ဖန်တီးပေးရန်၊ အမျိုးသမီးများကို ကဏ္ဍပေါင်းစုံတွင်နေရာရရှိရေး ဖန်တီးပေးရန်နှင့် အမျိုးသမီးများကို နိုင်ငံရေး၊ ဥပဒေပြုရေး အဆင့် တိုင်းတွင် (၃၀) ရာခိုင်နှုန်းအနည်းဆုံး ပါဝင်ရေး ချမှတ်ရန်"* တို့ ပါရှိပါသည်။

၂။ ဒီမိုကရေစီ၊ အခြေခံအခွင့်အရေးနှင့် ကျား/မ တန်းတူမှု ခေါင်းစဉ်အောက်တွင် ပါရှိသည့် အချက်များစွာသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် အချက်များ ဖြစ်ပါ သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မပါရှိသည့် "အခွင့်အရေးများ မည်သည့် အချိန်၌မဆို လုံးဝရုပ်သိမ်းခြင်းမရှိရေး၊ အမျိုးသမီးများ ကဏ္ဍပေါင်းစုံတွင် နေရာရရှိရေးနှင့် အမျိုး သမီးများ နိုင်ငံရေး၊ ဥပဒေပြုရေး အဆင့်တိုင်းတွင် ၃၀% အနည်းဆုံး ပါဝင်ရေး" စသည့် အချက်များကို ဆက်လက်သုံးသပ်ရပါမည်။

## ■ ဒီမိုကရေစီ၊ အခြေခံအခွင့်အရေးနှင့် ကျား/မ တန်းတူမှု၊ နောက်ခံအကြောင်းများ

၃။ ဖဆပလ ညီလာခံမှ ရေးဆွဲအတည်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းတွင် *"နိုင်ငံ သားတိုင်းသည် ဇာတိ၊ ရာထူးဌာနန္တရ၊ ဘာသာရေး၊ လိင်နှင့် လူမျိုးတို့တွင် ဥပဒေအရ တန်းတူမှု*

*ရှိသည်။ အမျိုးသား၊ လူမျိုးနှင့် ဘာသာရေး မုန်းတီးမှုများကို လှုံ့ဆော်ခြင်းသည် ဤဖွဲ့စည်းပုံနှင့် ဆန့်ကျင်သဖြင့် ဥပဒေအရ အရေးယူခြင်းခံရမည်"*ဟု ပြဋ္ဌာန်းထားသည်။[87] ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၃ တွင် "ဇာတိမရွေး၊ ကိုးကွယ်ရာဘာသာ မရွေး၊ ယောကျ်ား၊ မိန်းမမရွေး၊ လူမျိုးမရွေး နိုင်ငံသားဟူသမျှသည် နိုင်ငံတော် တရားဥပဒေအရာတွင် အညီအမျှသာ ဖြစ်သည်" ဟု ပြဋ္ဌာန်းထားသည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၂ တွင် *"နိုင်ငံသားတိုင်းသည် လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အဆင့်အတန်း၊ အမျိုးသား၊ အမျိုးသမီးမရွေး ဥပဒေအရာတွင် အညီအမျှ ဖြစ်စေရမည်၊ ညီမျှသောအခွင့်အလမ်းများ ရရှိစေရမည်၊ မိမိတို့၏ ကာယ၊ ဉာဏ၊ ဝီရိယစွမ်းအား အလိုက် အချိုးကျ မျှတညီညွတ်သော ခံစားပိုင်ခွင့်များ ရရှိစေရမည်၊ ဥပဒေနှင့် အညီ အမွေခွဲဝေ ဆက်ခံခွင့် ရှိစေရမည်"*ဟု ပြဋ္ဌာန်းထားသည်။

၄။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၈ တွင် *"မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ ချမ်းသာ တို့ကိုအကြောင်းပြု၍ ခွဲခြားမှု မရှိစေရ"*ဟုလည်းကောင်း၊ ပုဒ်မ ၃၅၀ တွင် *"အမျိုးသမီးများ သည် တူညီသော အလုပ်အတွက် အမျိုးသားများ ခံစားခွင့်ရှိသော အခွင့်အရေးနှင့် လစာ တို့ကို ခံစားခွင့်ရှိသည်"*ဟုလည်းကောင်း၊ ပုဒ်မ ၃၅၂ တွင် *"နိုင်ငံတော်သည် အလုပ်အကိုင် ခန့်ထားရာတွင် ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်း ရွေးချယ်တာဝန်ပေးရာတွင် ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့် ပြည့်စုံပါက ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာသာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ် ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။ သို့ရာတွင် အမျိုးသားများနှင့်သာ သင့်လျော်ကန် သင့်မြတ်သည့် ရာထူးတာဝန် များအတွက် အမျိုးသားများအား ရွေးချယ် ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတား မဖြစ်စေရ။"* ဟုလည်းကောင်း၊ ပုဒ်မ ၃၈ (က) တွင် *"နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက် တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်"* ဟု ပြဋ္ဌာန်းထားပါသည်။ သို့ရာတွင် "အမျိုးသမီးများ၏လုံခြုံရေးကို အကာအကွယ်ပေးနိုင်သည့် တရားဥပဒေ စိုးမိုးမှုရှိသော ပတ်ဝန်း ကျင်ဖန်တီးပေးရန်၊ အမျိုးသမီးများကို ကဏ္ဍပေါင်းစုံတွင် နေရာရရှိရေး ဖန်တီးပေးရန်နှင့် အမျိုးသမီး များကိုနိုင်ငံရေး၊ ဥပဒေပြုရေး အဆင့်တိုင်းတွင် (၃၀) ရာခိုင်နှုန်း အနည်းဆုံးပါဝင်ရေး" ဆိုင်ရာ ပြဋ္ဌာန်းချက်များ မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် ပြဋ္ဌာန်းခြင်း မရှိပါ။

## ■ နိုင်ငံတကာ စံနှုန်းစံထားများ

၅။ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းကျင့်သုံးကြသည့် နိုင်ငံ များစွာတွင် ဖယ်ရှားငြင်းပယ်မရသော အခွင့်အရေးများ (Unalienable Rights) နှင့် အခြေခံ လူ့အခွင့်အရေးများ (Fundamental Rights) ဟူ၍ ပြဋ္ဌာန်းကြသည်ကို တွေ့ရှိရသည်။ နိုင်ငံများစွာ

87 Arcile 3 and 4 (A) of Rights and Equality. The Burma Union and Its Territories, Draft Constitution Approved by AFPFL Convention.

ဖွဲ့စည်းပုံများတွင် အထက်ပါ အခွင့်အရေးများကို စာဖြင့်အသေအချာ ရေးသားပြဋ္ဌာန်းကြရာ ဘရာဇီးနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အချက်ပေါင်း ၇၆ ခုကို ရေးသားပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။[88] ဖက်ဒရယ် စနစ်ကို ကျင့်သုံးနေသည့် အမေရိကန် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် "လူပုဂ္ဂိုလ်များ၊ နေအိမ်များ၊ စာရွက်စာတမ်းများနှင့် အခြားပစ္စည်းများကို မတရား ရှာဖွေခြင်း ဖမ်းဆီးခြင်း မပြုရန်၊ ဖမ်းဆီးရန်၊ ထိန်းသိမ်းရန် တို့အတွက် လုံလောက်သော အကြောင်း ပြချက်ရှိကြောင်း ကျမ်းကျိန်ခြင်း မပြုနိုင်ပါက တရားရုံးမှ ဝရမ်းထုတ်ခြင်းမပြုရန်နှင့် ထိုသို့ ကျမ်းကျိန် ခြင်းပြုမှသာ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းများ ပြုလုပ်ရန်" ဟုပြဋ္ဌာန်းထားပါသည်။[89] စပိန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းအသိအမှတ်ပြုထားသော အခြေခံ လူ့အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ အနက်ကောက်ယူရာတွင် နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် အခြား နိုင်ငံတကာ ပဋိညာဉ်များနှင့် စပိန်နိုင်ငံက လက်ခံသဘောတူထားသော လူ့အခွင့်အရေး ဆိုင်ရာနှင့် အညီဖြစ်စေရမည်" ဟုပြဋ္ဌာန်းထားပါသည်။[90]

## ■ ဒီမိုကရေစီ၊ အခြေခံအခွင့်အရေးနှင့် ကျား/မ တန်းတူမှု ဆိုင်ရာ သုံးသပ်ချက်များ

၆။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေး စုစည်းချက်များတွင် ပါရှိသည့် အချက်အလက်များစွာအနက် အခြေခံအခွင့်အရေးများ၊ ဒီမိုကရေစီ အခွင့်အရေးများ၊ ကျားမ တန်းတူမှု ဆိုင်ရာ အခွင့်အရေးများသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ တွင် ပြဋ္ဌာန်းပြီးသော အချက်များ ဖြစ်ပါသည်။ သို့သော် "နိုင်ငံသားတိုင်း၏ မွေးရာပါ ရပိုင်ခွင့်ဖြစ်သော အခြေခံလူ့အခွင့်အရေးများကို မည်သည့်အခြေအနေအောက်တွင်မှ ရုပ်သိမ်းခွင့်မရှိစေရန်" ဆိုသည့် တင်ပြချက်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်နေပါသည်။ "ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အခွင့်အရေးများကို ချိုးဖောက်ခြင်းခံရသည်ဟု နိုင်ငံသား တစ်ဦးက ယူဆပါက သတ်မှတ်ချက်နှင့်အညီ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ စာချွန်တော် အမိန့်ထုတ်ပေးရန် တောင်းဆိုခွင့်၊ နစ်နာချက်များအတွက် ဥပဒေဖြင့် သတ်မှတ်ထားသော ရယူ ပိုင်ခွင့်များကို ငြင်းပယ်ခြင်းမပြုရ" ဟုပြဋ္ဌာန်းထားပါသည်။[91] သို့ရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၇၉ အရ "စစ်မက်ဖြစ်ပွားချိန်၊ တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက် တိုက်ခိုက်

88 Title 2, Chapter 1, Article 5 of the Constitution of Brazil. (There are 75 provisions related to fundamental rights and inalienable rights.)

89 Amendment IV of the Constitution of the United States 1789, rev. 1992. The right of the people to be secure in their persons, houses, papers, and effects, against unreasonable searches and seizures, shall not be violated, and no Warrants shall issue, but upon probable cause, supported by Oath or affirmation, and particularly describing the place to be searched, and the persons or things to be seized.

90 Part 1, Section 10 (2) of the Constitution of Spain, 1978. Rev. 2011. Provisions relating to the fundamental rights and liberties recognized by the Constitution shall be construed in conformity with the Universal Declaration of Human Rights and international treaties and agreements thereon ratified by Spain.

91 Article 379 and 381 of the Constitution of Myanmar, 2008.

ချိန်နှင့် ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်တွင် အခွင့်အရေးများ တောင်းခံပိုင်ခွင့်မရှိ” ဟု ပြဋ္ဌာန်းထားပါသည်။ ဤပြဋ္ဌာန်းချက်သည် နိုင်ငံများစွာတွင် ကျင့်သုံးသည့်အရေးပေါ် ပြဋ္ဌာန်းချက်နှင့် တူညီမှုရှိပါသည်။

၇။ အမျိုးသမီးများ၏လုံခြုံရေးကို အကာအကွယ်ပေးနိုင်သည့် တရားဥပဒေစိုးမိုးမှုရှိသော ပတ်ဝန်းကျင် ဖန်တီးပေးရန်၊ အမျိုးသမီးများအား ကဏ္ဍပေါင်းစုံတွင် နေရာရရှိရေးနှင့် ဥပဒေပြုမှု အဆင့်ဆင့် တိုင်းတွင် အနည်းဆုံး ၃၀% နေရာရရှိရေး အခွင့်အရေးသည် ဥပဒေပြဋ္ဌာန်းသော်လည်း ချက်ချင်း အကောင်အထည်ဖော်နိုင်မည့် အခွင့်အရေးများမဟုတ်ပါ။ မြန်မာနိုင်ငံမှ သဘောတူ လက်မှတ်ရေး ထိုးထားသည့် လူ့အခွင့်အရေး ပဋိညာဉ်များတွင် “အမျိုးသမီးများ၏လုံခြုံရေးကို အကာအကွယ်ပေး နိုင်သည့် တရားဥပဒေစိုးမိုးမှုရှိသောပတ်ဝန်းကျင်ဖန်တီးပေးရန်၊ အမျိုးသမီးများကို ကဏ္ဍပေါင်းစုံတွင် နေရာရရှိရေး ဖန်တီးပေးရန်၊ အမျိုးသမီးများကို နိုင်ငံရေး၊ ဥပဒေပြုရေး အဆင့်တိုင်းတွင် (၃၀) ရာခိုင်နှုန်းအနည်းဆုံး ပါဝင်ရေး စသည်တို့နှင့် သက်ဆိုင်သည့် ဥပဒေများ၊ သဘောတူညီချက်များ မရှိသည်ကို တွေ့ရှိရသည်။

## ■ ဒီမိုကရေစီ၊ အခြေခံအခွင့်အရေးနှင့် ကျား/မ တန်းတူမှုဆိုင်ရာ စဉ်းစားရွေးချယ်စရာများ

၈။ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊ နိုင်ငံရေး ဆွေးနွေး ပွဲများတွင် ပါဝင်သင့်ပါဝင်ထိုက်သူများအနေဖြင့် ဒီမိုကရေစီ၊ အခြေခံအခွင့်အရေး၊ ကျား/မ တန်းတူမှု ဆိုင်ရာ အချက်များနှင့် စပ်လျဉ်းသော စဉ်းစားရွေးချယ်စရာများမှာ -

(က) နိုင်ငံတကာ စံနှုန်းစံထားများနှင့်အညီ ဒီမိုကရေစီ အခွင့်အရေးများ အားလုံးကို ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် အတိအလင်းပြဋ္ဌာန်းရန် သင့်မသင့်။

(ခ) အမျိုးသမီးများ၏ လုံခြုံရေးကို အကာအကွယ်ပေးနိုင်သည့် "တရားဥပဒေစိုးမိုးမှုရှိသော ပတ်ဝန်းကျင်ဖန်တီးပေးရန်" ဆိုသည့် စကားရပ်ကို မူအားဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပြဋ္ဌာန်းခြင်း။

(ဂ) တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံသားများ အားလုံးကို တရားဥပဒေ စိုးမိုးမှုရှိသော ပတ်ဝန်းကျင် ဖန်တီးပေးရန် ဆိုသည့် စကားရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းခြင်း။

(ဃ) အမျိုးသမီးများကို ကဏ္ဍပေါင်းစုံတွင် နေရာရရှိရေးဖန်တီးပေးရန် ဆိုသည့် မူကို အခြေခံဥပဒေ တွင် ပြဋ္ဌာန်းခြင်း။

(င) အမျိုးသမီးများကိုနိုင်ငံရေး၊ ဥပဒေပြုရေး အဆင့်တိုင်းတွင် (၃၀) ရာခိုင်နှုန်းအနည်းဆုံး ပါဝင်ရေးဆိုသည့် “မူ” ကို ဖြစ်ပေါ်တိုးတက်မှုများနှင့်အညီ အကောင်အထည်ဖော်ခြင်းဆိုသည့် (Principle of Progressive Realization) နှင့် အညီ ဥပဒေပြုပြဋ္ဌာန်းခြင်း။

# အခန်း ၄

# နိုင်ငံရေးနှင့် ဘာသာရေး

## ■ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းကော်မတီ၏ စုစည်းချက်

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေး စုစည်းချက်များတွင် *"နိုင်ငံရေးနှင့် ဘာသာရေး ရောယှက်ခြင်းမရှိစေဘဲ၊ ဘာသာရေးကို အခြေမခံသောနိုင်ငံဖြစ်စေရန်၊ နိုင်ငံသားတိုင်းသည် မိမိနှစ်သက်ရာဘာသာအယူဝါဒကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိစေရန်၊ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစား မပြုရန်နှင့်မည်သည့် ဘာသာတရားတော်ကိုမျှ နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခြင်းမပြုရန်"* တို့ ပါဝင်ပါသည်။

## ■ ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာ နောက်ခံအကြောင်းများ

၂။ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ပုဒ်မ ၂၀ တွင် *"ငြိမ်ဝပ်ပိပြားရေးသော် လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော် လည်းကောင်း၊ ထို့အပြင် ဤအခန်းရှိ အခြားပြဋ္ဌာန်းချက်တို့နှင့်လည်းကောင်း မဆန့်ကျင်လျှင် လူခပ်သိမ်းတို့သည် သာသနာရေးတွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှ ရရှိရမည်။ ရှင်းလင်းချက် (၁)။ ဘာသာရေးဆိုင်ရာ ကိုးကွယ်ဆောက်တည်မှုနှင့် ဆက်စပ်နေစေကာမူ၊ ထိုသို့ဆက်စပ်နေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံခြားရေးနှင့် အခြားလောကီရေး ဆောင်ရွက်မှုတို့ကို အထက်ပါအရေးတွင် မပါဝင်စေရ။ ရှင်းလင်းချက် (၂) ဤပုဒ်မတွင် ထိုသို့လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း၊ ပြည်သူ့အကျိုးကိစ္စ၊ ပြုပြင်ရေးကိစ္စတို့ အတွက် နိုင်ငံတော်၏ တရားဥပဒေ ပြုခြင်းကို မတားမြစ်ရ"*ဟု ပြဋ္ဌာန်းထားသည်။

၃။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၂၁ တွင် "*(၁) ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသား အများဆုံး ကိုးကွယ်ရာ ဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာကြီးဖြစ်သည်ဟု ပြည်ထောင်စု နိုင်ငံတော်က အသိအမှတ်ပြုသည်။ (၂) နိုင်ငံတော်သည် အစ္စလာမ်ဘာသာ သာသနာ၊ ခရစ်ယာန် ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤအခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာ ဘာသာအချို့ဟူ၍ အသိအမှတ် ပြုသည်။ (၃) နိုင်ငံတော်သည် ဘာသာရေး*

*ဆိုင်ရာ ကိုးကွယ်မှုကို သော်လည်းကောင်း၊ ယုံကြည်မှုကိုသော်လည်းကောင်း အကြောင်းပြု၍၊ မည်သူ့ကိုမျှ သက်ဆိုင်ရာ အခွင့်အရေး ချို့ငဲ့စေခြင်း၊ ခွဲခြားခြင်းကို မပြုရ။ (၄) နိုင်ငံရေး ကိစ္စအလို့ငှာ ကိုးကွယ်ရာဘာသာကို အလွဲသုံးစားမပြုရ၊ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ တစ်ဖက်နှင့်တစ်ဖက် တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်စေရန် ရည်ရွယ်သော သို့တည်းမဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည် ဤအခြေခံ ဥပဒေနှင့် ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးအတွက် အပြစ်ဒဏ်ပေးနိုင်အောင် တရားဥပဒေပြု နိုင်သည်။"ပုဒ်မ ၂၂။ တွင် "နိုင်ငံတော် ပညာသင်ကျောင်းများသို့ ဝင်ခွင့်ပြုရန် ကိစ္စနှင့် စပ်လျဉ်း၍၊ ကိုးကွယ်ရာဘာသာ၊ လူမျိုး၊ ဘာသာစကားတို့ကို အကြောင်းပြုကာ၊ မည်သည့် လူနည်းစုကိုမျှ ခွဲခြားတားမြစ်ခြင်းမပြုရ၊ မည်သည့် ကိုးကွယ်ရာ ဘာသာ သင်ခန်းစာ ကိုမျှလည်း ထိုလူနည်းစုအား အတင်းအကြပ် လိုက်နာ သင်ယူစေရန် ပညတ်ခြင်း မပြုရ"*ဟု ပြဋ္ဌာန်းထားသည်။

၄။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁ (ခ) တွင် "တိုင်းရင်းသားလူမျိုးများသည် မိမိတို့ ကိုးကွယ်သည့် ဘာသာနှင့် ချစ်ခင်မြတ်နိုးသည့်စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတို့ကို ဥပဒေများနှင့် ဖြစ်စေ၊ အများအကျိုးနှင့် ဖြစ်စေ၊ မဆန့်ကျင်လျှင် လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ပြုစုပျိုးထောင်ခွင့်၊ ပြောဆိုရေးသား ကျင့်သုံးခွင့်ရှိသည်" ဟုလည်းကောင်း၊ ပုဒ်မ ၁၅၃ (ခ) တွင် "နိုင်ငံသားတိုင်းသည် မိမိတို့ချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာနှင့် စောင့်ထိန်းအပ်သော ဓလေ့ထုံးတမ်းများကို သီးခြားလွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ခွင့် ရှိသော်လည်း တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ဆိုရှယ်လစ်လူနေမှုစနစ် ထိခိုက်စေမည့် လုပ်ရပ်များကိုမူ တားမြစ်သည်။ ယင်းတားမြစ်ချက်ကို ကျူးလွန်သူများအား ဥပဒေအရ အပြစ်ပေးရမည်" ဟု လည်းကောင်း၊ ပုဒ်မ ၁၅၆ (က) တွင် နိုင်ငံသားတိုင်းသည် လွတ်လပ်စွာ တွေးတောကြံဆခွင့်၊ လွတ်လပ်စွာ ယုံကြည်ခွင့်၊ မည်သည့် ဘာသာကိုမဆို လွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့်ရှိသည်။ ပုဒ်မခွဲ (ဂ) ဘာသာရေး အဖွဲ့အစည်းများနှင့် ဘာသာရေးကို နိုင်ငံရေး ကိစ္စအလို့ငှာ အသုံးမပြုရ၊ ယင်းကိစ္စနှင့် ပတ်သက်၍ ဥပဒေ ပြဋ္ဌာန်းရမည်" ဟု ပြဋ္ဌာန်းထားသည်။

၅။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၄ တွင် *"ငြိမ်ဝပ်ပိပြားရေးနှင့် သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့် သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့် သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှ ရရှိစေရမည်"*ဟု လည်းကောင်း၊ ပုဒ်မ ၃၆၀ တွင် *"(က) ဘာသာသာသနာရေးဆိုင်ရာ ကိုးကွယ်ဆောက်တည်မှုသည် စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေး၊ အခြားလောကီရေးရာ ဆောင်ရွက်မှု တစ်ခုခုနှင့် ဆက်စပ်နေပါက ပုဒ်မ ၃၄ ပါ ဘာသာသာသနာရေး ဆိုင်ရာ လွတ်လပ်ခွင့်များတွင် မပါဝင်စေရ၊ (ခ) ထိုသို့ ဘာသာ*

သာသနာရေးနှင့် စပ်လျဉ်း၍ လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း အများပြည်သူအကျိုးကိစ္စနှင့် ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရ" ဟုလည်းကောင်း၊ ပုဒ်မ ၃၆၁ တွင် "နိုင်ငံတော်သည် ဗုဒ္ဓဘာသာသာသနာတော်ကို နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာသာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်"ဟုလည်းကောင်း၊ ပုဒ်မ ၃၆၂ တွင် "နိုင်ငံတော်သည် ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာ ဘာသာများဟူ၍ အသိအမှတ်ပြုသည်" ဟုလည်းကောင်း၊ ပုဒ်မ ၃၆၃ တွင် "နိုင်ငံတော်သည် အသိအမှတ်ပြုထားသော ဘာသာသာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်"ဟုလည်းကောင်း၊ ပုဒ်မ ၃၆၄ တွင် "နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားမပြုရ။ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း တစ်ဖက်နှင့် တစ်ဖက်၊ တစ်ဂိုဏ်း နှင့် တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုး ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာစေရန် အကြောင်းရှိသော အပြုအမူသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးအတွက် ပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်"ဟု ပြဋ္ဌာန်းထားသည်။

## ■ ဘာသာရေးနှင့် နိုင်ငံရေး ဆိုင်ရာ နိုင်ငံတကာ စံနှုန်းနှင့် နမူနာများ

၆။ ရုရှားဖက်ဒရေးရှင်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "ရုရှားဖက်ဒရေးရှင်းသည် ဘာသာရေး ကို အခြေမခံသော နိုင်ငံဖြစ်ရမည်။ မည်သည့် ဘာသာသာသနာကိုမဆို နိုင်ငံတော် ဘာသာအဖြစ် ပြဋ္ဌာန်းခြင်းမပြုရ" ဟုလည်းကောင်း၊[92] အမေရိကန် ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် "ကွန်ဂရက် (လွှတ်တော်) အနေဖြင့် ဘာသာသာသနာ တည်ထောင်ခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ခွင့်ကိုတားမြစ်သည့် ဥပဒေမပြုရ"ဟုလည်းကောင်း၊[93] ဩစတေးလျ နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် "ဓနသဟာယ အနေဖြင့် ဘာသာသာသနာကို ပြဋ္ဌာန်းခြင်း၊ ဘာသာ သာသနာ လုပ်ဆောင်စေခြင်း၊ ကိုးကွယ်တည်ဆောက်ခွင့်ကို တားမြစ်ခြင်း သို့မဟုတ် မည်သည့် ဘာသာ သာသနာကိုမဆို လွတ်လပ်စွာဝတ်ပြုကိုးကွယ်ခွင့်ကို တားမြစ်သည့်ဥပဒေ မပြဋ္ဌာန်းရ" ဟုလည်းကောင်း၊[94] အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "ငြိမ်ဝပ်ပိပြားရေးနှင့် သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့် သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့် သော်လည်းကောင်း မဆန့်ကျင်လျှင် မည်သည့် ဘာသာသာသနာနှင့် ၎င်း၏ ဂိုဏ်းခွဲများသည် (၁) ဘာသာ သာသနာနှင့် အမြတ်အစွန်းငှာ မဟုတ်သော ဘာသာရေးဆိုင်ရာ အဖွဲ့များကို ဖွဲ့စည်းခွင့်၊ (၂) မိမိတို့ ဘာသာသာသနာရေးရာအား စီမံခန့်ခွဲပိုင်ခွင့်၊ (၃)

92 Section 1, Chapter 1, Article 141 of Constitution of Russian Federation, 1993 (rev. 2014).

93 Amendment 1 of the Constitution of the United States of America, 1789 (rev. 1992).

94 Chapter V, Article 116 of the Constitution of Australia, 1901 (rev. 1985).

*ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့ပြောင်း နိုင်သောပစ္စည်းများ ပိုင်ဆိုင်ခွင့်နှင့် (၄) ထိုသို့သော ပစ္စည်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့် တို့ရှိသည်"* ဟုလည်းကောင်း၊[95] အာဂျင်တီးနားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် *"ဖက်ဒရယ် အစိုးရသည် ဗရင်ဂျီသာသာနာတော်ကို အားပေးသည်"* ဟုလည်းကောင်း၊[96] ဒိန်းမတ် နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေတွင် *"ဒိန်းမတ် နိုင်ငံ၏ ဘာသာ သာသနာ အဖြစ် (Evangelical Lutheran Church) ကို ပြဋ္ဌာန်းသည်"* ဟုလည်းကောင်း၊[97] သီရိလင်္ကာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် *"သီရိလင်္ကာ သမ္မတနိုင်ငံသည် ဗုဒ္ဓဘာသာသာသာသနာကို ဂုဏ်ထူးဝိသေသ နှင့် ပြည့်စုံသည့် ဘာသာသာသနာအဖြစ် သတ်မှတ်ပြီး၊ နိုင်ငံတော်အစိုးရ (State) က ဗုဒ္ဓဘာသာ သာသနာကို ကာကွယ်ရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မ ၁၄ (၁) (င) နှင့်အညီ အခြားဘာသာသာသာသနာများကို အခွင့်အရေး ပေးရမည်"* ဟု ပြဋ္ဌာန်းထားသည်။[98]

## ■ ဘာသာရေးနှင့် နိုင်ငံရေး ဆိုင်ရာ သုံးသပ်ချက်များ

၇။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် အချိန်မှစပြီး ယနေ့အထိ ဘာသာရေးလွတ်လပ်ခွင့်၊ ဘာသာရေး တန်းတူခွင့်များကို တိတိကျကျ ဥပဒေပြဋ္ဌာန်းခြင်းမရှိခဲ့ပါ။ ထိုထက်ပိုဆိုးသည်မှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတို့တွင် ဗုဒ္ဓဘာသာ သာသနာကို အလေးထားနေရာပေးခြင်း (Preferential Treatment) ပြုခဲ့ပါသည်။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေအရ နိုင်ငံရေးကိစ္စအလို့ငှာ ကိုးကွယ်ရာဘာသာကို အလွဲသုံးစားမပြုရ ဟုအတိအလင်း ပြဋ္ဌာန်းထားသော်လည်း ပါလီမန်ဒီမိုကရေစီခေတ်တွင် ရွေးကောက်ပွဲ အနိုင်ရရှိနိုင်ရန် နိုင်ငံတော် ဘာသာသာသနာ ပြဋ္ဌာန်းရေးဖြင့် မဲဆွယ်ခဲ့ကြသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်လည်း ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကဲ့သို့ ဗုဒ္ဓဘာသာသာသနာကို အလေးထား နေရာ ပေးခြင်းပြုခဲ့သည်။ နိုင်ငံတော် (အစိုးရ) အနေဖြင့် အသိအမှတ်ပြုထားသော ဘာသာသာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်ဟု ပြဋ္ဌာန်းသော်လည်း သာသနာရေး ဝန်ကြီးဌာနသည် ဗုဒ္ဓဘာသာဝင်များ ကိစ္စရပ်များကိုသာ လုပ်ဆောင်နေသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံ၏ တရားရုံးများတွင် ဗုဒ္ဓဘာသာဝင် အမျိုးသားနှင့် ဗုဒ္ဓဘာသာဝင်အမျိုးသမီးသာလျှင် တရားဝင် လက်ထပ်ခွင့်ရှိပြီး ကျန်သည့် ဘာသာဝင်များအနေဖြင့် တရားသူကြီး ရှေ့မှောက်တွင် လက်ထပ်ခွင့် မရှိသည်ကို တွေ့ရှိရသည်။

၈။ အာဂျင်တီးနားနိုင်ငံ နှင့် ဒိန်းမတ်နိုင်ငံတို့တွင် (Catholic) နှင့် (Evangelical Lutheran Church) သာသနာတော်များအား အစိုးရမှ အသိအမှတ်ပြုခြင်းနှင့် အစိုးရမှဖွဲ့စည်းကာ အားပေးခြင်း

95 Article 26 of the Constitution of India, 1949 (rev. 2015).

96 Part 1, Chapter 1, Article 2 of the Constitution of Argentina, 1853 (reinst. 1983, rev. 1994).

97 Part 1, Article 4 of the Constitution of Denmark, 1953.

98 Chapter 2, Article 9 of the Constitution of Sri Lanka, 1978 (rev. 2015).

များ ရှိပါသည်။ ကျန်သည့် နိုင်ငံများစွာတွင် ဘာသာရေးကို အခြေမခံသည့်နိုင်ငံ သို့မဟုတ် ဘာသာရေးနှင့် နိုင်ငံရေးကို စည်းတားခြင်း ဥပဒေများပြဋ္ဌာန်းထားပါသည်။ မြန်မာနိုင်ငံရှိ ဘာသာရေးဆိုင်ရာ ဥပဒေ နှင့် ဆင်တူစွာ သီရိလင်္ကာ နိုင်ငံတွင် ဗုဒ္ဓဘာသာသာသနာကို အထူးဘာသာသာသနာအဖြစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အသိအမှတ်ပြုပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။ အမေရိကန်နိုင်ငံတွင် ကွန်ဂရက်မှ ဘာသာသာသနာ ဆိုင်ရာ ဥပဒေပြုခြင်း သို့မဟုတ် တားမြစ်ခြင်းကို ပိတ်ပင်သော်လည်း သမ္မတ အပါအဝင် အုပ်ချုပ်ရေးဆိုင်ရာ အကြီးအကဲများ၊ တရားသူကြီးများ ကျမ်းသစ္စာ ကျိန်ဆိုရာတွင် ခရစ်ယာန်ဓမ္မကျမ်းစာကို ကိုင်ဆောင်ကျမ်းကျိန်မှုများ ပြုလုပ်ကြပါသည်။ ဘာသာရေးလွတ်လပ်ခွင့် ရှိသည့် ပြင်သစ်နိုင်ငံတွင် ဘာသာရေးဆိုင်ရာ အဆောင်အယောင်များကို အစိုးရ၊ အများသူငှာနှင့် သက်ဆိုင်သည့် နေရာများ(Public Places) တွင် ဝတ်ဆင်ခွင့် ပိတ်ပင်ထားသည်ကိုလည်း တွေ့ရပါသည်။

## ■ ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာ စည်းစားရွေးချယ်စရာများ

၉။ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး နိုင်ငံရေး ဆွေးနွေးပွဲများတွင် ပါဝင်သင့်ပါဝင်ထိုက်သူများအနေဖြင့် စည်းစားရွေးချယ်စရာများမှာ -

(က) ဘာသာ၊ သာသနာတစ်ခုကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခြင်းကို တားမြစ်သည့် ဥပဒေပြဋ္ဌာန်းခြင်း။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရအနေဖြင့် ဘာသာသာသနာကိစ္စတွင် ကြားနေအဖြစ် ရပ်တည်ရန် ဥပဒေပြဋ္ဌာန်းခြင်း။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရအနေဖြင့် မည်သည့်ဘာသာ သာသနာကိုမျှ ဦးစားပေးဆက်ဆံခြင်း မပြုရန် ဥပဒေပြဋ္ဌာန်းခြင်း။

(ဃ) နိုင်ငံရေးအကျိုးအမြတ်အတွက် မည်သည့်ဘာသာသာသနာ၏ ထောက်ပံ့မှုနှင့် ပံ့ပိုးမှုကို ရယူခြင်းမပြုရန် တားမြစ်သည့် ဥပဒေပြဋ္ဌာန်းခြင်း။

(င) သာသနာရေး ဝန်ကြီးဌာနကို ဆက်လက်မထားရှိခြင်း။ ဆက်လက်ထားရှိမည်ဆိုပါက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အသိအမှတ်ပြုထားသည့် ဘာသာသာသနာအားလုံးကို ကိုယ်စားပြုသည့် ဝန်ကြီးဌာနဖြစ်ရန်လိုအပ်ခြင်း။

# အခန်း ၁၀ ပါတီစုံဒီမိုကရေစီစနစ်

## ■ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းကော်မတီ၏ စုစည်းချက်

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေး စုစည်းချက်များတွင် *"လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်၍ လူမျိုးပေါင်းစုံက စုပေါင်း ပိုင်ဆိုင်ထားသော ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရန်၊ ပြည်ထောင်စုတွင် တစ်ပါတီအာဏာရှင်စနစ် လုံးဝမပေါ်ပေါက်စေရန် ဥပဒေဖြင့် ဟန့်တားကာကွယ်ရန်၊ နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ဆောက်ခြင်းဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်က သီးခြားပြဋ္ဌာန်းပေးရန်၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရန်နှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကိုကျင့်သုံးရန်"* တို့ပါဝင်သည်။

## ■ ပါတီစုံဒီမိုကရေစီစနစ် ဆိုင်ရာ နောက်ခံအကြောင်းများ

၂။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ မြန်မာနိုင်ငံတွင် ၁၉၄၈ မှ ၁၉၅၈ အထိ၊ ၁၉၆၀ မှ ၁၉၆၂ အထိ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇ တွင် "နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်း ပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကို ကျင့်သုံးသည်" ဟုပြဋ္ဌာန်းသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၄၀၅ တွင် "နိုင်ငံရေးပါတီတစ်ရပ်သည် (က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်၊ (ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများ ကို လေးစားလိုက်နာရမည်၊ (ဂ) နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့် အညီ ဖွဲ့စည်း မှတ်ပုံတင်ရမည်။" ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၄၁၆ တွင် နိုင်ငံရေးပါတီ တစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ - (က) လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်၊ (ခ) ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။" ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၄၀၇ တွင် "နိုင်ငံရေး ပါတီတစ်ရပ်ရပ်အား တည်ဆဲဥပဒေနှင့် ငြိစွန်းခြင်း၊ မတရားအသင်းအဖြစ် ကြေညာခံရခြင်း၊ နိုင်ငံ ခြားတိုင်းပြည်တခုခုမှ အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ အခြား အထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်းကို တားမြစ်ခြင်းနှင့် ဘာသာရေးကို နိုင်ငံရေး အတွက် အလွဲသုံးစားပြုခြင်း" စသည်တို့ကို တားမြစ်သည့် ပြဋ္ဌာန်းချက် ရှိပါသည်။

၃။ ယခင် နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် အေးချမ်းသာယာရေးကောင်စီသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ

အခြေခံဥပဒေ ပုဒ်မ ၄၄၃ အရ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ဥပဒေအမှတ် ၁/၂၀၁၀ အရ ၂၀၁၀ ခုနှစ် မတ်လ (၈) ရက်နေ့တွင်လည်းကောင်း၊[99] နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ဥပဒေအမှတ် ၂/၂၀၁၀ အရ ၂၀၁၀ ခုနှစ် မတ်လ (၈) ရက်နေ့တွင် လည်းကောင်း၊[100] ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဥပဒေအမှတ် ၃/၂၀၁၀ အရ ၂၀၁၀ ခုနှစ် မတ်လ (၈) ရက်နေ့တွင် လည်းကောင်း၊[101] အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဥပဒေ အမှတ် ၄/၂၀၁၀ အရ ၂၀၁၀ ခုနှစ် မတ်လ (၈) ရက်နေ့တွင်လည်းကောင်း၊[102] တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲ ဥပဒေကို ဥပဒေအမှတ် ၅/၂၀၁၀ အရ ၂၀၁၀ ခုနှစ် မတ်လ (၈) ရက်နေ့တွင် လည်းကောင်း၊[103] ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေ များ၊ ပြင်ဆင်သည့် ဥပဒေများကို ထုတ်ပြန်ခဲ့ပါသည်။[104] အဆိုပါ ပြဋ္ဌာန်းချက်များသည် ပါတီစုံ ဒီမိုကရေစီစနစ် ထွန်းကားရေးကို ဦးတည်သည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ဖြစ်စေ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ဖြစ်စေ နိုင်ငံရေး အာဏာရှင်စနစ် မပေါ်ပေါက် ရေးအတွက် တားမြစ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်မရှိပါ။

## ■ ပါတီစုံဒီမိုကရေစီစနစ် ဆိုင်ရာ နိုင်ငံတကာ စံနှုန်းနှင့် နမူနာများ

၄။ နိုင်ငံတကာတွင် ကျင့်သုံးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ အချို့တွင် ပါတီစုံဒီမိုကရေစီစနစ် သို့မဟုတ် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရန် ပြဋ္ဌာန်းချက်များ ရှိပါသည်။ တောင်အာဖရိကနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် *"ပါတီစုံဒီမိုကရေစီစနစ်ကို တိုးမြှင့်စေရန်"* ဟုလည်းကောင်း၊[105] ကမ္ဘော ဒီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် *"လစ်ဘရယ်ပါတီစုံ ဒီမိုကရေစီစနစ်ကို စံထားရန်"* ဟု လည်းကောင်း၊[106] အင်ဂိုလာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်းတွင် *"ပါတီစုံဒီမိုကရေစီကို ဦးထိပ်*

99 See Union Election Commission Law. SPDC Law No. 1/2010. URL http://uecmyanmar.org/index.php/2013-01-16-07-52-10/doc_details/11- (Last visited on April 17, 2017).

100 See Political Parties Registration Law. SPDC Law No 2/2010. URL http://uecmyanmar.org/index.php/2013-01-16-07-52-10/doc_download/15- (Last visited on April 17, 2017)

101 See Pyithu Hluttaw Election Law. SPDC Law No 3/2010. URL http://uecmyanmar.org/index.php/2013-01-16-07-52-10/doc_details/12- (Last visited on April 17, 2017).

102 See Amyotha Hluttaw Election Law. SPDC Law No 4/2010. URL http://uecmyanmar.org/index.php/2013-01-16-07-52-10/doc_download/13- (Last visited on April 17, 2017).

103 See Division and State Election Law. SPDC Law No 5/2010. URL http://uecmyanmar.org/index.php/2013-01-16-07-52-10/doc_details/14- (Last visited on April 17, 2017).

104 See The Official Union Election Commission of Myanmar Website. URL http://uecmyanmar.org/index.php/2013-01-16-07-52-10 (Last visited on April 17, 2017).

105 Chapter 14, Part (B) Article 236 of the Constitution of South Africa, 1996 (rev. 2012). To enhance multi-party democracy, national legislation must provide for the funding of political parties participating in national and provincial legislatures on an equitable and proportional basis.

106 Chapter 1, Article 1 and Chapter 3, Article 50 of the Constitution of Cambodia, 1993 (rev. 2008). Cambodia is a Kingdom in which the King shall rule according to the Constitution and the principles of

*ထား၍"* ဟု လည်းကောင်း၊[107] တီမောနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်းတွင် "*နိုင်လိုမင်းထက်ပြုခြင်း၊ ဖိနှိပ်ခြင်းတို့ကို တားဆီးနိုင်ရန် မရှိမဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်ကို တည်ဆောက်ရန်"* ဟု လည်းကောင်း၊[108] တန်ဇန်းနီးယား နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "*တန်ဇန်းနီးယား သမ္မတနိုင်ငံသည် ဆိုရှယ်လစ် ဒီမိုကရက်တစ် နိုင်ငံဖြစ်ပြီး ပါတီစုံဒီမိုကရေစီစနစ်ကို လိုက်နာကျင့်သုံးသည်"* ဟု လည်းကောင်း၊[109] အာဂျင်တီးနား နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "*ဒီမိုကရေစီစနစ်ကို တည်ဆောက်နိုင်ရန် နိုင်ငံရေးပါတီများသည် မရှိမဖြစ်သော အခြေခံအဆောက်အအုံများ ဖြစ်သည်"* ဟုလည်းကောင်း၊[110] ပေါ်တူဂီနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် "*နိုင်ငံရေးတွင် အမျိုးသားများနှင့် အမျိုးသမီးများတက်ကြွစွာပါဝင်ခြင်းသည် ဒီမိုကရေစီစနစ် တည်ဆောက်ရေးအတွက် အခြေခံ အုတ်မြစ်များ ဖြစ်သည်"* ဟု လည်းကောင်း၊[111] ဆူဒန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "*ယဉ်ကျေးမှု၊ လူမျိုးရေး၊ ဘာသာရေး နှင့် ဘာသာစကား မတူကွဲပြားမှုနှင့် ကျား/မ တန်းတူရေးတို့ကို အခြေခံလျက် ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ဒီမိုကရေစီ အစိုးရတည်ဆောက်ရန်"*[112] စသည်ဖြင့် ပြဌာန်းကြသည်ကို တွေ့ရှိရသည်။

## ■ ပါတီစုံဒီမိုကရေစီစနစ် ဆိုင်ရာ သုံးသပ်ချက်များ

၅။ နိုင်ငံအချို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် "*ပါတီစုံဒီမိုကရေစီစနစ် သို့မဟုတ် ဒီမိုကရေစီစနစ်ကို အခြေခံခြင်းနှင့် ကျင့်သုံးခြင်း"* စသည့်စကားရပ်များကိုသာ သုံးနှုန်းကြသည်ကို တွေ့ရှိရသည်။ "*စစ်မှန်သော ဒီမိုကရေစီစနစ်၊ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"* စသည့် နာမဝိသေသနများကို သုံးနှုန်းခြင်း မပြုကြသည်ကို တွေ့ရှိရသည်။ ဘုရင်စနစ်ကို ကျင့်သုံးသည့် ဗြိတိသျှနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေပါသည်။

---

liberal multi-party democracy.

107 Constitutional Revision Law no 23/92. The Preamble of the Constitution of Angola, 2010. Remembering that …. the Assembly of the People, enshrining multi-party democracy, guarantees of the fundamental rights and freedoms of citizens and a market economy, …

108 The Preamble of the Constitution of Timor-Leste, 2002. Solemnly reaffirm their determination to fight all forms of tyranny, oppression, … to establish the essential rules of multi-party democracy, with a view to building a just and prosperous nation and developing a society of solidarity and fraternity.

109 Chapter 1, Part 1, Article 3 (1) of the Constitution of Tanzania, 1977 (rev. 1995). The United Republic is a democratic and socialist state which adheres to multi-party democracy.

110 Part 1, Chapter 2, Article 38 of the Constitution of Argentina, 1853 (reins. 1983, rev. 1994). Political parties are fundamental institutions of the democratic system.

111 Part 3, Title 1, Article 109 of the Constitution of Portugal, 1976 (rev. 2005). The direct and active participation in politics by men and women is a fundamental instrument in the consolidation of the democratic system, and the law shall promote both equality in the exercise of civic and political rights and the absence of gender-based discrimination in access to political office.

112 Part 3, Chapter 5, Article 82 (b) of the Constitution of Sudan, 2005. … establishment of a decentralized democratic system of governance taking into account the cultural, ethnic, racial, religious, and linguistic diversity and gender equality,.

ခနေသဟာယ နိုင်ငံများဖြစ်သည့် ဩစတြေးလျနိုင်ငံ၊ ကနေဒါနိုင်ငံ တို့သည်လည်း ပါတီစုံစနစ်ကို ကျင့်သုံး နေကြပါသည်။

## ■ ပါတီစုံဒီမိုကရေစီစနစ်ဆိုင်ရာ စဉ်းစားရွေးချယ်စရာများ

၆။ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး နိုင်ငံရေး ဆွေးနွေးပွဲများတွင် ပါဝင်သင့်ပါဝင်ထိုက်သူများအနေဖြင့် ပါတီစုံဒီမိုကရေစီ စနစ်ဆိုင်ရာ စဉ်းစားရွေးချယ်စရာများမှာ -

(က) လက်ရှိကျင့်သုံးနေသည့် ပါလီမန်ဒီမိုကရေစီစနစ်နှင့် သမ္မတစနစ် ရောစပ်ထားသည့် စနစ်ကို ဆက်လက်ကျင့်သုံးခြင်း။

(ခ) ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့်တို့တွင် ပါလီမန်ဒီမိုကရေစီစနစ်ကို အစားထိုး ကျင့်သုံးခြင်း။

(ဂ) လူများစုက နိုင်လိုမင်းထက်ပြုခြင်း (Tyranny of Majority) မရှိစေရန် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲများကို အများဆုံးရသူ အနိုင်ရ (First Past the Post) အစား အချိုးကျ ကိုယ်စားပြု (Proportional Representation Democracy) ကို ကျင့်သုံးခြင်း။

အခန်း ၁၁

# ပြည်ထောင်စုမှ ခွဲထွက်ခွင့်

## ■ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းကော်မတီ၏ စုစည်းချက်

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေး စုစည်းချက်များတွင် *"ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု၏ မည်သည့်နယ်မြေ အစိတ်အပိုင်းမျှ ခွဲထွက်ခွင့်မရှိစေရန်၊ ခွဲထွက်ခြင်းမပါသော ဖက်ဒရယ် ပြည်ထောင်စုဖြစ်ရန်နှင့် နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ"* ဟုပါရှိပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် အထက်ပါအချက်ကို ဆွေးနွေးရာတွင် ၎င်းနှင့်သက်ဆိုင်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းချက် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေတို့နှင့်အတူ ဆက်လက်ဆွေးနွေးရန် ကျန်ရှိခဲ့ပါသည်။

## ■ ပြည်ထောင်စုမှ ခွဲထွက်ခွင့်ဆိုင်ရာ နောက်ခံအကြောင်းအရာများ

၂။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း ၁၀ ၌ ခွဲထွက်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များ ရှိပါသည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ခွဲထွက်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက် မရှိပါ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၀ ၌ *"နိုင်ငံတော်တွင်ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်း အခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရ"* ဟု ပိတ်ပင်တားမြစ်ထားသည့် ပြဋ္ဌာန်းချက် ပါရှိပါသည်။

၃။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀ တွင် ပြဋ္ဌာန်းထားသည့် ခွဲထွက်ခွင့်ကို တားမြစ်သည့် ပြဋ္ဌာန်းချက်ကို ပိုမိုခိုင်မာစေရန် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၆ တွင် *"နိုင်ငံတော်သည် (က) ပြည်ထောင်စု မပြိုကွဲရေး၊ (ခ) တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ (ဂ) အချုပ်အခြာအာဏာ တည်မြဲရေးတို့ကို အစဉ်တစိုက် ဦးတည်သည်"* ဟု ပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၈၅ တွင် *"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်"* ဟု ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၂၀ (င) တွင် *"ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး*

*တို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်"* ဟုလည်း ပြဋ္ဌာန်းထား ပါသည်။

## ■ ခွဲထွက်ခြင်းဆိုင်ရာ နိုင်ငံတကာ စံနူန်းနှင့် ကျင့်ထုံးများ

၄။ နိုင်ငံတကာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေများတွင် ခွဲထွက်ခွင့်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေ အရ ခွင့်ပြုသည့် နိုင်ငံများ၊ ပိတ်ပင်သည့် နိုင်ငံများနှင့် ခွဲထွက်ခွင့် ဆိုင်ရာ ပြဋ္ဌာန်းခြင်းမရှိသည့် နိုင်ငံများဟု တွေ့ရှိရပါသည်။[113] အချို့သော နိုင်ငံများတွင် ခွဲထွက်ခွင့်ကို ဥပဒေဖြင့် ပိတ်ပင်တားမြစ်သည့်အစား နိုင်ငံသည် ခွဲခြမ်းမရသော နိုင်ငံဖြစ်သည်ဟူသော စကားရပ်ဖြင့် ပြဋ္ဌာန်းကြသည်ကို တွေ့ရှိရသည်။ စပိန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် *"စပိန်နိုင်ငံသည် ဖြိုခွဲမရသော နိုင်ငံဖြစ်သည်"* [114] ဟု လည်းကောင်း၊ ဘရာဇီးနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် *"ဘရာဇီး နိုင်ငံသည် ဖြိုခွဲမရသော ပြည်နယ်များ၊ ကောင်တီများနှင့် ဖက်ဒရယ်ခရိုင်တို့ဖြင့် ဖွဲ့စည်းထားသည်"* ဟုလည်းကောင်း၊[115] နိုင်ဂျီးရီးယား နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင် *"နိုင်ဂျီးရီးယားနိုင်ငံသည် ခွဲခြမ်း၍မရ၊ ဖြိုဖျက်၍ မရသော အချုပ်အခြာအာဏာပိုင်သည် နိုင်ငံဖြစ်သည်"* [116] ဟုလည်းကောင်း၊ ချက်ပြည်ထောင်စု နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် *"ခွဲခြမ်း၍မရသော သမ္မတနိုင်ငံ ဖြစ်သည်"* [117] ဟုလည်းကောင်း၊

---

113 ဥပမာ St. Kitts and Nevis, Uzbekistan and Sudan, Constitutions have contemplated the idea of secession of specific subnational entities (Nevis, Karakalpakstan, and South Sudan respectively). Bulgaria, France, Germany, and India have an explicit ban on secession. US, UK and other countries to not mention anything related to secession in the Constitution.

114 Preliminary Title Section 2 of the Constitution of Spain, 1978 (rev. 2011). The Constitution is based on the indissoluble unity of the Spanish Nation, the common and indivisible homeland of all Spaniards; it recognizes and guarantees the right to selfgovernment of the nationalities and regions of which it is composed ….

115 Titel 1, Article 1 of the constitution of Brazil, 1988 (rev 2015) (...indisoludable union of States and Counties, as well as Federal Districts . . .)

116 Chapter 1, Part 1, Article 2 (1) of the Constitution of Nigeria, 1999. Nigeria is one indivisible and indissoluble sovereign state to be known by the name of the Federal Republic of Nigeria.

117 Chapter 1, Article 11 of the Constitution of Czech Republic, 1993 (rev. 2013). The territory of the Czech Republic forms an indivisible whole, the borders of which may be altered only by constitutional act.

ဖင်လန်နိုင်ငံ[118]၊ ပြင်သစ်နိုင်ငံ[119]၊ အီတလီနိုင်ငံ[120]၊ ဘရာဇီးနိုင်ငံ[121] မက္ကဆီကိုနိုင်ငံ[122]နှင့် နော်ဝေနိုင်ငံ[123] ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် *"ခွဲခြမ်း၍မရသော နိုင်ငံ"* ဟုပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။

## ■ ခွဲထွက်ခြင်းဆိုင်ရာ စဉ်းစားရွေးချယ်စရာများ

၅။ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊ နိုင်ငံရေး ဆွေးနွေးပွဲများတွင် ပါဝင်သင့်ပါဝင်ထိုက်သူများအနေဖြင့် ခွဲထွက်ခြင်းနှင့်စပ်လျဉ်း၍ ထည့်သွင်း စဉ်းစားသင့်သော စဉ်းစားရွေးချယ်စရာများမှာ -

(က) ခွဲထွက်ခြင်းကို တားမြစ်သည့် ဥပဒေ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၀) ကို ဆက်လက်ပြဋ္ဌာန်းခြင်း။

(ခ) ခွဲထွက်ခွင့်ကို တားမြစ်သည့် ဥပဒေအစား ပြည်ထောင်စုသည် ခွဲခြမ်းစိတ်ဖြာမရသည့် ပြည်ထောင်စု သို့မဟုတ် နိုင်ငံဖြစ်သည်ဟူသော အပြုသဘောဆောင်သည့် စကားရပ်ဖြင့် အစားထိုးခြင်း။

(ဂ) ခွဲထွက်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းမထားခြင်း။

(ဃ) ခွဲထွက်ခွင့်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ကန့်သတ်ချက်များဖြင့် ပြဋ္ဌာန်းခြင်း။

---

118 Chapter 1, Section 4 of the Constitution of Finland, 1999 (rev. 2011). The territory of Finland is indivisible. The national borders cannot be altered without the consent of the Parliament.

119 Preamble Article 1 of the Constitution of French, 1958 (rev. 2008). France shall be an indivisible, secular, democratic and social Republic.

120 Article 5 of the Constitution of Italy, 1947 (rev. 2012). The Republic is one and indivisible. It recognizes and promotes local autonomies, and implements the fullest measure of administrative decentralization in those services which depend on the State.

121 Title 1, Article 1 of the Constitution of Brazil, 1988 (rev. 2015). The Federative Republic of Brazil, formed by the indissoluble union of States and Counties (municípios), as well as the Federal District, is a Democratic State of Law founded upon…

122 Title 1, Chapter 1, Article 2 of the Constitution of Mexico, 1917 (rev. 2015). The Mexican Nation is unique and indivisible.

123 Article 1 of the Constitution of Norway, 1814 (rev. 2015). The Kingdom of Norway is a free, independent, indivisible and inalienable Realm.

**အခန်း ၁၂**

# ပြည်နယ်အသစ်ဖွဲ့စည်းခြင်းနှင့် နယ်နိမိတ် သတ်မှတ်ခြင်း

## ■ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းကော်မတီ၏ စုစည်းချက်

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေးစုစည်းချက်များတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတွင် *"ပြည်နယ်သစ်များ ပေါ်ထွန်းခွင့်ရှိရန်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သီးခြားနယ်မြေများ တောင်းဆိုလာမှုများ ရှိပါက သက်ဆိုင်ရာ နယ်မြေအတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ဆန္ဒနှင့်အညီသာ ဆောင်ရွက်ရန်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအဖြစ်သာခွင့်ပြုရန်နှင့် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး အတွင်းမှခွဲထွက်၍ သီးခြားပြည်နယ်မပေးရန်"* တို့ ပါရှိသည်။

၂။ ထို့အပြင် "ပြည်နယ်များ၏ နယ်နိမိတ်သတ်မှတ်ခြင်းကို လုပ်ငန်းစဉ်တစ်ခုအဖြစ် ဆောင်ရွက်ရန်၊ ယင်းသို့နယ်နိမိတ်သတ်မှတ်ရာတွင် ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ပိုင်ဆိုင်ခဲ့သည့် ဘိုးဘွားပိုင် နယ်မြေများ၊ သမိုင်းကြောင်းအထောက်အထားများနှင့် တရားဝင်ရရှိခဲ့သည့် အခွင့်အရေးများကို အခြေခံရန်နှင့် နိုင်ငံတော်အတွင်းရှိ နယ်မြေအပိုင်းအခြား ပြင်ဆင်သတ်မှတ်ရန်အကြောင်း ပေါ်ပေါက်လာပါက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရန်" တို့ ပါရှိသည်။

## ■ ပြည်နယ်အသစ်ဖွဲ့စည်းခြင်း ဆိုင်ရာ နောက်ခံအကြောင်းအရာများ

၃။ ပြည်ထောင်စုနယ်နိမိတ်အတွင်း ပြည်နယ်အသစ်များ ဖွဲ့စည်းခြင်းကို ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် အတိအကျ ပြဋ္ဌာန်းထားခြင်းမရှိပါ။ ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၀ အရ ချင်းဝိသေသတိုင်းကို ချင်းပြည်နယ်၊ တနင်္သာရီတိုင်း (၁) ကို မွန်ပြည်နယ်၊ တနင်္သာရီတိုင်း (၂) ကို တနင်္သာရီတိုင်း နှင့် ရခိုင်တိုင်းကို ရခိုင်ပြည်နယ်အဖြစ် ပြဋ္ဌာန်းသတ်မှတ်ခဲ့သည်။ ပုဒ်မ ၃၁ အရ တိုင်း ၇ တိုင်း နှင့် ပြည်နယ် ၇ ခု ကို အခြေခံပြီး ပြည်ထောင်စု ကို ဖွဲ့စည်းတည်ဆောက်ခဲ့သည်။

၄။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယခင် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအရ ရှိရင်း တိုင်း ၇ တိုင်းကို တိုင်းဒေသကြီး ၇ ခုအဖြစ် ပြုပြင်သတ်မှတ်ပြီး၊ ပြည်နယ် ၇ ခုကို နဂိုမူလအတိုင်း ပြည်နယ် ၇ ခု အဖြစ် ထားရှိသည်။ ပုဒ်မ ၅၆ အရ စစ်ကိုင်းတိုင်းအတွင်းမှ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ် အတွင်းမှ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနှင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အပြင် "ဝ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း တို့ကို ဖွဲ့စည်းခဲ့သည်။

၅။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၃ (က) မှ (စ) အထိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်နယ်၏ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် အကြောင်းပေါ်ပေါက်လာပါက လုပ်ဆောင်ရမည့် နည်းလမ်းများကို ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၅၄ တွင် *"တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အတွင်းရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည် ပြောင်းလဲရန်ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်လျှင် လိုအပ်သလိုဆောင်ရွက်ပေးရမည်"*ဟု ပြဋ္ဌာန်းထားပါသည်။

၆။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၅၅ တွင် *"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတခုခု၏ အမည်ကို ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုခု၏ အမည်ကိုဖြစ်စေ ပြောင်းလဲသတ်မှတ်လိုလျှင် တိုင်းဒေသကြီး တစ်ခုခု၏ အမည်ကို ဖြစ်စေ၊ ပြည်နယ်တစ်နယ်နယ်၏ အမည်ကို ဖြစ်စေ ပြောင်းလဲ သတ်မှတ်သည့် နည်းလမ်းအတိုင်း ပြောင်းလဲသတ်မှတ်ရမည်"*ဟု ပြဋ္ဌာန်း ထားပါသည်။ ပုဒ်မ ၉ (ဂ) တွင် *"တိုင်းဒေသကြီးတစ်ခုခု၏ အမည်ကိုဖြစ်စေ၊ ပြည်နယ် တစ်နယ်နယ်၏ အမည်ကိုဖြစ်စေ ပြောင်းလဲသတ်မှတ်လိုလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ ဆန္ဒကိုရယူပြီး ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ပြောင်းလဲသတ်မှတ်ရမည်"*ဟု ပြဋ္ဌာန်းထားသည်။

## ■ ပြည်နယ်အသစ်ဖွဲ့စည်းခြင်းဆိုင်ရာ နိုင်ငံတကာ စံနူန်းများနှင့် နမူနာများ

၇။ ပြည်နယ်တခုအတွင်းမှ ပြည်နယ်အသစ် ဖွဲ့စည်းခြင်း သို့မဟုတ် ပြည်နယ်များထဲမှ ပြည်နယ်အသစ် ဖွဲ့စည်းခြင်းကို နိုင်ငံခြား တိုင်းပြည်များတွင် အောက်ပါအတိုင်း ပြုလုပ်ပါသည်။ ဩစတေးလျနိုင်ငံတွင် ဓနသဟာယ ပါလီမန်က ပြည်နယ်အသစ်များ ဖွဲ့စည်းခြင်း၊ လိုက်နာကျင့်သုံးရမည့် စည်းကမ်းများချမှတ်ခြင်းနှင့် ပါလီမန် ကိုယ်စားလှယ်များ အရေအတွက် စသည်များကို ဆုံးဖြတ်ပိုင်ခွင့်ရှိပါသည်။[124] ဘရာဇီး နိုင်ငံတွင် ရှိရင်းစွဲ ပြည်နယ်အတွင်းမှ၊ ပြည်နယ်အသစ်များဖွဲ့စည်းခြင်းနှင့် ရှိရင်းစွဲပြည်နယ်များ ပေါင်းစည်းခြင်းတို့ကို ပြည်နယ်အသစ် ဖွဲ့စည်းခြင်းနှင့် သက်ဆိုင်သည့် ပြည်နယ် အတွင်းနေထိုင်သူများက ပြည်သူ့ဆန္ဒခံယူကာ ဆုံးဖြတ်ချက်များကို ပြည်ထောင်စုကွန်ဂရက်(လွှတ်တော်)က အထူးဥပဒေ ပြဋ္ဌာန်းအတည်ပြုရမည် ဖြစ်သည်။[125] အိန္ဒိယနိုင်ငံတွင်

124 Chapter 6, Article 121 of the Constitution of Australia, 1901 (rev. 1985). The Parliament may admit to the Commonwealth or establish new States, and may upon such admission or establishment make or impose such terms and conditions, including the extent of representation in either House of the Parliament, as it thinks fit.

125 Title 3, Chapter 1, Article 18, Section 3 of the Constitution of Brazil, 1988 (rev. 2015). States may merge into each other, subdivide, or split in order to be annexed to others, or form new States or Federal Territories, with the approval of the population directly interested through a plebiscite, and the approval of the National Congress through a complementary law.

ပြည်နယ် အသစ်များ ဖွဲ့စည်းခြင်းကို ပါလီမန်မှ လိုအပ်လျှင် လိုအပ်သလို ဥပဒေပြု လုပ်ဆောင်ရန် တာဝန်ရှိ ပါသည်။[126] ပါကစ္စတန် နိုင်ငံတွင်လည်း (Majlis-e-Shaoora) ခေါ်သည့် ပါလီမန်က လိုအပ်လျှင် လိုအပ်သလို ဥပဒေပြု လုပ်ဆောင်ခွင့်ရှိပါသည်။[127] အမေရိကန် ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် ပြည်နယ်အသစ်ဖွဲ့စည်းလိုပါက နဂိုမူလ ရှိရင်းပြည်နယ်အပြင် ဆက်စပ် ပြည်နယ်၏ ပြည်နယ်လွှတ်တော်များ၊ သဘောတူညီချက်ကို ရယူပြီး အမေရိကန်ပြည်ထောင်စု ကွန်ဂရက် (လွှတ်တော်) ၏ သဘောတူညီချက်ဖြင့် ပြည်နယ်အသစ်ကို ဖွဲ့စည်းနိုင်သည်။[128]

၈။ မက္ကဆီကိုနိုင်ငံတွင် နဂိုမူလ ရှိရင်းစွဲ ပြည်နယ်တခုအတွင်းမှ ပြည်နယ်အသစ်တစ်ခု ဖွဲ့စည်းခြင်းကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အောက်ပါအတိုင်းပြည့်စုံစွာ ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရ ပါသည်-

(က) နယ်ပယ်တစ်ခုအတွင်းရှိ ပြည်နယ်အသစ် ဖွဲ့စည်းလိုသူ လူဦးရေ အနည်းဆုံး ၁၂၀,၀၀၀ (တစ်သိန်း နှစ်သောင်း) ရှိရန်။

(ခ) ပြည်နယ်အသစ် ဖွဲ့စည်းလိုသည့် နယ်ပယ်အတွင်းရှိ ပြည်သူများက ကွန်ဂရက် (လွှတ်တော်) သို့ ပြည်နယ် အသစ်ဖွဲ့စည်းရန် လိုအပ်ချက်များ ပြည့်စုံကြောင်း ကနဦးတင်ပြရန်။

(ဂ) ပြည်နယ်အသစ် ဖွဲ့စည်းရန် သက်ဆိုင်သည့် ပြည်နယ်လွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်များ မှ (၆) လအတွင်း ကွန်ဂရက် (လွှတ်တော်) ထံသို့ ပြည်နယ်အသစ် ဖွဲ့စည်း ခြင်း၏ ကောင်းကျိုး နှင့် ဆိုးကျိုးများကို သုံးသပ်တင်ပြရန်။

(ဃ) သမ္မတသည် အဆိုပါ ပြည်နယ်အသစ် ဖွဲ့စည်းခြင်းဆိုင်ရာ တင်ပြချက် ရရှိသည်နှင့် (၇) ရက် အတွင်း ကွန်ဂရက် (လွှတ်တော်) ထံသို့ ပြည်နယ်အသစ်ဖွဲ့စည်းခြင်း၏ ကောင်းကျိုးနှင့် ဆိုးကျိုးများကို တင်ပြရန်။

(င) ပြည်နယ်အသစ် ဖွဲ့စည်းရန် တင်ပြချက်သည် ကွန်ဂရက် (လွှတ်တော်) နှစ်ရပ်၏ သုံးပုံနှစ်ပုံ ထောက်ခံချက် အနည်းဆုံးရရှိမှသာ ဆက်လက်လုပ်ဆောင်ရန်။

126 Part 1, Article 2 of the Constitution of India, 1949 (rev. 2015). Parliament may by law admit into the Union, or establish, new States on such terms and conditions as it thinks fit.

127 Part 1, Article 1 (3) of the Constitution of Pakistan, 1973 (reins 2002, rev. 2015). Majlis-e-Shoora (Parliament) may by law admit into the Federation new States or areas on such terms and conditions as it thinks fit.

128 Article 4, Section 3 of the Constitution of United States of America, 1789 (rev. 1992). New States may be admitted by the Congress into this Union; but no new State shall be formed or erected within the Jurisdiction of any other State; nor any State be formed by the Junction of two or more States, or Parts of States, without the Consent of the Legislatures of the States concerned as well as of the Congress.

(စ) ကွန်ဂရက် (လွှတ်တော်) ၏ ဆုံးဖြတ်ချက်ကို ပြည်နယ် အသစ်ဖွဲ့စည်းရန် သက်ဆိုင်သည့် ပြည်နယ်လွှတ်တော်များမှ သုံးသပ်ပြီး အတည်ပြုချက် ရယူရန်။

(ဆ) အကယ်၍ ပြည်နယ်အသစ် ဖွဲ့စည်းရန် ကွန်ဂရက် (လွှတ်တော်) ၏ ဆုံးဖြတ်ချက်ကို သက်ဆိုင်သည့် ပြည်နယ်များက အတည်မပြုနိုင်လျှင် အထက်တွင် ဖော်ပြထားသည့် လုပ်ငန်းစဉ်များအားလုံးကို သက်ဆိုင်သည့် ပြည်နယ်များ၏ သုံးပုံနှစ်ပုံ ထောက်ခံချက်ဖြင့် ပြည်နယ်အသစ်များကို ဖွဲ့စည်းနိုင်ရန် တို့ဖြစ်သည်။[129]

## ■ ပြည်နယ်အသစ်ဖွဲ့စည်းခြင်း ဆိုင်ရာ သုံးသပ်ချက်များ

၉။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြည်နယ်အသစ်ဖွဲ့စည်းခြင်း၊ နယ်နိမိတ်များ ပြင်ဆင်ပြောင်းလဲခြင်းတို့သည် လုံလောက်မှု မရှိသည်ကို တွေ့ရှိရသည်။ ထို့အတူ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေး စုစည်းချက်များတွင် ပါရှိသည့် ရှိရင်းစွဲ ပြည်နယ်များအတွင်း ပြည်နယ်အသစ် ဖွဲ့စည်းခွင့်ကို တားမြစ်လိုသည့် သဘောထားနှင့် နယ်နိမိတ်များကို သတ်မှတ်ရာတွင် ဓလေ့ထုံးတမ်း စဉ်လာနှင့် အညီပိုင်ဆိုင်ခဲ့သည့် ဘိုးဘွားပိုင်နယ်မြေများ၊ သမိုင်းကြောင်းအထောက်အထားများနှင့် တရားဝင် ရရှိခဲ့သည့် အခွင့်ရေးများကို အခြေခံရန်ဆိုသည့် "မူ" သည်လည်း လက်တွေ့အကောင်အထည် ဖော်ဆောင်ရာတွင် အလွန်ခက်ခဲမည် ဖြစ်ပါသည်။

၁၀။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းချက်များသည် ဩစတေးလျ၊ အိန္ဒိယနှင့် ပါကစ္စတန် နိုင်ငံတို့၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းချက်များထက် ပိုမိုပြည့်စုံပြီး ဘရာဇီး နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြည်နယ်အသစ်ဖွဲ့စည်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် ဆင်တူမှုရှိပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ်အသစ် ဖွဲ့စည်းခြင်းနှင့် မက္ကဆီကို နိုင်ငံတွင် ပြည်နယ်အသစ် ဖွဲ့စည်းခြင်းတို့သည် လက်ရှိ မြန်မာနိုင်ငံတွင် ကျင့်သုံးနေသည့် ဥပဒေပြဋ္ဌာန်းချက်များထက်

129 Title 3, Chapter 2, Section 3, Article 73, Section (3) of the Constitution of Mexico, 1917 (2015). Create new states within the limits of the existing ones. For this purpose, the following requirements must be met: 1. The fraction or fractions that intend to become a new state must have at least one hundred and twenty thousand inhabitants. 2.The fraction or fractions that intend to become a new state shall substantiate before Congress that it possess enough elements to assure the new state's political existence. 3.The legislatures of the states involved shall submit a report to the Congress, within the six months after notification was sent to them, about usefulness or inappropriateness of creation of the new state. 4.The President of the Republic must submit a report to the Congress within the seven days after notification about usefulness or inappropriateness of creation of the new state. 5.Proposal of creation of the new state shall obtain the two-thirds of the votes in each House. 6.The ruling pronounced by the Congress shall be ratified by majority of the state legislatures after reviewing of the file, provided that legislatures of the affected states have approved such ruling. 7. In the event that legislatures of the affected states do not consent creation of a new state, then ratification mentioned in the previous paragraph shall be done by two-thirds of the legislatures of the rest of the states.

ပိုမိုပြည့်စုံပြီး အကောင်အထည်ဖော်ရန် ခက်ခဲသည့် နည်းလမ်းများ ဖြစ်ကြပါသည်။ ဘရာဇီးနိုင်ငံတွင် သက်ဆိုင်ရာ ပြည်သူ့ဆန္ဒခံယူခြင်း လိုအပ်သကဲ့သို့ အမေရိကန် ပြည်ထောင်စုတွင် သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်များ၏ ထောက်ခံချက် လိုအပ်ပါသည်။ ဩစတြေးလျနိုင်ငံတွင် ပြည်နယ်အသစ်ဖွဲ့စည်းခြင်းကြောင့် ပါလီမန်တွင် ကိုယ်စားပြုမှုများကို ပါလီမန်အားလုပ်ပိုင်ခွင့် ပေးထားသည်ကို တွေ့ရှိရသည်။ မက္ကဆီကို နိုင်ငံတွင် ပြည်နယ်အသစ် ဖွဲ့စည်းခြင်းကို လူဦးရေ သတ်မှတ်ချက်အပါအဝင် နည်းလမ်းပေါင်း ၇ ခု ဖြင့် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။ ပဏာမလုပ်ဆောင်ခွင့်နှင့် ဆန္ဒခံယူခြင်း (Initiative and Rerendum) ခေါင်းစဉ်အောက်တွင် ဆွေးနွေးခဲ့သကဲ့သို့ ဂျာမနီနိုင်ငံတွင် လင်ဒါနယ်နိမိတ်များ ပြင်ဆင်ခြင်းတို့တွင် သက်ဆိုင်သည့် လူထု၏ ဆန္ဒခံယူပွဲဖြင့် ဆုံးဖြတ်ရန် ဆိုသည့် အချက်ကိုလည်း ဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။

## ■ ပြည်နယ်အသစ် ဖွဲ့စည်းခြင်း ဆိုင်ရာ စဉ်းစားရွေးချယ်စရာများ

၁၁။ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး နိုင်ငံရေး ဆွေးနွေးပွဲများတွင် ပါဝင်သင့်ပါဝင်ထိုက်သူများအနေဖြင့် ပြည်နယ်အသစ် ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းသော စဉ်းစားရွေးချယ်စရာများမှာ -

(က) ပြည်နယ်သစ်များဖွဲ့စည်းခွင့်ကို လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံ ပြဋ္ဌာန်းချက်နှင့်အညီ ဆက်လက်ပြဋ္ဌာန်းခြင်း။

(ခ) ပြည်နယ်အသစ်များ ဖွဲ့စည်းခြင်းကို သီးခြားဥပဒေပြု ပြဋ္ဌာန်းခြင်း။

(ဂ) ပြည်နယ်အသစ်ဖွဲ့စည်းမှုအတွက် လိုအပ်သော စံနှုန်းစံထားများ သတ်မှတ်ခြင်း။

# အခန်း ၁၃

# အာဏာခွဲဝေခြင်း

## ■ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းကော်မတီ၏ စုစည်းချက်

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေးစုစည်းချက်များတွင် အာဏာခွဲဝေသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ *"ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များက ကျင့်သုံးခွင့်ရှိသောအာဏာများ အပြည့်အဝအပ်နှင်းခြင်းများအားဖြင့် ဗဟိုချုပ်ကိုင်မှု ကြိုးနီစနစ် အနည်းငယ် ဖြေလျှော့ထားသောတစ်ပြည်ထောင်စနစ် (Decentralization Unitary) ထက် ဗဟိုချုပ်ကိုင်ခွင့်မရှိသော၊ အာဏာများအား ပြည်နယ်များတွင် အပြည့် အဝ ကျင့်သုံးစေသည့် ဖက်ဒရယ်စနစ် (Non-Centralized Power Federalism) အဖြစ် ရေးဆွဲပြဋ္ဌာန်းရန်၊ ထပ်တူဥပဒေပြုအာဏာ (Concurrent Power) အညွှန်းဇယားကိုလည်း ထားရှိပြီး ထိုပြည်ထောင်စုနှင့်ပြည်နယ်များအကြား ဥပဒေပြုအာဏာရပ်များနှင့် စပ်လျဉ်း၍ ဆန့်ကျင်ကွဲလွဲခြင်း သို့မဟုတ် အငြင်းပွားခြင်းများ ဖြစ်ပေါ်လာပါက မည်သို့မည်ပုံညှိနှိုင်း ဖြေရှင်းမည့် နည်းလမ်း (Mechanism) ကိုလည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းရန်၊ အမျိုးသားလွှတ်တော်ကို ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအား အကာအကွယ်ပေးခြင်းနှင့် ပြည်နယ်ရေးရာနှင့်စပ်လျဉ်းသော သီးခြားဥပဒေပြုခွင့် အပ်နှံထားခြင်းရှိစေရန်၊ ပြည်ထောင်စု တိုင်းဒေသကြီးနှင့်ပြည်နယ် (ဖက်ဒရယ်ယူနစ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ အကြား ဥပဒေပြု ရေးဆိုင်ရာ သီးခြားလုပ်ပိုင်ခွင့်အာဏာများနှင့် ပူးတွဲအာဏာများကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေက ခွဲဝေအပ်နှင်းပေးရန်"* တို့ ပါရှိသည်။

၂။ အာဏာခွဲဝေခြင်း ခေါင်းစဉ်အောက်တွင်ပါရှိသည့် ဗဟိုဦးစီးမှုလျှော့ချခြင်း၊ ပြည်ထောင်စု (ဗဟို) နှင့် ပြည်နယ်များအကြား အာဏာခွဲဝေပိုင်းခြားခြင်း၊ အခြေခံဥပဒေ အငြင်းပွားမှုများ ဖြေရှင်းမည့် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး ဖွဲ့စည်းခြင်းဆိုင်ရာ အကြောင်းအရာများစွာကို အချုပ်အခြာအာဏာ ကျင့်သုံးမှု၊ "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ်ပြည်ထောင်စုမူ" ခေါင်းစဉ်များအောက်တွင် သုံးသပ်ထားသည့် အကြောင်းအရာများ ဖြစ်ပါသည်။

## ■ အာဏာခွဲဝေခြင်း နောက်ခံ အကြောင်းအရာများ

၃။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား

အာဏာခွဲဝေမှုကို ဖွဲ့စည်းပုံတွင် ပြည်ထောင်စုနိုင်ငံဥပဒေပြုစာရင်း၊[130] ပြည်နယ်ဥပဒေပြုစာရင်း[131] တို့၌ ပြဋ္ဌာန်းထားပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုဥပဒေပြုစာရင်း[132] နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေပြုစာရင်း၊[133] ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ ဥပဒေပြုစာရင်း[134] တို့ကို ပြဋ္ဌာန်းထားပါသည်။

၄။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြည်ထောင်စု သော်လည်းကောင်း၊ ပြည်နယ်များကို သော်လည်းကောင်း အတိအကျအပ်နှင်းထားသည့် အာဏာများအပြင် ကျန်ရှိသည့် ကြွင်းကျန်အာဏာ (Residual Legislative Powers) များအတွက် ဥပဒေပြုခွင့်ဆိုင်ရာ ပြဋ္ဌာန်းထားခြင်းမရှိပါ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၈ တွင် *"ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသည်"* ဟုပြဋ္ဌာန်းထားသဖြင့် ကြွင်းကျန်အာဏာအားလုံးသည် ပြည်ထောင်စု လက်ဝယ်ရှိပါသည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ဖြစ်စေ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖြစ်စေ ထပ်တူပြုအာဏာ ပြဋ္ဌာန်းခဲ့ခြင်းမရှိပါ။

၅။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၃၅ (၁) (ခ) တွင် *"ပြည်ထောင်စုနိုင်ငံနှင့် ပြည်ထောင်စုအဖွဲ့ဝင်များအကြား အငြင်းပွားသောကိစ္စများ သို့တည်းမဟုတ် ပြည်ထောင်စု အဖွဲ့ဝင်အချင်းချင်း အငြင်းပွားသော ကိစ္စများ (ဂ) တရားဥပဒေဖြင့် သတ်မှတ်ထားသော အခြားကိစ္စများရှိလျှင်လည်း ထိုကိစ္စများကို တရားလွှတ်တော်ချုပ် (Supreme Court) က စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်"* ဟု ပြဋ္ဌာန်းထားပြီး ဥပဒေပုဒ်မ ၁၃၈ အရ *"တရားလွှတ်တော်ချုပ်၏ စီရင်ချက်များသည် အမှုအားလုံးတွင် အပြီးအပြတ် ဖြစ်၍၊ အယူခံဝင်ခွင့် မရှိစေရ"* ဟုပြဋ္ဌာန်းထားသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၂၀ မှ ၃၃၆ အထိ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး ဆိုင်ရာ ပြဋ္ဌာန်းချက် များပါရှိပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ခုံရုံးသည် *"ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်း၊ ပြဋ္ဌာန်းသည့် ဥပဒေများ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ-မရှိစိစစ်ခြင်း၊အုပ်ချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များသည်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ-မရှိ စိစစ်ခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊ ဥပဒေကို အကောင်အထည်ဖော် ဆောက်ရွက်ရာတွင် ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊ ပြည်ထောင်စုနယ်မြေနှင့် စပ်လျဉ်း၍ နိုင်ငံတော် သမ္မတက အကြောင်းကြားလာသည့်*

130 Third Schedule, List 1 of Union Legislative List. Article 92 (1) of the Constitution of Burma, 1947.

131 Schedule 2. The State Legislative List. Article 92 (1) of the Constitution of Burma 1947.

132 Schedule 1 of the Constiuttion of Myanmar, 2008.

133 Schedule 2 of the Constitution of Myanmar, 2008.

134 Schedule 3 of the Constiuttion of Myanmar, 2008.

*ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်းတို့တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်"*[135] ဟု ပြဋ္ဌာန်းထားပါသည်။

## ■ အာဏာခွဲဝေခြင်းဆိုင်ရာ သုံးသပ်ချက်များ

၆။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေးစုစည်းချက်များတွင် ဖက်ဒရယ်စနစ်နှင့် ဗဟိုမှလက်အောက်ခံများသို့ အာဏာနှင့် လုပ်ပိုင်ခွင့်များ ခွဲဝေပေးခြင်း (Decentralization) တို့ ရောထွေးနေသည်ကို တွေ့ရှိရသည်။ ဗဟိုမှ လက်အောက်ခံများသို့ အာဏာနှင့် လုပ်ပိုင်ခွင့်များ ခွဲဝေပေးခြင်း (Decentralization) ဆိုသည်မှာ ပြည်ထောင်စု သို့မဟုတ် ဗဟိုမှ ပြည်နယ် သို့မဟုတ် ဒေသန္တရများသို့ မတူကွဲပြားမှုများကို စီမံခန့်ခွဲနိုင်ရန် အာဏာနှင့် လုပ်ပိုင်ခွင့်များကို ခွဲဝေပေးခြင်း ဖြစ်သည်။ ဗဟိုမှ တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းရန် မလွယ်ကူသည် စီမံခန့်ခွဲမှုများကို ဒေသန္တရများမှ စီမံခန့်ခွဲနိုင်ရန် အာဏာနှင့် လုပ်ပိုင်ခွင့်များ ခွဲဝေခြင်းဖြစ်ပါသည်။ ဗဟို၏ လုပ်ပိုင်ခွင့်အရ အာဏာနှင့် လုပ်ပိုင်ခွင့်ကို ဒေသန္တရ များအား ဆုံးဖြတ်ချက်ချမှတ်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့် လွှဲအပ်ခြင်းဖြစ်သည်။ ဗဟိုမှ မလိုအပ်တော့ဟု ယူဆပါက လွှဲအပ်ထားသည့် လုပ်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။ ဗဟိုမှ အောက်ခြေသို့မဟုတ် ပြည်နယ်များကို လွှဲပေးထားသည့် အာဏာနှင့် လုပ်ပိုင်ခွင့်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ မဖြစ်မနေ လုပ်ဆောင်ရမည်ဟု ပြဋ္ဌာန်းချက် (Constitutionally Binding) ဖြင့် သတ်မှတ်ထားခြင်း မဟုတ်ပါ။ ဗဟိုအစိုးရအနေဖြင့် အာဏာကို လွှဲအပ်ခြင်းပြုနိုင်သကဲ့သို့ မသိကျိုးကျွံပြု၍လည်း ရပါသည်။

၇။ ဖက်ဒရယ်စနစ်မှာမူ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဗဟို သို့မဟုတ် ပြည်ထောင်စုနှင့် ဒေသန္တရ သို့မဟုတ် ပြည်နယ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များ နှင့်အညီ တိကျစွာခွဲဝေအပ်နှင်းထားသည် စနစ်ဖြစ်ပါသည်။ ထို့ကြောင့် ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းနှင့် ဖက်ဒရယ်စနစ် (Decentralization and Federalism) တို့သည် အလွန် ကွာခြားမှုရှိပါသည်။ ဗဟိုချုပ်ကိုင်မှုစနစ် (Decentralization) တွင် ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဗဟိုမှအောက်ခြေသို့ လုပ်ဆောင်ခွင့် ပေးနိုင်သကဲ့သို့ ရုပ်သိမ်းပိုင်ခွင့်လည်း ရှိပါသည်။ သို့သော် ဖက်ဒရယ်စနစ်တွင် ဒေသန္တရများက လုပ်ပိုင်ခွင့်ရှိသည့် အတိအကျ ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်များ ကို ပြည်ထောင်စုမှ ဝင်ရောက်စွက်ဖက်ခြင်း ပြု၍ မရပါ။

၈။ ဖက်ဒရယ်စနစ်တွင် ပြည်နယ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့် အာဏာနှင့် လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုလွှတ်တော် သို့မဟုတ် ဗဟိုတရားရုံးများ၏ ခွင့်ပြုချက်မရှိပါက ဗဟိုအစိုးရအနေဖြင့် ရုပ်သိမ်းခွင့်နှင့် ဝင်ရောက်စွက်ဖက်ခွင့်မရှိပါ။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအကျ ပြဋ္ဌာန်းမထားသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆုံးဖြတ်ခွင့် ပေးနိုင်သည့် တရားရုံးများမှ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ပူးပေါင်းလုပ်

135 Article 322 and 324 of the Constiuttion of Myanmar, 2008.

ဆောင်ရန် လိုအပ်သည်ဟု ဆုံးဖြတ်ပါက ၎င်းတရားရုံးများ၏ ဆုံးဖြတ်ချက်အတိုင်း ထပ်တူပြု ဥပဒေများ ပြဌာန်းနိုင်သည်။ ပြည်ထောင်စုမှ မိမိ၏လုပ်ပိုင်ခွင့်ဖြစ်သည်ဟု လုပ်ဆောင်နေသည့် ကိစ္စများကို ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် တရားရုံးများမှ ပြည်နယ်၏ လုပ်ဆောင်ရမည့် ကိစ္စဖြစ်သည်ဟု ဆုံးဖြတ်ပါက ပြည်နယ်များမှ ဆက်လက် လုပ်ဆောင်ရမည် ဖြစ်သည်။ ပြည်နယ်များမှ လုပ်ဆောင်နေသည့် ကိစ္စများသည် ဗဟိုက လုပ်ဆောင်ရမည့် ကိစ္စဟု အဆုံးအဖြတ်ပေးနိုင်သည့် တရားရုံးများမှ ဆုံးဖြတ်ပါက အဆိုပါ ဆုံးဖြတ်ချက်အတိုင်း လုပ်ဆောင်ရမည်။ ထို့ကြောင့် ဖက်ဒရယ်စနစ်တွင် ဖွဲ့စည်းပုံအရ အတိအကျ အာဏာခွဲဝေထားသည် ဖြစ်စေ၊ မခွဲဝေ ထားသည်ဖြစ်စေ၊ မည်သူက လုပ်ဆောင်အကောင်အထည်ဖော်သင့်သည်၊ မည်သူ၏ လုပ်ပိုင်ခွင့် ဖြစ်သည်ဟု ဆုံးဖြတ်နိုင်သော ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အဆုံးအဖြတ်ပေးနိုင်သည့် တရားရုံးများ၏ အခန်းကဏ္ဍ အရေးကြီးခြင်းဖြစ်ပါသည်။

၉။ ထို့ကြောင့် ဗဟိုဦးစီးမှုအာဏာနှင့် လုပ်ပိုင်ခွင့်များကို လျှော့ချနိုင်ရန် အလို့ငှာ ဖက်ဒရယ်စနစ်ကို အခြေခံပြီး ပြည်ထောင်စု (ဗဟို) နှင့် ပြည်နယ်များအကြား ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အာဏာခွဲဝေ ပိုင်းခြားခြင်း၊ အခြေခံဥပဒေ အငြင်းပွားမှုများ ဖြေရှင်းမည့် လွတ်လပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး ဖွဲ့စည်းခြင်းဆိုင်ရာ အကြောင်းအရာများစွာကို အချုပ်အခြာ အာဏာကျင့်သုံးမှု၊ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ဖက်ဒရယ်ပြည်ထောင်စုမူ ခေါင်းစဉ်အောက်တွင် အကြံပြုထားခြင်း ဖြစ်ပါသည်။

## ■ အာဏာခွဲဝေခြင်းဆိုင်ရာ စဉ်းစားရွေးချယ်စရာများ

၁၀။ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး နိုင်ငံရေး ဆွေးနွေးပွဲများတွင် ပါဝင်သင့်ပါဝင်ထိုက်သူများအနေဖြင့် အာဏာခွဲဝေခြင်းနှင့် စပ်လျဉ်းသော စဉ်းစားရွေးချယ်စရာများမှာ -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာခွဲဝေခြင်းအပြင် ဥပဒေပြုခြင်း၊ အုပ်ချုပ်ခြင်းနှင့် တရားစီရင်ခြင်း အာဏာများကို ပြည်ထောင်စု၊ ပြည်နယ်များ၊ ဒေသန္တရများအကြား အပြန်အလှန် ခွဲဝေဆောင်ရွက်ခွင့်ပြုခြင်း။

(ခ) အကယ်၍ လုပ်ပိုင်ခွင့်များကို ပြည်ထောင်စု၊ ပြည်နယ်များနှင့် ဒေသန္တရများ အကြား အပြန်အလှန်ခွဲဝေလုပ်ဆောင်ခြင်းကို ပြန်လည်ရုပ်သိမ်းလိုပါက ကန့်သတ်ချက်များဖြင့် ရုပ်သိမ်းနိုင်ရန် ဥပဒေပြုခြင်း။

(ဂ) ဒေသန္တရမှ ပြည်နယ်များသို့လည်းကောင်း၊ ပြည်နယ်များမှ ပြည်ထောင်စု သို့လည်းကောင်း လုပ်ပိုင်ခွင့်အာဏာများကို တရားဝင်တောင်းဆိုနိုင်မည့် ဥပဒေ ပြဌာန်းခြင်း။

(ဃ) ထပ်တူပြု ဥပဒေပြုခွင့်ကို စံနှုန်းများ သတ်မှတ်၍ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ရေးဆွဲပြဌာန်းပြီး လက်တွေ့ကျင့်သုံးရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီမညီကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးမှ ဆုံးဖြတ်စေခြင်း။

အခန်း
၁၄

# ဘဏ္ဍာရေးနှင့် သယံဇာတ ခွဲဝေခြင်း

## ■ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းကော်မတီ၏ စုစည်းချက်

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေးစုစည်းချက်များတွင် *"ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို မြေယာနှင့်သဘာဝ အရင်း အမြစ် ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်နှင့်ထုတ်ယူသုံးစွဲခွင့်ဆိုင်ရာ လုံလောက်သော အာဏာများကို အပ်နှင်းရန်နှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ဘဏ္ဍာရေးစီမံခန့်ခွဲခွင့်၊ ပြည်နယ်အတွင်း အခွန်ကောက်ခံခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ဆိုင်ရာ လုံလောက်သောအာဏာများကို အပ်နှင်းရန်"* တို့ ပါရှိသည်။

## ■ ဘဏ္ဍာနှင့် သယံဇာတ ခွဲဝေခြင်းဆိုင်ရာ နောက်ခံအကြောင်းအရာများ

၂။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၃၀ တွင် "(၁) နိုင်ငံတော်သည် မြေယာ အားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။ (၂) ဤအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ မြေယာပိုင်ဆိုင်ခွင့်စနစ်များကို စည်းမျဉ်းတကျ ဖြစ်စေရန်သော်လည်းကောင်း၊ လွှဲပြောင်းရန် သော်လည်းကောင်း၊ ဖျက်သိမ်းရန်သော်လည်းကောင်း၊ နိုင်ငံတော်၌ အခွင့်အရေးရှိရမည်။ သို့တည်း မဟုတ် မည်သည့်မြေယာကိုမဆို ပြန်လည်သိမ်းယူပြီးလျှင်၊ ထိုမြေယာကို စုပေါင်းစိုက်ပျိုးရေး အတွက်ဖြစ်စေ၊ သမဝါယမ စိုက်ပျိုးရေးအတွက်ဖြစ်စေ၊ လယ်သီးစားသမားများအတွက်ဖြစ်စေ၊ ဝေငှပေးရန် အခွင့်အရေးရှိရမည်။ (၃) မည်သည့်အခြေခံစနစ်နှင့်မျှ မြေယာအမြောက်အများ ပိုင်ဆိုင် ခွင့်မရှိစေရ၊ တစ်ဦးတည်းပိုင်ဖြစ်သော မြေယာ၏ အများဆုံးဧက အရေအတွက်ကို အကြောင်း ညီညွတ်လျှင် ညီညွတ်ခြင်းတရားဥပဒေဖြင့် သတ်မှတ်ရမည်" ဟုပြဋ္ဌာန်းထားပါသည်။

၃။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈ တွင် *"နိုင်ငံတော်သည် (က) မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက်၊ လေထုအတွင်းရှိ သယံဇာတ ပစ္စည်းများအားလုံးနှင့် မြေယာ အားလုံးတို့၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။ (ခ) နိုင်ငံသား လုပ်သားပြည်သူများ၏ အကျိုးစီးပွားအလို့ငှာ သယံဇာတ ပစ္စည်းများကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊ ထုတ်ဖော်လုပ်ကိုင်သုံးစွဲခြင်း ပြုလုပ်ရမည်"* ဟုပြဋ္ဌာန်းထားသည်။

၄။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇ တွင် *"နိုင်ငံတော်သည် (က) နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတ ပစ္စည်းများ*

*အားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်၊ (ခ) နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစု များက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းရမည်၊ (ဂ) နိုင်ငံသား များအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေဖြင့် ပြဋ္ဌာန်းချက်နှင့် အညီခွင့်ပြုရမည်"* ဟု ပြဋ္ဌာန်းထားပါသည်။

၅။ အခွန်အကောက်ဆိုင်ရာ (Taxation) နှင့် ပတ်သက်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၀ (ခ) တွင် *"ပြည်ထောင်စု အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်၏ အမျိုးသား စီမံကိန်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စု လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်"* ဟုပြဋ္ဌာန်းထားသည်။ ထို့အပြင် ပုဒ်မ ၄၄၄ (ခ) တွင် *"ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာ တည်သည့်နေ့၌ တည်ရှိနေသော တရားရုံးများသည် တရားရုံးများတွင် မပြီးမပြတ် ကျန်ရှိနေသေး သော တရားမမှုများ၊ ပြစ်မှုဆိုင်ရာ အမှုများနှင့် အခွန်တော်အမှုများကို အမှုစတင် စစ်ဆေးစဉ်က ကျင့်သုံးသည့် ဥပဒေများနှင့်အညီ ဆက်လက် စစ်ဆေး စီရင်ရမည်"* ဟု ပြဋ္ဌာန်းထားပြီး ဇယား ၂ ပုဒ်မ ၁ (ဂ) တွင် *"မြေယာခွန်နှင့် သက်ဆိုင်သည့် ဥပဒေများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဥပဒေပြဋ္ဌာန်းခွင့်ရှိသည်"* ဟု လည်းကောင်း၊ ဇယား ၅ ပုဒ်မ ၁ တွင် "မြေယာခွန်"၊ ပုဒ်မ ၂ တွင် "ယစ်မျိုးခွန်"၊ ပုဒ်မ ၈ တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဝန်ဆောင်မှု လုပ်ငန်းများအတွက် သတ်မှတ်ကောက်ခံသည့် အခကြေးငွေများ၊ အခွန်အခများနှင့် အခြား ရန်ပုံငွေများ"၊ ပုဒ်မ ၉ တွင် *"တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရား လွှတ်တော် အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တရားရုံးများက ချမှတ်သည့် ဒဏ်ငွေများ၊ ဝန်ဆောင်မှု အတွက် ကောက်ခံသည့် အခွန်အခများနှင့် အခြားရငွေများ"*၊ ပုဒ်မ ၁၆ တွင် *"ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေများ တို့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အခွန်ဘဏ္ဍာများ ဖြစ်ရမည်"* ဟု ပြဋ္ဌာန်းထားပါသည်။

၆။ ဘဏ္ဍာရန်ပုံငွေ (Revenue) နှင့် ပတ်သက်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၂၃၁ တွင် " *(က) ပြည်ထောင်စုသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံခွင့်ရှိသော ဇယား ၅ ပါ အခွန်အခများမှအပ အခြားအခွန်အခများကို ဥပဒေနှင့် အညီကောက်ခံ၍ ပြည်ထောင်စု ဘဏ္ဍာငွေသို့ ပေးသွင်းရမည်၊ (ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရန် သတ်မှတ်ထားသည့် ရငွေများနှင့် အခွန်အခ အမျိုးအစားများကို ပြည်ထောင်စု နယ်မြေများအတွက် ကောက်ခံရန်ရှိပါက ပြည်ထောင်စု က ဥပဒေနှင့်အညီ ကောက်ခံပြီး ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်၊ (ဂ) ပြည်ထောင်စုသည် ပြည်ထောင်စု ဘဏ္ဍာငွေ ရန်ပုံငွေကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိသည်"* ဟု ပြဋ္ဌာန်းထားပါသည်။

၇။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၂၅၁ (က) တွင် *"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စု အစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့် သော်လည်းကောင်း၊*

*ပြည်ထောင်စုဥပဒေများနှင့်သော် လည်းကောင်း မဆန့်ကျင်စေဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည် ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် စီမံကိန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။"* ဟု ပြဋ္ဌာန်းထားသည်။ အထက်ပါ ပြဋ္ဌာန်းချက်များမှအပ အခြားသော သဘာဝအရင်းအမြစ် ပိုင်ဆိုင်မှု စီမံခန့်ခွဲခြင်း၊ ထုတ်ယူသုံးစွဲခြင်း၊ အခွန်ကောက်ခံခွင့်၊ ဘဏ္ဍာရေး စီမံခန့်ခွဲခွင့်များ မရှိပါ။

## ■ ဘဏ္ဍာနှင့် သယံဇာတ ခွဲဝေခြင်းဆိုင်ရာ နိုင်ငံတကာ စံနူန်းများ

၈။ ဘဏ္ဍာနှင့် သယံဇာတ ခွဲဝေခြင်း ဆိုင်ရာ ခေါင်းစဉ်အောက်တွင် ပါရှိသည့် မြေယာ ပိုင်ဆိုင်မှု၊ အခွန်၊ ဘဏ္ဍာနှင့် သယံဇာတ ခွဲဝေမှု များနှင့် ပတ်သက်ပြီး တရုတ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် *"ဥပဒေအရ အများပိုင်ဟု သတ်မှတ်ထားခြင်းမရှိသော တွင်းထွက်ပစ္စည်းများအားလုံး၊ ရေ၊ သစ်တော၊ တောင်များ၊ မြက်ခင်းမြေများ၊ ပိုင်ရှင်မရှိသောမြေများ၊ ကမ်းခြေများနှင့် အခြား သဘာဝအရင်းအမြစ်အားလုံးကို နိုင်ငံသားများအားလုံး ပါဝင်သော နိုင်ငံတော်က ပိုင်ဆိုင်သည်"* [136] ဟု ပြဋ္ဌာန်းထားသည်။ ဂျာမဏီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် *"မြေယာဆိုင်ရာ ကိစ္စရပ်များ အားလုံး သည် ဖက်ဒရယ်လွှတ်တော်မှ ဥပဒေပြဋ္ဌာန်းသည့်အတိုင်း ဖြစ်ရမည်"* [137] ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။ အိန္ဒိယနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအရ မြေယာပိုင်ဆိုင်မှု၊ မြေယာဆိုင်ရာ အခွန်များကို ကွန်ဂရက်မှ ဥပဒေပြုပြဋ္ဌာန်းပါသည်။[138]

၉။ ဘဏ္ဍာအခွန်များနှင့် ပတ်သက်ပြီး ဩစတြေးလျနိုင်ငံတွင် *"ဘဏ္ဍာ သို့မဟုတ် ငွေကြေး သို့မဟုတ် အခွန် တို့နှင့်ပတ်သက်သည့် ဥပဒေပြုခြင်းအားလုံးသည် ဆီးနိတ် (အထက်လွှတ်တော်) မှ အဆိုတင်သွင်းခွင့်မရှိစေရမည့်အပြင်၊ အခွန်ဆိုင်ရာဥပဒေကြမ်း သို့မဟုတ် ဘဏ္ဍာဆိုင်ရာ ဥပဒေကြမ်း သို့မဟုတ် အစိုးရ၏ နှစ်စဉ် ဘဏ္ဍာဆိုင်ရာ သို့မဟုတ် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုနှင့် သက်ဆိုင်သည့် ဥပဒေကြမ်းများကို ပြင်ဆင်ခြင်း မပြုရ"* ဟု ပြဋ္ဌာန်းထားပါသည်။[139] ထို့အပြင်

---

136 Chapter 1, Article 8 of the Constitution of China, 1892 (rev. 2004). Article 9. Mineral resources, waters, forests, mountains, grassland, unreclaimed land, beaches and other natural resources are owned by the state, that is, by the whole people, with the exception of the forests, mountains……

137 Article 31 of the Constitution of Germany, 1949 (rev. 2014). Article 31. Federal law shall take precedence over Land law.

138 Seventh Schedule, List 1, Article 21 of the Constitution of India, 1949 (rev. 2015). Seventh Schedule, List 2, Article 18. Land, that is to say, rights in or over land, land tenures including the relation of landlord and tenant, and the collection of rents; transfer and alienation of agricultural land; land improvement and agricultural loans; colonization. Land revenue, including the assessment and collection of revenue, the maintenance of land records, survey for revenue purposes and records of rights, and alienation of revenues. Duties in respect of succession to agricultural land. Estate duty in respect of agricultural land.

139 CHAPTER I, PART V, Article 53 of the Constitution of Australia 1901 (rev. 1985). Proposed laws appropriating revenue or moneys, or imposing taxation, shall not originate in the Senate. The Senate

"ဓနသဟာယ ပါလီမန်သည် မည်သည့်ပြည်နယ်ကိုမဆို ကုန်သွယ်ရေး၊ စီးပွားကူးသန်းရေး သို့မဟုတ် ဘဏ္ဍာရေး တို့တွင် အထူးအခွင့်အရေး မပေးရ၊ ပြည်နယ်များ၏ အကြွေးများကို ပြည်ထောင်စု ရန်ပုံငွေမှ ပိုလျှံငွေများဖြင့် ကျခံပေးဆောင်ရမည်။ သို့ရာတွင် ပြည်ထောင်စု ရန်ပုံငွေ၏ ပိုလျှံငွေများမလုံလောက်ပါကကျန်သည့်ပြည်နယ်များမှပေးဆောင်ရမည်"ဟုပြဋ္ဌာန်းထားပါသည်။[140] ကနေဒါ နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "အောက်လွှတ်တော်သည် ပြည်သူ့ဘဏ္ဍာရေး၊ အခွန်၊ သွင်းကုန် ဆိုင်ရာ ဥပဒေကြမ်းများကို စတင်တင်သွင်းရမည်" [141] ဟုလည်းကောင်း၊ "ပြည်နယ်များသည် ပြည်နယ် ဘဏ္ဍာငွေအတွက် ဖော်ပြထားသည့် လုပ်ငန်းများတွင် အခွန်ကောက်ခံခွင့်ရှိရမည်"[142] ဟု ပြဋ္ဌာန်းထားပါသည်။ ဖိလစ်ပိုင်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "ဘဏ္ဍာငွေကြေးဆိုင်ရာ ဥပဒေကြမ်း အားလုံးသည် ပြည်သူ့လွှတ်တော်မှ ရေးဆွဲရမည်ဖြစ်ပြီး ဆီးနိတ်အနေဖြင့် အကြံပြုခြင်း သို့မဟုတ် ပြင်ဆင်ချက် ပြုခွင့်ရှိသည်" [143] ဟုပြဋ္ဌာန်းထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင် "ဘဏ္ဍာငွေ ကောက်ခံခြင်းနှင့် သက်ဆိုင်သည့် ဥပဒေမူကြမ်းအားလုံးသည် ပြည်သူ့လွှတ်တော်တွင် စတင်ရမည် ဖြစ်ပြီး အထက်လွှတ်တော်အနေဖြင့် အကြံပြုခြင်း သို့မဟုတ် ကန့်ကွက်ခြင်း ပြုလုပ်နိုင်သည်"[144] ဟု လည်းကောင်း၊ "ကုန်သွယ်ခြင်း၊ ဘဏ္ဍာငွေရရှိရန် ဆောင်ရွက်ခြင်းများတွင် မည်သည့်ပြည်နယ်ကိုမျှ ဦးစားပေးခြင်း မရှိစေရ"[145] ဟု ပြဋ္ဌာန်းထားပါသည်။

---

may not amend proposed laws imposing taxation, or proposed laws appropriating revenue or moneys for the ordinary annual services of the Government.

140 CHAPTER I, PART V, Article 93 (ii) of the Constitution of Australia 1901 (rev. 1985). The Commonwealth shall not, by any law or regulation of trade, commerce, or revenue, give preference to one State or any part thereof over another State or any part thereof. The Parliament may take over from the States their public debts, or …. shall be deducted and retained from the portions of the surplus revenue of the Commonwealth payable to the several States, or if such surplus is insufficient, or if there is no surplus, then the deficiency or the whole amount shall be paid by the several States.

141 CONSTITUTION ACT 1867, PART 3, Article 53 of Constitution of Canada 1867 (rev. 2011) Bills for appropriating any Part of the Public Revenue, or for imposing any Tax or Impost, shall originate in the House of Commons.

142 CONSTITUTION ACT 1867, PART 3, Article 92 of Constitution of Canada 1867 (rev. 2011). In each Province the Legislature may exclusively make Laws in relation to Matters coming within the Classes of Subjects next hereinafter enumerated…. .

143 Article 6, Section 24 of the Constitution of Philippines, 1987. All appropriation, revenue or tariff bills, bills authorizing increase of the public debt, bills of local application, and private bills shall originate exclusively in the House of Representatives, but the Senate may propose or concur with amendments.

144 Article 1, Section 7 of the Constitution of United States 1789 (rev. 1992). All Bills for raising Revenue shall originate in the House of Representatives; but the Senate may propose or concur with Amendments as on other Bills.

145 Article 1, Section 9 of the Constitution of United States 1789 (rev. 1992). No Preference shall be given by any Regulation of Commerce or Revenue to the Ports of one State over those of another; nor shall Vessels bound to, or from, one State, be obliged to enter, clear, or pay Duties in another.

## ■ သုံးသပ်ချက်များ

၁၀။ နိုင်ငံများစွာတွင် မြေယာနှင့် သယံဇာတ အားလုံးသည် နိုင်ငံတော်မှ ပိုင်ဆိုင်သည်ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။ တရုတ်နိုင်ငံတွင် ဥပဒေအရ အများပိုင် မြေယာမှတပါး ကျန်သည့် မြေနှင့် သယံဇာတများကို ပြည်သူ/နိုင်ငံသား အားလုံးက ပိုင်သည်ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံ နည်းတူ မြေယာနှင့် သက်ဆိုင်သည့် ဥပဒေများကို သက်ဆိုင်ရာ နိုင်ငံများ၏ လွှတ်တော်များက ဥပဒေပြဋ္ဌာန်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။

၁၁။ အခွန်ဘဏ္ဍာ ကောက်ခံခြင်းနှင့် သယံဇာတခွဲဝေခြင်းနှင့် ပတ်သက်၍ အချို့သော နိုင်ငံများတွင် ပြည်ထောင်စု အခွန်ဘဏ္ဍာများကို ပြည်နယ်များအား အချိုးကျ ခွဲဝေရန် ပြဋ္ဌာန်းချက်များ ရှိသကဲ့သို့ အမေရိကန် ပြည်ထောင်စုတွင် ပြည်ထောင်စု ဘဏ္ဍာငွေများကို အချိုးကျ ခွဲဝေရန် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းခြင်းမရှိပါ။ ဩစတြေးလျနိုင်ငံတွင် လိုငွေပြနေသည့် ပြည်နယ်များ အတွက် ပြည်ထောင်စု ဘဏ္ဍာငွေမှ မလုံလောက်ပါက ပြည်နယ်များမှ ဖြည့်ဆည်းပေးရန် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။ ပြည်ထောင်စုအစိုးရကို သီးသန့် အပ်နှင်းထား ရမည့် အခွန်ဘဏ္ဍာစာရင်းကို ချမှတ်ခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ အကြား မျှဝေပိုင်းခြားထားမည့် အခွန်ဘဏ္ဍာ စာရင်းများကို ချမှတ်ခြင်း၊ သဘာဝသယံဇာတ ရှားပါးသည့် တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များ၊ ချမ်းသာသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား မျှဝေ ပိုင်းခြားထားမည့် အခွန်ဘဏ္ဍာများကို ချမှတ်ခြင်း၊ ပြည်ထောင်စု အခွန်ဘဏ္ဍာကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များအကြား မျှဝေရာတွင် အခြေခံရမည့် မူများကို ချမှတ်ခြင်း၊ (ဥပမာ - per capita, level of development) ထိုသို့ အခွန်ဘဏ္ဍာများကို ခွဲဝေရာတွင် ဘဏ္ဍာငွေ အရင်းအမြစ်မျှတမှုကို အခြေခံမျှဝေခြင်း (balance revenue capacity) သို့မဟုတ် အခြေခံ လူထုဝန်ဆောင်မှုများ ကုန်ကျစရိတ်(cost of basic public services) ကို အခြေခံပြီး မျှဝေခြင်း သို့မဟုတ် နှစ်ခုစလုံးကို အခြေခံမျှဝေခြင်း၊ အချို့သော ပြည်ထောင်စု အခွန်ဘဏ္ဍာများကို ခွဲဝေရာတွင် ပြည်ထောင်စုမှ ပြည်နယ်များအား လွှဲအပ်ခြင်းထက် ဒေသန္တရ အစိုးရများအား ပြည်ထောင်စုမှ တိုက်ရိုက်ပေးအပ်ခြင်းကို ကျင့်သုံးသင့်မသင့်၊ ဤသို့သော အခွန်ဘဏ္ဍာ ခွဲဝေမှုကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အသေးစိတ် ပြဋ္ဌာန်းရန် သင့်မသင့်နှင့် ဥပဒေများဖြင့် ပြဋ္ဌာန်းပါက အချိန်ကန့်သတ်ချက်များဖြင့် ပြန်လည်ပြင်ဆင်ခြင်းများပြုလုပ်သင့်မသင့်၊ အကယ်၍ပြုလုပ်သင့်ပါက မည်သည့် အဖွဲ့အစည်းများက ဦးဆောင် လုပ်ဆောင်သင့် (အစိုးရ သို့မဟုတ် လွှတ်တော် သို့မဟုတ် အရပ်ဘက်အဖွဲ့အစည်းများ၊ အခြားလွတ်လပ်သည့် အဖွဲ့အစည်းများ) များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

## ■ သဘာဝသယံဇာတ ခွဲဝေခြင်းဆိုင်ရာ စဉ်းစားရွေးချယ်စရာများ

၁၂။ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး နိုင်ငံရေး ဆွေးနွေးပွဲများတွင် ပါဝင်သင့်ပါဝင်ထိုက်သူများအနေဖြင့် သဘာဝသယံဇာတ ခွဲဝေရေးနှင့်စပ်လျဉ်းသော စဉ်းစားရွေးချယ်စရာများမှာ -

(က) ပြည်ထောင်စုနှင့် ပြည်နယ်များအကြား မြေယာနှင့် သဘာဝသယံဇာတဆိုင်ရာ လုပ်ပိုင်ခွင့်ကို ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေရေးတွင် ထည့်သွင်းရေးသား ပြဋ္ဌာန်းခြင်း။

(ခ) မြေယာနှင့် သဘာဝ သယံဇာတများကို နှစ်အကန့်အသတ်ဖြင့် အသုံးပြုလုပ်ပိုင်ခွင့်ပြုခြင်း။

(ဂ) တိုင်းရင်းသားလူမျိုးများကို မိရိုးဖလာ ထုံးတမ်းစဉ်လာအရ အချိန်ကန့်သတ်ချက်ဖြင့် မြေယာပိုင်ဆိုင်ခွင့်ကို ဥပဒေပြဋ္ဌာန်းခြင်း။

(ဃ) သယံဇာတမှရရှိသည့် ဘဏ္ဍာငွေများကို သက်ဆိုင်ရာပြည်နယ်နှင့် အခြားပြည်နယ်များအကြား ခွဲဝေသတ်မှတ်ခြင်းကို ဥပဒေပြု ပြဋ္ဌာန်းခြင်း။

# အခန်း ၁၅ နိုင်ငံသားဆိုင်ရာ အကြောင်းအရာများ

## ■ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းကော်မတီ၏ စုစည်းချက်

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေး စုစည်းချက်များတွင် ဖက်ဒရယ်စနစ်နှင့်ပတ်သက်သော အခြေခံရမည့်မူအရ "နိုင်ငံသား၊ တိုင်းရင်းသားကို ၁၉၈၂ခုနိုင်ငံသားဥပဒေ" အရသာဖြစ်စေရန်၊ နိုင်ငံသားဖြစ်ခွင့်ဥပဒေကို တိတိကျကျပြဋ္ဌာန်း၍ နိုင်ငံသားဖြစ်သူတိုင်း၏ အခွင့်အရေး တန်းတူညီမျှရှိစေရန်နှင့် နိုင်ငံသားတို့သည် ဆန္ဒမဲပေးပိုင်ခွင့် ရှိသကဲ့သို့ မဲအရွေးချယ်ခံခွင့်လည်းရှိရမည်ဖြစ်ကာ ပြည်သူ့ဆန္ဒအရ သမ္မတအထိဖြစ်ခွင့်ရှိစေရန်" တို့ပါရှိသည်။

## ■ နိုင်ငံသားဆိုင်ရာ နောက်ခံအကြောင်းအရာများ

၂။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လက်ရှိကျင့်သုံးနေသည့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေတို့တွင် ပါရှိသည့် နိုင်ငံသားဆိုင်ရာ ကိစ္စရပ်များကို အချုပ်အခြာအာဏာ၊ တိုင်းရင်းသား တန်းတူရေးနှင့် ဖက်ဒရယ် ပြည်ထောင်စုမူ တို့တွင် သုံးသပ်ဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းကော်မတီ၏ စုစည်းချက်ပါ အကြောင်းအရာများသည်လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ နှင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေတို့တွင်လည်း ပါရှိပြီး အချက်များဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အခန်း (၈) တွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလ အခွင့်အရေးနှင့် တာဝန်များကို ပြည့်စုံစွာ ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၅ တွင် "*အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသည် -(က)ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ၊ (ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသား ဖြစ်ပြီးသူ*"ဟု ပြဋ္ဌာန်းထားသည်။ (မှတ်ချက် ။ ။ ဥပဒေအရ ဆိုသည့်စကားရပ်မှာ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေကို ဆိုလိုသည်။)

၃။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံသားများသည် နိုင်ငံသားနှစ်ခုကို တပြိုင်နက် ခံယူခွင့်ပြုခြင်း (သို့မဟုတ်) တားမြစ်ခြင်းနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက် မရှိပါ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၄၆ အရ "*နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှ*

*ရပ်စဲခြင်း တို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့် အတိုင်း ဖြစ်ရမည်" ဟူသော ပြဋ္ဌာန်းချက်သာ ပါရှိပါသည်။ ၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေ ပုဒ်မ ၁၃ အရ "နိုင်ငံသားတစ်ဦးသည် အခြားနိုင်ငံ၏ နိုင်ငံသား အဖြစ်ကိုပါ ခံယူခွင့်မရှိစေရ"* ဟုလည်းကောင်း၊ ပုဒ်မ ၁၆ အရ *"နိုင်ငံသားတစ်ဦးသည် နိုင်ငံတော်မှ အပြီးအပိုင်ထွက်ခွာလျှင်ဖြစ်စေ၊ အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ်ကို ခံယူလျှင် သို့မဟုတ် မှတ်ပုံတင် လျှင်ဖြစ်စေ၊ အခြားနိုင်ငံ၏နိုင်ငံကူးလက်မှတ် သို့မဟုတ် အလားတူလက်မှတ်ကို ထုတ်ယူလျှင်ဖြစ်စေ နိုင်ငံသားအဖြစ်မှ ရပ်စဲသည်"* ဟု ပြဋ္ဌာန်းထားပါသည်။

၄။ မြန်မာနိုင်ငံတွင် ကာလရှည်ကြာ ဖြစ်ပွားနေသည့် တိုင်းရင်းသား လက်နက်ကိုင် ပဋိပက္ခများ ကြောင့် မြန်မာနိုင်ငံသားများစွာသည် အိမ်နီးချင်း နိုင်ငံသို့လည်းကောင်း၊ အခြားတိုင်းပြည်များသို့ လည်းကောင်း ဒုက္ခသည်အနေဖြင့် ဖြစ်စေ၊ အခြားခိုလှုံခွင့်အနေဖြင့် ဖြစ်စေ ခိုလှုံရောက်ရှိသူ များစွာ ရှိပါသည်။ အချို့သော မြန်မာနိုင်ငံသားများသည် ပြည်တွင်းနေရပ်စွန့်ခွာသည့် စခန်းများတွင် ကာလကြာရှည် နေထိုင်သည့် သူများလည်း ရှိပါသည်။ နိုင်ငံခြားတိုင်းပြည်များတွင် ဥပဒေနှင့်အညီ တရားဝင် နိုင်ငံသားဖြစ်ခွင့် ရရှိကြသည့် မြန်မာနိုင်ငံသားများသည် မြန်မာနိုင်ငံသားအဖြစ် ပြန်လည် ခံယူနိုင်ရန် ဥပဒေနှင့်အညီ လျှောက်ထားခွင့်ရှိပါသည်။ ယခင်မြန်မာနိုင်ငံသားမိဘများ ဖြစ်ကြသည့် မြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မြန်မာနိုင်ငံပြင်ပတွင် မွေးဖွားလာသည့် ကလေးသူငယ်များ မြန်မာနိုင် ငံသားပြန်လည်ခံယူနိုင်ရန် ဥပဒေပြဋ္ဌာန်းထားခြင်းမရှိပါ။ ဥပမာ - ဒုက္ခသည် စခန်းများတွင် မြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသည့် ကလေးငယ်များ နိုင်ငံသားရရှိရေးဆိုင်ရာ တိကျသည့် ဥပဒေပြဋ္ဌာန်းချက်များလည်း မရှိပါ။ ထို့ကြောင့် မြန်မာနိုင်ငံသားဖြစ်ခွင့်ဆိုင်ရာ တည်ဆဲဥပဒေကို အခြားနိုင်ငံများ၏ဥပဒေများနည်းတူနိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားပြန်လည်ခံယူခြင်း၊ နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းဆိုင်ရာ ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်ပါသည်။

## ■ နိုင်ငံသားဆိုင်ရာ နိုင်ငံတကာ နမူနာများ

အာဖဂန်နစ္စတန် နိုင်ငံကို ပါတ်တူး၊ တဂျစ်၊ ဟဇရာ စသည့် လူမျိုးနွယ်များ (Tribes) အပြင် အခြား လူမျိုးနွယ်စုများဖြင့် ဖွဲ့စည်းသည်။ အာဖဂန် ဆိုသည့် စကားရပ်သည် အဖဂန်နစ္စတန် နိုင်ငံသားများနှင့် သက်ဆိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံသားဖြစ်ခြင်းနှင့် ခိုလှုံခွင့် တောင်းခံခြင်း ကို ဥပဒေပြု ပြဋ္ဌာန်းရမည်ဟု ပြဋ္ဌာန်းထားသည်။[146]

ဘရာဇီး နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသား ဖြစ်ခြင်းအား မွေးဖွားခြင်းကို အခြေခံပြီး ၄ မျိုးဖြင့် သတ်မှတ်ပါသည်။ (က) နိုင်ငံခြားသား မိဘနှစ်ပါး ဖြစ်သော်လည်း ၎င်းတို့၏ တိုင်းပြည်ကို ကိုယ်စားမပြုကြသည့် မိဘနှစ်ပါးမှ ဘရာဇီးနိုင်ငံတွင် မွေးဖွားသူ၊ (၂) ဘရာဇီး နိုင်ငံသား မိဘ

146 The Chapter 1, Article 4 of the Constitution of Afghanistan (2004). The nation of Afghanistan shall be comprised of Pashtun, Tajik, Hazara, Uzbek, Turkman, Baluch, Pachaie, Nuristani, Aymaq, Arab, Qirghiz, Qizilbash, Gujur, Brahwui and other tribes. The word Afghan shall apply to every citizen of Afghanistan. No individual of the nation of Afghanistan shall be deprived of citizenship. The citizenship and asylum related matters shall be regulated by law.

နှစ်ပါးအနက် မိဘတစ်ပါးသည် နိုင်ငံတော်၏ တာဝန်ဖြင့် နိုင်ငံခြားတွင် တာဝန်ထမ်းဆောင်နေစဉ် နိုင်ငံခြားတွင် မွေးဖွားသူ၊ (ဂ) ဘရာဇီး နိုင်ငံနှင့် သက်ဆိုင်သည့် အစိုးရရုံး တစ်ခုခုတွင် မှတ်ပုံတင်ထားသည့် ဘရာဇီး နိုင်ငံသား မိဘ နှစ်ပါးမှ မွေးဖွားသူပြီး ဘရာဇီး နိုင်ငံသို့ပြန်လာကာ အရွယ်ရောက်သည်နှင့် နိုင်ငံသား ခံယူလိုသူ အားလုံးသည် ဘရာဇီး နိုင်ငံသားများ ဖြစ်ကြသည်ဟု ပြဋ္ဌာန်းထားသည်။[147]

ပြင်သစ်နိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် နိုင်ငံသားဖြစ်ခြင်း၊ လုပ်ပိုင်ခွင့်များ၊ လက်ထပ်ထိမ်းမြားခွင့်များ၊ အမွေဆက်ခံခွင့်များနှင့် လက်ဆောင်ဆက်ခံခွင့် စသည်များကို ပြဋ္ဌာန်းဥပဒေအရ ဖြစ်ရမည်ဟု ပြဋ္ဌာန်းထားသည်။[148]

နယ်သာလန် နိုင်ငံတွင် နိုင်ငံသား ဖြစ်ခြင်း ကိစ္စကို ပါလီမန်မှ ဥပဒေပြု ရမည်ဟု ပြဋ္ဌာန်းထားသည်။[149]

အမေရိကန် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားဖြစ်ခြင်းကို နှစ်မျိုးဖြင့် ခွဲခြားထားသည်။ အမေရိကန်ပြည်ထောင်စုတွင် မွေးဖွားသူနှင့် နိုင်ငံသား ပြုခြင်းရသူ အားလုံးသည် ဥပဒေအရ ဖြစ်ပြီး၊ အမေရိကန် နိုင်ငံတွင် ဖြစ်စေ၊ ၎င်းတို့နေထိုင်သည့် ပြည်နယ်များတွင် ဖြစ်စေ နိုင်ငံသားများ ဖြစ်ကြသည်ဟု ပြဋ္ဌာန်းထားသည်။[150]

## ■ နိုင်ငံသားဆိုင်ရာ စဉ်းစားရွေးချယ်စရာများ

၅။ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး နိုင်ငံရေး ဆွေးနွေးပွဲများတွင် ပါဝင်သင့်ပါဝင်ထိုက်သူများအနေဖြင့် နိုင်ငံသားဆိုင်ရာ ကိစ္စတို့နှင့် စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားသင့်သော စဉ်းစားရွေးချယ်စရာများမှာ -

---

147 Title 2, Chapter 3, Article 12 of the Constitution of Brazil 1988 (rev. 2015)
Brazilians are: I.by birth: a.those born in the Federative Republic of Brazil, even though of foreign parents, provided that they are not in the service of their country; b.those born abroad of a Brazilian father or mother, so long as either is in the service of the Federative Republic of Brazil; c.those born abroad of a Brazilian father or mother, so long as they are registered at a proper Brazilian governmental office, or come to reside in the Federative Republic of Brazil and opt for Brazilian nationality at any time after reaching the age of majority;

148 Title V, Article 34 of the Constitution of France 1958 (rev. 2008) Statutes shall determine the rules concerning: nationality, the status and capacity of persons, matrimonial property systems, inheritance and gifts;

149 Chapter 1, Article 2, 1 of the Constitution of Netherlands 1815 (rev. 2008) Dutch nationality shall be regulated by Act of Parliament.

150 Amendment 14, Section 1 of the Constitution of United States 1789 (rev. 1992) All persons born or naturalized in the United States and subject to the jurisdiction thereof, are citizens of the United States and of the State wherein they reside.

(က) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် မြန်မာနိုင်ငံသား ဥပဒေ (၁၉၈၂) ပုဒ်မ (၄) ကို ပြင်ဆင်ခြင်း။ (မှတ်ချက် - အဆိုပါ ပြဋ္ဌာန်းချက်တွင် "မည်သည့်မျိုးနွယ်စုသည် တိုင်းရင်းသား ဖြစ်သည် မဖြစ်သည်ကို နိုင်ငံတော်ကောင်စီက ဆုံးဖြတ်နိုင်သည်" ဟု ပါရှိသည်။ သို့သော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်ကောင်စီမရှိသဖြင့် အဆိုပါ ဆုံးဖြတ်ချက်ကို ပေးနိုင်မည့် နိုင်ငံတော်ကောင်စီကဲ့သို့သော အဖွဲ့အစည်းကို ဥပဒေပြုပြဋ္ဌာန်းခြင်း။)

(ခ) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် မြန်မာနိုင်ငံသား ဥပဒေ (၁၉၈၂) ပုဒ်မ (၆၇) (၆၈) ကို ပြင်ဆင်ခြင်း။ (မှတ်ချက် - အဆိုပါ ပြဋ္ဌာန်းချက်များတွင် "ဗဟိုအဖွဲ့သည် (က) နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်မဟုတ် အဆုံးအဖြတ်ပေးခြင်း၊ (ခ) နိုင်ငံသား ပြုခွင့်ရရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း၊ (ဂ) နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူအဖြစ်မှ ရပ်စဲခြင်း၊ (ဃ) နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသား ပြုခွင့်ရသူအဖြစ်မှ ရုပ်သိမ်းခြင်း၊ (င) မှတ်ပုံတင်ခြင်း၊ ကတိသစ္စာပြုခြင်းတို့နှင့် စပ်လျဉ်းသော ပျက်ကွက်မှုအတွက် လျှောက်ထားချက်နှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးခြင်း တို့ကို ပြည်ထဲရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး တို့ဖြင့် ဖွဲ့စည်းထားသည့် ဗဟိုအဖွဲ့မှ ဆုံးဖြတ်ရမည်" ဟု ပြဋ္ဌာန်းထားသည်။ သို့ရာတွင် လက်ရှိအနေအထား၌ လူဝင်မှုကြီးကြပ်ရေး ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနတို့သည် နိုင်ငံသားဆိုင်ရာ ကိစ္စရပ်များတို့တွင် ပါဝင်လုပ်ဆောင်နေရသဖြင့် အဆိုပါ ဝန်ကြီးဌာန နှစ်ခု၏ အခန်းကဏ္ဍဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်း။)

# အခန်း ၁၆

# ရွေးကောက်ပွဲ ကော်မရှင် နောက်ခံအကြောင်း၊ နိုင်ငံတကာ စံနှုန်းနမူနာများ၊ သုံးသပ်ချက်များနှင့် ထည့်သွင်းစဉ်းစားသင့်သော အချက်များ

## ■ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းကော်မတီ၏ စုစည်းချက်

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေးစုစည်းချက်များတွင် *"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအား ပြည်သူများမှ တိုက်ရိုက်ရွေးချယ်ခွင့် ရရှိစေရန်နှင့် ၎င်းရွေးကောက်ပွဲကော်မရှင်ဥပဒေတွင် ရွေးကောက်ပွဲဝင်ရောက် ယှဉ်ပြိုင်သောပါတီများတွင် အမျိုးသမီးကိုယ်စားလှယ် (၃၀%) မပြည့်မီလျှင် ရွေးကောက်ပွဲဝင်ရောက် ယှဉ်ပြိုင်ခွင့်မရှိစေရဟုသတ်မှတ်ပြဋ္ဌာန်းရန်"* ဟုပါရှိသည်။

## ■ ရွေးကောက်ပွဲဆိုင်ရာ နောက်ခံအကြောင်းအရာများ

၂။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၉) ပုဒ်မ ၃၉၈ (က) တွင် *"နိုင်ငံတော် သမ္မတသည် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရမည်။ ယင်းသို့ဖွဲ့စည်းရာတွင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့် အညီ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်အနည်းဆုံး ငါးဦးကို ခန့်အပ်တာဝန် ပေးနိုင်သည်"* ဟု ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၃၉၉ တွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ တာဝန်များ၊ ပုဒ်မ ၄၀၀ နှင့် ၄၀၁ တွင် ကော်မရှင် ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များအား စွပ်စွဲ ပြစ်တင်ခြင်း၊ ပုဒ်မ ၄၀၂ တွင် ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များ နှင့် ပုဒ်မ ၄၀၃ တွင် ကော်မရှင်၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ဥပဒေပြုရန် ပြဋ္ဌာန်းထားပါသည်။

၃။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၂ အရ ယခင်က နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီသည် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥပဒေ အပါအဝင် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဆိုင်ရာ ရွေးကောက်ပွဲ ဥပဒေများကို ပြဋ္ဌာန်းခဲ့ပါသည်။ ရွေးကောက်ပွဲကော်မရှင်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ၄၀၃ အရ ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပါသည်။ နိုင်ငံများစွာတွင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကော်မရှင်များကို ဖွဲ့စည်းကြပါသည်။ သို့သော် တစ်နိုင်ငံလုံး အဆင့်ရှိသော ကော်မရှင်ဥက္ကဋ္ဌကို ပြည်သူများမှ တိုက်ရိုက်မဲပေး ရွေးချယ်သည့် စနစ်ကျင့်သုံးသော နိုင်ငံဟူ၍မရှိပါ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအရ နိုင်ငံတော် အကြီးအကဲနှင့် နိုင်ငံတော် အုပ်ချုပ်ရေး အကြီးအကဲဖြစ်သည် နိုင်ငံတော် သမ္မတကိုပင်လျှင် ပြည်သူများက တိုက်ရိုက်မဲပေးရွေးချယ်ခြင်း မဟုတ်ပါ။

## ■ ရွေးကောက်ပွဲကော်မရှင်များဆိုင်ရာ နိုင်ငံတကာ စံနူန်းနမူနာများ

၄။ အမေရိကန်ပြည်ထောင်စုတွင် ရွေးကောက်ပွဲများကို ပြည်နယ်များမှ ကိုင်တွယ်ရပါသည်။ အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရွေးကောက်ပွဲကော်မရှင်၊ ကော်မတီ စသည်တို့နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်မရှိပါ။ ဖက်ဒရယ် ရွေးကောက်ပွဲ ကော်မရှင် (Federal Election Commission) ကို ၁၉၇၅ ခုနှစ်တွင် ဥပဒေပြုပြဋ္ဌာန်းသော်လည်း ရွေးကောက်ပွဲဆိုင်ရာ ရန်ပုံငွေထောက်ပံ့မှု (Campaign Finance) နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကိုသာ ကိုင်တွယ်သည်ကို တွေ့ရှိရသည်။[151] အိန္ဒိယ နိုင်ငံတွင် မြန်မာနိုင်ငံကဲ့သို့ ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ပါသည်။[152]

၅။ ဖက်ဒရယ်စနစ်ကို ကျင့်သုံးသည့် နိုင်ငံအချို့တွင် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့် ရွေးကောက်ပွဲကျင်းပသည့် စနစ်၊ ရွေးကောက်ပွဲ ကော်မရှင်ဖွဲ့စည်းမှု ပုံသဏ္ဍာန်များကို ဖွဲ့စည်းပုံအခြေခံများတွင် လည်းကောင်း လွှတ်တော်များမှ ပြဋ္ဌာန်းသည့် ဥပဒေများဖြင့် လည်းကောင်း ကျင့်သုံးရာတွင် တူညီမှုများ ရှိသကဲ့သို့ ကွဲပြားမှုများလည်း ရှိကြပါသည်။ ဩစတြေးလျနိုင်ငံနှင့်

151 Article 1, the Amendment of Constitution 15, 19, 24 and 26 of US Constitution, 1786 (rev. 2014).

152 Part XV, Article 324 of the Constitution of India, 1949 (rev. 2015). Article 324. Superintendence, direction and control of elections to be vested in an Election Commission. (1) The superintendence, direction and control of the preparation of the electoral rolls for, and the conduct of, all elections to Parliament and to the Legislature of every State and of elections to the offices of President and Vice-President held under this Constitution 5*** shall be vested in a Commission (referred to in this Constitution as the Election Commission). (2) The Election Commission shall consist of the Chief Election Commissioner and such number of other Election Commissioners, if any, as the President may from time to time fix and the appointment of the Chief Election Commissioner and other Election Commissioners shall, subject to the provisions of any law made in that behalf by Parliament, be made by the President. (3) When any other Election Commissioner is so appointed the Chief Election Commissioner shall act as the Chairman of the Election Commission. (4) Before each general election to the House of the People and to the Legislative Assembly of each State, and before the first general election and thereafter before each biennial election to the Legislative Council of each State having such Council, the President may also appoint after consultation with the Election Commission such Regional Commissioners as he may consider necessary to assist the Election Commission in the performance of the functions conferred on the Commission by clause (1). (5) Subject to the provisions of any law made by Parliament, the conditions of service and tenure of office of the Election Commissioners and the Regional Commissioners shall be such as the President may by rule determine: Provided that the Chief Election Commissioner shall not be removed from his office except in like manner and on the like grounds as a Judge of the Supreme Court and the conditions of service of the Chief Election Commissioner shall not be varied to his disadvantage after his appointment: Provided further that any other Election Commissioner or a Regional Commissioner shall not be removed from office except on the recommendation of the Chief Election Commissioner. (6) The President, or the Governor 1*** of a State, shall, when so requested by the Election Commission, make available to the Election Commission or to a Regional Commissioner such staff as may be necessary for the discharge of the functions conferred on the Election Commission by clause (1).

ကနေဒါနိုင်ငံတို့တွင် ဖက်ဒရယ်အဆင့် ရွေးကောက်ပွဲများကို ဖက်ဒရယ် အစိုးရများမှ ကိုင်တွယ်လုပ်ဆောင်ကြပြီး ပြည်နယ်အဆင့် ရွေးကောက်ပွဲများကို ပြည်နယ်အစိုးရများက ကိုင်တွယ်လုပ်ဆောင်ကြပါသည်။ ဘရာဇီးနိုင်ငံတွင် ပြည်နယ်အဆင့်မှ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများအားလုံးကို ကိုင်တွယ်လုပ်ဆောင်ကြပြီး ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲ မဲစာရင်းများ ထုတ်ပြန်ခြင်းနှင့် ကြေညာခြင်းများကို တာဝန်ယူရပါသည်။ မြန်မာနိုင်ငံနည်းတူ အိန္ဒိယနိုင်ငံတွင် ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲများ၏ စီမံခန့်ခွဲမှုအားလုံးကို တာဝန်ယူကြပြီး ပြည်နယ်ရွေးကောက်ပွဲကော်မရှင်များက လက်တွေ့ ကိုင်တွယ် လုပ်ဆောင်ကြပါသည်။ ရွေးကောက်ပွဲများတွင် အဓိကတာဝန်ရှိသူများမှာ ပြည်နယ်ရွေးကောက်ပွဲ အရာရှိများဖြစ်ကြပြီး အစိုးရဝန်ထမ်းများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ခန့်အပ်တာဝန် ပေးကြပါသည်။ နိုင်ဂျီးရီးယား နိုင်ငံတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ဖက်ဒရယ် အဆင့်နှင့် ပြည်နယ်အဆင့် ရွေးကောက်ပွဲများကို ကိုင်တွယ် လုပ်ဆောင်ကြပြီး၊ ဒေသန္တရ ရွေးကောက်ပွဲများကို ပြည်နယ် ရွေးကောက်ပွဲကော်မရှင်က ကိုင်တွယ်လုပ်ဆောင်ရပါသည်။ ရုရှားဖက်ဒရေးရှင်းတွင် ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲကော်မရှင်မှ ဖက်ဒရယ်အဆင့် ရွေးကောက်ပွဲ အားလုံးကို ကိုင်တွယ်လုပ်ဆောင်ရပါသည်။ တိုင်းအဆင့် ရွေးကောက်ပွဲ ကော်မရှင်များက တိုင်း ၈၉ တိုင်း ၏ ရွေးကောက်ပွဲများကို ကိုင်တွယ်လုပ်ဆောင်ရပါသည်။ ဆွစ်ဇာလန်နိုင်ငံ ရွေးကောက်ပွဲတွင် ပြည်ထောင်စုအဆင့် ကော်မရှင်သည် ပေါ်လစီညှိနှိုင်းရေးကို တာဝန်ယူပြီး၊ ဒေသန္တရ ကော်မရှင်များက ရွေးကောက်ပွဲကို ကိုင်တွယ်လုပ်ဆောင်ရပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ပြည်ထောင်စု၊ ပြည်နယ်၊ ဒေသန္တရ ရွေးကောက်ပွဲအားလုံးကို ပြည်နယ်မှ ကိုင်တွယ်လုပ်ဆောင်ရပါသည်။

## ■ သုံးသပ်ချက်များ

၆။ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲ ကော်မရှင်ဖွဲ့စည်းခြင်း၊ လုပ်ပိုင်ခွင့်နှင့်တာဝန်များ အပါအဝင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ပြဋ္ဌာန်းလိုက်သည့် နည်းဥပဒေများအကြောင်းကို အခန်း ၁၀ ပါ "ပါတီစုံ ဒီမိုကရေစီစနစ်" ခေါင်းစဉ်အောက်တွင် ပြည့်စုံစွာ ဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဩစတြေးလျ နိုင်ငံကဲ့သို့ ပြည်နယ်များနှင့် ပြည်ထောင်စုတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေခြင်း၊ ဆွစ်ဇာလန် နိုင်ငံကဲ့သို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အား ပေါ်လစီပိုင်းဆိုင်ရာ တာဝန်ယူစေခြင်းအားဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများ ဖြစ်ပေါ်စေနိုင်ပါသည်။

## ■ စဉ်းစားရွေးချယ်စရာများ

(က) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းကာလကို အစိုးရတစ်ခု၏ သက်တမ်းနှင့် အညီ မထားရှိရန်။

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ခြင်းမရှိပါက ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်များအား ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများနည်းတူ အသက် ၇၀ အထိ ထမ်းဆောင်ခွင့်ပြုရန်။

(ဂ) ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်များအကြား လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများကို တိကျစွာ ဥပဒေပြု ပြဋ္ဌာန်းရန်။

# အခန်း ၁၇ သုံးသပ်ချက်များ

## ■ ဆွေးနွေးချက်များအပေါ် သုံးသပ်ချက်များ

၁။ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေး မှ ရရှိလာသော စုစည်းချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံ၊ ဒုတိယ အစည်းအဝေးသို့ တင်ပြဆွေးနွေးရာတွင် အချက် (၃၇) ချက်ကို သဘောတူညီမှုရရှိခဲ့သော်လည်း နိုင်ငံရေးကဏ္ဍတွင် အချက် (၉) ချက်ကို သဘောတူညီမှု မရနိုင်ခဲ့သည်ကို တွေ့ရပါသည်။ သဘောတူညီချက် မရရှိခဲ့သော ကျန်ရှိသည့် အချက်များအနက် (၇) ချက်သည် ပြည်ထောင်စုမှ ခွဲမထွက်ရန် ဆိုသည့် အချက်နှင့် တိုက်ရိုက်ချိတ်ဆက်ထားသော ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ အပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ အချက်များ ဖြစ်ပါသည်။ အစိုးရအနေဖြင့် ဤအချက်များကို အစုံလိုက်လက်ခံရမည့် ကမ်းလှမ်းချက် (Package Deal) အဖြစ် ယူဆထားပါသည်။ အစိုးရ၏ အမြင်တွင် ကိုယ်ပိုင်ဌာန်းခွင့် ဟုဆိုခြင်းသည် ခွဲထွက်ခွင့်လည်း ပါနိုင်သဖြင့် ခွဲထွက်ခွင့်မပါသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖြစ်ရန် လိုလားသည်ဆိုသော အယူအဆမျိုးရှိပါသည်။ အချို့တိုင်းရင်းသား ခေါင်းဆောင်အချို့အနေဖြင့် ခွဲထွက်ခွင့်ဆိုသည်မှာ ပင်လုံစာချုပ်ချုပ်ဆိုရန် ညှိနှိုင်းစဉ်တွင် သဘောတူထားသည့် နှုတ်ကတိကဝတ် ဖြစ်သည့်အပြင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ အခန်း (၁၀) တွင် ထည့်သွင်း ပြဋ္ဌာန်းထားခဲ့သည့် အခွင့်အရေး ဖြစ်သဖြင့် မစွန့်လွှတ်သင့်ဆိုသော အမြင်မျိုးလည်းရှိပါသည်။ NCA ညှိနှိုင်းရာတွင် ပါဝင်ခဲ့သော အစိုးရဖက်မှ ခေါင်းဆောင်အချို့၏ အမြင်တွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၆) တွင် ပြဋ္ဌာန်းထားသည့် ဒို့တာဝန်အရေးသုံးပါးကို တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများက သဘောတူလက်ခံနိုင်ခဲ့သောကြောင့်သာ NCA ဖြစ်လာရသည်။ ထို့ကြောင့် ခွဲထွက်ခွင့် ကိစ္စသည် ထပ်မံဆွေးနွေးရန်မလိုသောအကြောင်းအရာ တစ်ခုဖြစ်သည်ဟု သဘောထားအမြင် ရှိသူများလည်း ရှိပါသည်။

၂။ ထိုသို့ကွဲပြားခြားနားသည့် အယူအဆပိုင်းဆိုင်ရာ အချက်များကို ဆွေးနွေးရာတွင် ပါဝင်ကြသည့် အစုအအဖွဲ့များအကြား အချိန်လုံလောက်စွာ အချိန်ယူပြီး ညှိနှိုင်းနိုင်ခဲ့ခြင်းမရှိပါ။ နှစ်ဖက်ခေါင်းဆောင်များအကြား မခွဲထွက်ရေးနှင့် ပတ်သက်၍ သဘောတူညီမှု မရနိုင်ခဲ့သော အချိန်တွင် နှစ်ဖက်အကြား အဖြေရှာနိုင်သည့် အလွတ်သဘောညှိနှိုင်းမှုများကိုလည်း တိုတောင်းသည့် အချိန်အတွင်း ပြုလုပ်ရန် အခက်အခဲရှိခဲ့ကြသည်။ ထို့အပြင် အချို့သော EAO ခေါင်းဆောင်များ UPDJC နောက်ဆုံးညှိနှိုင်းသည့် အစည်းအဝေးတွင် မပါဝင်ခဲ့ခြင်းကလည်း အဆုံးအဖြတ်ပေးရေးကို အခက်အခဲဖြစ်စေခဲ့ပါသည်။ ပါဝင်ဆွေးနွေးကြသည့် အစုအဖွဲ့တိုင်းတွင် အကျေအလည် ဆွေးနွေးရန်

အချိန်လုံလောက်မှုမရှိခြင်း၊ အစုအဖွဲ့ အသီးသီးတွင် ခေါင်းစဉ်အလိုက် ဘုံသဘောတူညီချက်များ မချမှတ်နိုင်ခဲ့ခြင်းတို့ကြောင့် အကြောင်းအရာကဏ္ဍ အသီးသီးတွင် နားလည်လက်ခံမှုများ ကွဲပြားခြင်းကြောင့်လည်း အချို့အချက်များကို သဘောတူညီမှု မရနိုင် ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရပါသည်။

၃။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ် (၁၀) တွင် "နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ ပြည်နယ်များ၊ ပြည်ထောင်စု နယ်မြေများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့် အခါမျှခွဲမထွက်ရ။" ဟု ပြဋ္ဌာန်းထားသည်။ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ အစည်းအဝေး စုစည်းချက်များတွင် ပါရှိသည့် "နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ" ဆိုသည့်အချက်ကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ သဘောတူလက်ခံနိုင်ပါက တိုင်းရင်းသား လက်နက်ကိုင်များ အဆိုပြုတင်ပြခဲ့သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခွင့်အရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ပြည်ထောင်စုအဆင့် ဥပဒေပြုခြင်းတွင် လုပ်ပိုင်ခွင့် အာဏာ တူညီသည့် လွှတ်တော် နစ်ရပ်ထားရှိရေး၊ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့်အညီ အာဏာများခွဲဝေကျင့်သုံးခြင်း (Division of Power) ဆိုင်ရာ ကိစ္စများကိုလည်း လက်ခံသဘောတူရန် မူအားဖြင့် ညှိနှိုင်း သဘောတူလက်ခံခဲ့ပြီး ဖြစ်သည်ဟုလည်း သိရှိရပါသည်။ သဘောတူညီမှု ရရှိပြီးသော်လည်း ခွဲထွက်ရေးဆိုင်ရာ အချက်ကို သဘောမတူနိုင်ခဲ့သောကြောင့် ကျန်ခဲ့သော အချက်များမှာ အောက်ပါအချက်များ ဖြစ်ပါသည်-

(က) *"နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ"* ဆိုသည့် အချက်တွင် သဘောတူညီမှု မရရှိနိုင်ခဲ့ခြင်း အဓိက အကြောင်း နှစ်ရပ် ရှိသည်ဟု သုံးသပ် ရပါသည်။ ပထမအချက်မှာ ပါဝင်ဆွေးနွေးကြသည့် အစုအဖွဲ့အသီးသီး အနေဖြင့် အောင်ဆန်း-အက်တလီစာချုပ်၊ ပင်လုံကတိကဝတ်များ၊ ပင်လုံစာချုပ်၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ကိစ္စရပ်များတွင် ရပ်တည်ချက်၊ အနက်ဖွင့်ဆိုချက်များ အပေါ် နားလည် သဘောပေါက်မှုများ ကွဲလွဲနေခြင်းတို့ကြောင့် ဖြစ်သည်ဟု သုံးသပ်ရပါသည်။ ဒုတိယအချက်မှာ နိုင်ငံတကာ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ခွဲထွက်ခွင့်ကို ခွင့်ပြုသည့် နိုင်ငံများ၊ ခွဲထွက်ခွင့်ကို ပိတ်ပင်သည့် နိုင်ငံများနှင့် ခွဲထွက်ခွင့် အကြောင်းကို ဖွဲ့စည်းပုံတွင် လုံးဝ ထည့်သွင်းရေးဆွဲခြင်း မပြုသည့် နိုင်ငံများနှင့် သက်ဆိုင်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေများကို အချိန်ယူ လေ့လာနိုင်ခြင်း မရှိသောကြောင့် ဖြစ်သည်ဟု သုံးသပ်ရပါသည်။

(ခ) *"နိုင်ငံရေးဆွေးနွေးပွဲရလဒ်များကို အခြေခံ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင် အတည်ပြုပြီးဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲရာတွင် ပြည်ထောင်စု ဖွဲ့စည်းပုံ*

*အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကျော်လွန်ဆန့်ကျင်ခြင်း မရှိစေဘဲ အခြေခံလွတ်လပ်ခွင့်၊ အခြေခံရပိုင်ခွင့်နှင့် ဒီမိုကရေစီ ကျင့်စဉ်များကို အာမခံရမည်"* ဆိုသည့် အချက်တွင် သဘောတူညီချက် မရရှိခြင်းမှာလည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့် ခွဲထွက်ခွင့် ဆိုင်ရာ Package Deal ကြောင့် ဖြစ်သည်ဟု သုံးသပ်ရပါသည်။ ၎င်းအပြင် ဖက်ဒရယ်စနစ်ကို ကျင့်သုံးကြသည့် နိုင်ငံများတွင် ပြည်နယ် ဖွဲ့စည်းပုံအခြေခံ ဥပဒေရှိသည့် တိုင်းပြည်များ ရှိသကဲ့သို့ ပြည်နယ်များ ဖွဲ့စည်းပုံ အခြေခံဥပဒေ သီးသန့်မရှိသည့် တိုင်းပြည်များလည်း ရှိပါသည်။ ဖက်ဒရယ်ပြည်ထောင်စု၏ ဖွဲ့စည်းပုံ အပြင် ပြည်နယ်များ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရှိခြင်း/မရှိခြင်း၏ အားနည်းချက်၊ အားသာချက်များကို အချိန်ယူ ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ပါက ဤ အချက်ကိုလည်း သဘောတူညီမှု ရရှိနိုင်မည်ဟု သုံးသပ်ပါသည်။

(ဂ) *"တိုင်းဒေသကြီး/ပြည်နယ်များသည် တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးကို အာမခံချက်ရှိစေရမည်"* ဆိုသည့် အချက်တွင် သဘောတူညီချက် မရရှိနိုင်ခြင်းမှာလည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ခွဲထွက်ခွင့် ဆိုင်ရာ အစုံလိုက်လက်ခံရမည့်ကမ်းလှမ်းချက် (Package Deal) ကြောင့် ဖြစ်သည်ဟု သုံးသပ်ရပါသည်။ ၎င်းအပြင် နိုင်ငံတကာ ပဋိညာဉ်များတွင် ပါရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်း အနက်ပြန်ဆိုမှုများကို ရယူခံစားလိုသည့် အစုအဖွဲ့များနှင့် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အခြေခံပြီး အဆိုပါအခွင့်အရေး များကို အာမခံစေလိုသည့် အစုအဖွဲ့များ အကြား သဘောထားကွဲလွဲမှုများကို အချိန်ယူကာ အသေးစိတ် ဆွေးနွေးနိုင်ခြင်း မပြုနိုင်သောကြောင့် ဖြစ်သည်ဟု သုံးသပ်ရပါသည်။

(ဃ) *"တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော အမျိုးသား လက္ခဏာ နှင့် ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မည်သည့်အခြေအနေတွင်မှ ရုပ်သိမ်းဟန့်တားခြင်းမရှိစေရ"* ဆိုသည့် အချက်တွင် သဘောတူညီချက် မရရှိနိုင်ခြင်းမှာလည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့် ခွဲထွက်ခွင့် ဆိုင်ရာ အစုံလိုက်ခက်ခံရမည့်ကမ်းလှမ်းချက် (Package Deal) ကြောင့် ဖြစ်သည်ဟု သုံးသပ်ရပါသည်။ ၎င်းအပြင် *"အမျိုးသား လက္ခဏာနှင့် ယဉ်ကျေးမှု"* ဆိုသည့် စကားရပ် အပေါ်တွင် ပါဝင်ဆွေးနွေးကြသည့် အစုအဖွဲ့များအကြား ကွဲပြားသော နားလည်မှု၊ အနက် ဖွင့်ဆိုမှုများရှိနေခြင်းနှင့် ဤအချက်သည်လည်း ခွဲထွက်ခွင့်နှင့် သက်ဆိုင်သည့် အချက်ဖြစ်သောကြောင့် ဖြစ်သည်ဟု သုံးသပ်ရပါသည်။

(င) *"ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတွင် ပါဝင် ဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီး/ပြည်နယ်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကျင့်သုံးခွင့် ရှိစေရမည်"* ဆိုသည့်အချက်တွင် သဘော

တူညီချက် မရရှိနိုင်ခဲ့ခြင်းမှာလည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ခွဲထွက်ခွင့်ဆိုင်ရာ Package Deal ကြောင့် ဖြစ်သည်ဟု သုံးသပ်ရပါသည်။

(စ) *"တိုင်းဒေသကြီး/ပြည်နယ်များတွင် ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသော ဖွဲ့စည်းပုံအခြေခံ ဥပဒေ အပါအဝင် ဥပဒေများတွင် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကျော်လွန် ဆန့်ကျင် စေခြင်းမရှိစေဘဲ ရေးသားပြဋ္ဌာန်းခွင့် ရှိစေရမည်။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအကြား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ အာဏာများကို ခွဲဝေကျင့်သုံးခြင်း (Division of Power) ရှိရမည်"* ဆိုသည့်အချက်တွင် သဘောတူညီချက် မရရှိနိုင်ခြင်းမှာလည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့် ခွဲထွက်ခွင့် ဆိုင်ရာ အစုံလိုက်လက်ခံရမည့်ကမ်းလှမ်းချက် (Package Deal) ကြောင့် ဖြစ်သည်ဟု သုံးသပ်ရပါသည်။

၄။ အစုံလိုက်လက်ခံရမည့်ကမ်းလှမ်းချက် (Package Deal) နှင့် တိုက်ရိုက် မသက်ဆိုင်သော်လည်း သဘောတူညီမှု မရခဲ့သည့် အချက် (၂) ချက်မှာ-

(က) *"မည်သည့် တိုင်းရင်းသားလူမျိုးကိုမျှ အထူးအခွင့်အရေးမပေးရ၊ ထို့အပြင် မည်သည့် တိုင်းရင်းသား လူမျိုးကိုမျှလည်း အခွင့်အရေး ကန့်သတ်ခြင်း မရှိစေရ"* ဆိုသည့် အချက်တွင် သဘောတူညီချက် မရရှိနိုင်ခြင်းမှာ *"တိုင်းရင်းသား"* ဆိုသည့် စကားရပ်နှင့် *"အခွင့်အရေး"* ဆိုသည့် စကားရပ်တွင် နားလည်မှုချင်း မတူညီသည့်အပေါ် ပါဝင်ကြသည့် အစုအဖွဲ့များအကြား သဘောတူညီချက် မရရှိနိုင်ခြင်း ဖြစ်သည်ဟု သုံးသပ်ရပါသည်။ ၎င်းအချက်ကို ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံတွင် ဆွေးနွေးကြစဉ်ကလည်း အဓိပ္ပါယ်ဖွင့်ဆိုမှုများ ငြင်းခုံခဲ့ ကြရင်း နောက်ဆုံး ချန်လှပ်ထားခဲ့ရကြောင်း သိရှိရပါသည်။

(ခ) *"ဒီမိုကရေစီ နှင့် ဖယ်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ဟူ၍ လွှတ်တော် (၂) ရပ် ထားရှိရမည်"* ဆိုသည့် အချက်တွင် သဘောတူညီချက် မရရှိနိုင်ခြင်းမှ လက်ရှိပြည်ထောင်စုလွှတ်တော် ဆက်လက်ထားရှိရေးနှင့် ပတ်သက်၍ သဘောတူညီမှု ရရှိအောင် မဆွေးနွေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။ အကယ်၍ လွှတ်တော် (၂) ရပ်ကို မည့်သည့်အာဏာ ပေးရမည်ဆိုသော အချက်ကို သဘောတူခဲ့လျှင် ဤအချက်ကို ညှိနှိုင်းရာတွင် အခက်အခဲကို ကျော်လွှားနိုင်မည်ဖြစ်ပါသည်။ အစိုးရဘက်မှ အချို့ကလည်း ပြည်ထောင်စုလွှတ်တော်သည် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် (၂) ရပ်တို့အကြား သဘောတူညီမှု မရရှိခဲ့လျှင် အကြပ်အတည်းဖြေရှင်းသည့် Deadlock Breaking Mechanism အဖြစ် လိုအပ်သည်ဟု အမြင်ရှိပါသည်။ တိုင်းရင်းသားလက်နက်ကိုင် အချို့ကလည်း ပြည်ထောင်စုလွှတ်တော်တွင် ပြည်နယ်များ၏ ကိုယ်စားလှယ်များက အနည်းစုဖြစ်သောကြောင့် စိုးရိမ်မှုများကိုလည်း တွေ့ရပါသည်။ ၎င်းအပြင် ဖက်ဒရယ်ပြည်ထောင်စုတိုင်းပြည်များ၏ လွှတ်တော်များ ဖွဲ့စည်းခြင်း၊ အသက်ဝင်ခြင်း၊ ဥပဒေပြုခြင်း

ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ အချက်များတွင် ပါဝင်ဆွေးနွေးကြသည့် အစုအဖွဲ့များ အကြား အချိန်ယူ ညှိနှိုင်းနိုင်ခြင်း မရှိသောကြောင့်လည်း ဖြစ်သည်ဟု သုံးသပ်ရပါသည်။

၅။ အချုပ်ဆိုရလျှင် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံတွင် သဘော တူညီချက် မရရှိနိုင်သည့် အချက် အများစုသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့် ခွဲထွက်ခွင့် ဆိုင်ရာ ခေါင်းစဉ် နှစ်ရပ်အကြား အစုံလိုက် အဆိုပြုလက်ခံရသော ကမ်းလှမ်းချက် (Package Deal) တွင် သက်ဆိုင် ရာ အစုအဖွဲ့များအကြား ဘုံသဘောတူညီချက် မရရှိနိုင်ခြင်းကြောင့် ဖြစ်သည်ဟု သုံးသပ်ရပါသည်။ အကယ်၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၁၀) ကို လက်ခံပါက၊ အစိုးရအနေဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် သက်ဆိုင်သည့် ကျန်သည့် အချက်များကို အစုံလိုက်လက်ခံရမည့်ကမ်းလှမ်းချက် (Package Deal) ပြုလုပ်နိုင်မည်ဟု သုံးသပ် ရပါသည်။

၆။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် ဒို့တာဝန်အရေးသုံးပါးကို ထည့်သွင်း ရေးသား သဘောတူထားပြီး ဖြစ်သဖြင့် လက်မှတ်ရေးထိုးထားသည့် အဖွဲ့ (၈) ဖွဲ့အနေဖြင့် ခွဲထွက်ခွင့်ကို တောင်းဆိုခြင်း မရှိဟု သုံးသပ်ပါသည်။ သို့ရာတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ် မရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများစွာ ရှိနေသဖြင့် အဆိုပါအဖွဲ့အစည်းများသည် ဒို့တာဝန် အရေးသုံးပါးကို လက်ခံ ကြောင်း တရားဝင် လက်မှတ်ရေးထိုးထားခြင်း မရှိသောကြောင့် အစိုးရအနေဖြင့် လက်မှတ်ရေး ထိုးခြင်း မရှိသည့် အဖွဲ့များ အတွက်ပါ ထည့်သွင်းစဉ်းစားကာ အစုံလိုက်လက်ခံရမည့်ကမ်းလှမ်းချက် (Package Deal) ဖြင့် တုန့်ပြန်ခြင်းဟု သုံးသပ်ပါသည်။

# အခန်း ၁၈

# နိဂုံး

ဤစာတမ်းသည် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစု ပင်လုံ ဒုတိယအစည်းအဝေးတွင် ညှိနှိုင်း ဆုံးဖြတ် အတည်ပြုကြရာ၌ အထောက်အကူ ဖြစ်စေရန်အတွက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများတွင် ဆွေးနွေးထားကြသော အကြောင်းအရာများအား ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းကော်မတီ အစည်းအဝေး၏ ကဏ္ဍအသီးသီးမှ စုစည်းချက်များကို အခြေခံကာ အခန်း (၁၇) ခန်းခွဲပြီး အကြောင်းအရာတစ်ခုချင်းစီအတွက် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံမှ စုစည်းချက်၊ နောက်ခံအချက်အလက်များ၊ နိုင်ငံတကာ ဥပမာများနှင့် နှိုင်းယှဉ်ဖော်ပြထားပြီး သုံးသပ်ချက်များနှင့် ထည့်သွင်းစဉ်းစားရမည့် အချက်များကိုလည်း အကြံပြုတင်ပြထားသည့် စာတမ်းဖြစ်ပါသည်။

အခန်းတိုင်းရှိ အကြောင်းအရာအလိုက် ထည့်သွင်းစဉ်းစားချက် စဉ်းစားရွေးချယ်စရာများမှာ မူဝါဒ ချမှတ်သူများ ဖြစ်ကြသည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများ၊ နိုင်ငံရေးပါတီများနှင့် အခြားသော သက်ဆိုင်ရာအကျိုးရှင်များ (Stakeholders) အားလုံးအတွက် အချက်အလက်ပိုင်းဆိုင်ရာ အထောက်အကူပြုရန်နှင့် ဆွေးနွေးပွဲများ၌ ထိရောက်သော ဆုံးဖြတ် ချက်များ ချမှတ်ရာတွင် အထောက်အကူပြုရန် ရည်ရွယ်တင်ပြထားခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ် မေလ ၂၄ ရက်မှ ၂၉ ရက်အထိ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစု ပင်လုံ ဒုတိယအစည်းအဝေးကို ကျင်းပခဲ့ပါသည်။ ညီလာခံသို့ မူဝါဒ အဆိုပြုချက် ၄၅ ချက်တင်သွင်းခဲ့ပြီး ၃၆ ချက်ကို ဆွေးနွေး ညှိနှိုင်းသဘောတူခဲ့ကာ ပြည်ထောင်စု ငြိမ်းချမ်းရေး သဘောတူစာချုပ် (Union Peace Accord) ၏ အစိတ်အပိုင်းများအဖြစ် သဘောတူနိုင်ခဲ့သည်။ သို့သော် သဘောမတူညီနိုင်သည့် အချက်များကို နောက်ဆက်တွဲအနေဖြင့် မူဝါဒ အဆိုပြုချက်နှင့် သဘောတူညီချက်များ နှိုင်းယှဉ်မှု၊ သဘောတူညီချက်များ၊ စာတမ်းပါ ထည့်သွင်းစဉ်းစားရမည့် စဉ်းစားရွေးချယ်စရာများနှင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အချက်များ နှိုင်းယှဉ်မှုတို့ ပါရှိပါသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစု ပင်လုံ အစည်းအဝေးများသည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့က ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း (၈) ဖွဲ့အကြား လက်မှတ်ရေးထိုး သဘောတူညီထားသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) မှ ပေါက်ဖွားလာသော နိုင်ငံရေး ဆွေးနွေးပွဲများ ဖြစ်ကြသည့်အတွက် NCA စာချုပ်ကိုလည်း နောက်ဆက်တွဲအဖြစ် ထည့်သွင်းဖော်ပြထားပါသည်။

အချုပ်အားဖြင့် ဆိုရလျှင် ဤစာတမ်းသည် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစု ပင်လုံ ဒုတိယ အစည်းအဝေးနှင့် နောင် ဆက်လက်ကျင်းပမည့် အစည်းအဝေးများတွင် သက်ဆိုင်ရာ အကျိုးရှင်များ(Stakeholders) အကြား အကြေအလည် ညှိနှိုင်းဆွေးနွေးကာ ဆုံးဖြတ် အတည် ပြုကြရမည့် မူဝါဒပိုင်းဆိုင်ရာ နိုင်းယှဉ်သုံးသပ်အကြံပြုချက်များကို ရေးသားဖော်ပြ ထားခြင်းဖြစ်သည့် အတွက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို တည်ဆောက်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက် အကူ ဖြစ်နိုင်သော စာတမ်းတစ်စောင်ဖြစ်ရန် မျှော်လင့်မိပါသည်။

# နောက်ဆက်တွဲ (၁)

## ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစု ပင်လုံ ဒုတိယ အစည်းအဝေးသို့ တင်သွင်းသည့် မူဝါဒ အဆိုပြုချက်များနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးစာချုပ်၏ အစိတ်အပိုင်းများအဖြစ် သဘောတူညီမှု ရရှိခဲ့သော အချက်များကို နှိုင်းယှဉ်မှု

| နိုင်ငံရေးကဏ္ဍ | | | |
|---|---|---|---|
| စဉ် | ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(JPDJC) လုပ်ငန်းကော်မတီ၏ စုစည်းချက်များ | စဉ် | သဘောတူညီချက် |
| ၁။ | **ဖက်ဒရယ်စနစ်တွင် အခြေခံရမည့်မူများ**<br>**၁။ အချုပ်အခြာအာဏာ။**<br>နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး ပြည်ထောင်စုတစ်ဝန်းလုံး၌ တည်သည်။ | ၁။ | **ဖက်ဒရယ်စနစ်တွင် အခြေခံရမည့်မူများ**<br>**၁။ အချုပ်အခြာအာဏာ။**<br>နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး ပြည်ထောင်စုတစ်ဝန်းလုံး၌ တည်သည်။ |
| ၂။ | **၂။ အချုပ်အခြာအာဏာကျင့်သုံးမှု။**<br>နိုင်ငံတော်အချုပ်အခြာအာဏာ၏ မဏ္ဍိုင် (၃) ရပ်ဖြစ်သည့် ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေး အာဏာ၊ တရားစီရင်ရေးအာဏာတို့ကို ပိုင်းခြားကျင့်သုံးခြင်းနှင့် အပြန်အလှန် ထိန်းကျောင်းခြင်းတို့ ပြုရမည်။ | ၂။ | **၂။ အချုပ်အခြာအာဏာ ကျင့်သုံးမှု။**<br>နိုင်ငံတော်အချုပ်အခြာအာဏာ၏ မဏ္ဍိုင် (၃) ရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာ၊ တရားစီရင်ရေး အာဏာတို့ကို ပိုင်းခြားကျင့်သုံးခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ ပြုရမည်။ |
| ၃။ | **၃။ တန်းတူရေး။**<br>(က) တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ၊ တန်းတူရည်တူ အခွင့်အရေး ရှိရမည့် အပြင် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ ထုံးတမ်း၊ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ် မြှင့်တင်ခွင့် ရှိရမည်။ | ၃။ | **၃။ တန်းတူရေး။**<br>တိုင်းရင်းသား လူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေး အရဖြစ်စေ၊ တန်းတူရည်တူ အခွင့်အရေး ရှိရမည့် အပြင် ဘာသာစကား၊ စာပေ၊ ရိုးရာ ယဉ်ကျေးမှုနှင့် ဓလေ့ ထုံးတမ်းများကို ထိန်းသိမ်းကာကွယ် မြှင့်တင်ခွင့် ရှိရမည်။ |

| | | | |
|---|---|---|---|
| ၄။ | (ခ) မည်သည့်တိုင်းရင်းသား လူမျိုးကိုမျှ အထူး အခွင့်အရေး မပေးရ။ ထို့အပြင် မည်သည့်တိုင်းရင်း သား လူမျိုးကိုမျှလည်း အခွင့်အရေး ကန့်သတ်ခြင်း မရှိစေရ။ | | |
| ၅။ | **၄။ ကိုယ်ပိုင်ပြဌာန်းခွင့်။**<br>(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အား ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေ့ရှု၍ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း စစ်မှန်ပြီး ထိရောက်စွာ လက်တွေ့အကောင်အထည် ပေါ်လာမည့် ဖက်ဒရယ်စနစ် မူဘောင်အတွင်းမှ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု ကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်ရမည်။ | | |
| ၆။ | (ခ) နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များကို အခြေခံ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင် အတည်ပြု ပြီးဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် တိုင်းဒေသ ကြီး/ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲရာတွင် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဌာန်းချက်များနှင့် ကျော်လွန်ဆန့်ကျင် ခြင်း မရှိစေဘဲ အခြေခံလွတ်လပ်ခွင့်၊ အခြေခံ ရပိုင်ခွင့်နှင့် ဒီမိုကရေစီ ကျင့်စဉ်များကို အာမခံ ရမည်။ | | |

| | | | |
|---|---|---|---|
| ၇။ | (ဂ) တိုင်းဒေသကြီး/ ပြည်နယ်များသည် တိုင်းရင်းသား လူမျိုးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးကို အာမခံချက်ရှိစေရမည်။ | | |
| ၈။ | (ဃ) တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါ အခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော အမျိုးသားလက္ခဏာနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို မည်သည့် အခြေအနေတွင်မှ ရုပ်သိမ်းဟန့်တားခြင်းမရှိစေရ။ | | |
| ၉။ | (င) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကျင့်သုံးခွင့်ရှိစေရမည်။ | | |
| ၁၀။ | **၅။ ဖက်ဒရယ်ပြည်ထောင်စုမူ (ဖွဲ့စည်းမှုနှင့်အာဏာခွဲဝေမှု)။**<br>(က) နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမည်။ | ၄။ | **၄။ ဖယ်ဒရယ်ပြည်ထောင်စုမူ (ဖွဲ့စည်းမှုနှင့် အာဏာခွဲဝေမှု)။**<br>(က) နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖယ်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမည်။ |
| ၁၁။ | (ခ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တိုင်းဒေသကြီး/ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။ | ၅။ | (ခ) ဒီမိုကရေစီနှင့် ဖယ်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တိုင်းဒေသကြီး/ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။<br>*မှတ်ချက်။ တိုင်းဒေသကြီး/ပြည်နယ်များသည် အခွင့်အာဏာ တန်းတူရှိရမည်။ အမည်နာမ သတ်မှတ်ချက်နှင့် ပတ်သက်၍ နောင်တွင်ဆက်လက်ဆွေးနွေးမည်။* |

| | | | |
|---|---|---|---|
| ၁၂။ | (ဂ) နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ။ | | |
| ၁၃။ | (ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများကို တိုင်းရင်းသား လူမျိုးများ၏ အမည်ဖြင့် ဖွဲ့စည်းရမည်။<br>ရှင်းလင်းချက်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများကို တိုင်းရင်းသား လူမျိုးများ၏ အမည် ဖြင့် ဖွဲ့စည်းရန် ဖြစ်သဖြင့် "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု" ကို ချန်လှပ်ထားပါသည်။ | ၆။ | (ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများကို တိုင်းရင်းသားလူမျိုးများ၏အမည်ဖြင့် ဖွဲ့စည်းရမည်။ |
| ၁၄။ | (င) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ဟူ၍ လွှတ်တော် (၂) ရပ်ထားရှိရမည်။ | | |
| ၁၅။ | (စ) နိုင်ငံတော် အချုပ်အခြာ အာဏာ၏ ခက်မ (၃) ဖြာ ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာ (၃) ရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသများသို့ ခွဲဝေအပ်နှင်းမည်။ ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသများအကြား ဥပဒေပြုရေးဆိုင်ရာ သီးခြားလုပ်ပိုင်ခွင့် အာဏာများနှင့် ပူးတွဲအာဏာများကို နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေက ခွဲဝေ အပ်နှင်းပေးရမည်။ | ၇။ | (ဃ) နိုင်ငံတော် အချုပ်အခြာ အာဏာ၏ ခက်မ (၃) ဖြာ ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာ (၃) ရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း/ဒေသကြီးများသို့ ခွဲဝေအပ်နှင်းမည်။ ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ အကြား ဥပဒေပြုရေး ဆိုင်ရာ အာဏာများနှင့် ပူးတွဲအာဏာများကို နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေက ခွဲဝေအပ်နှင်းပေးရမည်။ |

| | | | |
|---|---|---|---|
| ၁၆။ | (ဆ) တိုင်းဒေသကြီး/ပြည်နယ်များတွင် ရေးဆွဲပြဋ္ဌာန်းခွင့် ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် ဥပဒေများတွင် ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ကျော်လွန် ဆန့်ကျင်စေခြင်းမရှိစေဘဲ ရေးသားပြဋ္ဌာန်းခွင့် ရှိစေရမည်။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ အကြား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာဏာများကို ခွဲဝေကျင့်သုံးခြင်း (Division of Power) ရှိရမည်။<br>*မှတ်ချက်။ ကြွင်းကျန်သောအာဏာ ကျင့်သုံးခြင်း ကိစ္စနှင့် ပတ်သက်၍ နောင်တွင် ဆက်လက် ဆွေးနွေးရန်။* | | |
| ၁၇။ | (ဇ) တိုင်းဒေသကြီး/ ပြည်နယ်များကို ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ တည်းဟူသော အာဏာ (၃) ရပ်စလုံးကို အပ်နှင်းစေရမည်။ ဥပဒေပြုရေး အာဏာကို ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်၊ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံး နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် အစိုးရနှင့် တရားစီရင်ရေးအာဏာကို လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော် တို့ကို ထူထောင်ခွင့် ရှိစေရမည်။ | ၈။ | (င) တိုင်းဒေသကြီး/ပြည်နယ်များကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတည်း ဟူသော အာဏာ (၃) ရပ်စလုံးကို အပ်နှင်းစေရမည်။ ဥပဒေပြုရေး အာဏာကို ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်၊ အုပ်ချုပ်ရေး အာဏာကို ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရနှင့်တရားစီရင်ရေးအာဏာကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံ ဥပဒေက အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့်အညီ လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော်ချုပ် တို့ကို ထူထောင်ခွင့် ရှိစေရမည်။ |
| ၁၈။ | (ဈ)ပြည်ထောင်စုအစိုးရ၊တိုင်းဒေသကြီး/ပြည်နယ် အစိုးရ များသည် ကောက်ခံရရှိထားသော အခွန်ငွေများ၊ ဖွံ့ဖြိုးရေး စီမံကိန်းများနှင့် အခြားအရင်းအမြစ်များကို ဥပဒေနှင့်အညီ မျှဝေခံစားခွင့် ရှိစေရမည်။ | ၉။ | (စ)ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများသည် ကောက်ခံရရှိထားသော အခွန်ငွေများ၊ ဖွံ့ဖြိုးရေး စီမံကိန်းများနှင့် အရင်းအမြစ်များကို ဥပဒေနှင့်အညီ မျှဝေခံစားခွင့် ရှိစေရမည်။ |

| | | | |
|---|---|---|---|
| ၁၉။ | (ည) ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများကြားတွင်သော်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အချင်းချင်းကြား တွင် သော်လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန် အတွက် သီးခြားလွတ်လပ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးကို တည်ထောင်ထား ရှိရမည်။ | ၁၀။ | (ဆ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အကြားတွင်သော်လည်းကောင်း၊ တိုင်း ဒေသကြီး/ပြည်နယ် အချင်းချင်းအကြားတွင် သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် သီးခြား လွတ်လပ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးကို တည်ထောင်ထားရှိ ရမည်။ |
| ၂၀။ | ၆။ ပါတီစုံဒီမိုကရေစီစနစ်။<br>(က) ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်။ | ၁၁။ | ၅။ ပါတီစုံဒီမိုကရေစီစနစ်<br>(က) ပါတီစုံဒီမိုကရေစီ စနစ်ကိုကျင့်သုံးရမည်။ |
| ၂၁။ | (ခ) လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ပုံမှန် ကျင်းပရမည်။ | ၁၂။ | (ခ) လွတ်လပ်၍ တရားမျှတသော ရွေး ကောက်ပွဲများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပ ရမည်။ |
| **စီးပွားရေးကဏ္ဍ** | | | |
| ၂၂။ | ဖက်ဒရယ်စနစ်ဆိုင်ရာ အခြေခံမူများ အဆိုပြုချက်<br>၁။ စီးပွားရေးစနစ်ကို ပီပြင်စွာဖော်ဆောင်ရေး။<br>(က) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖော်ဆောင်နိုင်ရေး အတွက် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရ၊ ကိုယ်ပိုင်အုပ်ချု ပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့များက ခိုင်မာသည့် မူဝါဒဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းရန်။ | ၁၃။ | ဖက်ဒရယ်စနစ်စီးပွားရေးဆိုင်ရာ အခြေခံမူများ<br>၁။ ဈေးကွက် စီးပွားရေးစနစ်ကို ပီပြင်စွာ ဖော်ဆောင်ရေး။<br>(က) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ များကခိုင်မာသည့် မူဝါဒ ဥပဒေ၊ နည်း ဥပဒေများနှင့်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲ ပြဋ္ဌာန်းရန်။<br><br>မှတ်ချက်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့များက မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းနိုင်သည့် ဥပဒေများ ပေါ်ပေါက်လာပါက ဆောင်ရွက်ရန် ဖြစ်သည်။ |

| | | | |
|---|---|---|---|
| ၂၃။ | (ခ) ၄င်းမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ပုဂ္ဂလိက ကဏ္ဍကို မြှင့်တင်ဖော်ဆောင်ရာတွင် လူနေမှုအဆင့်အတန်း မြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လူမှုစီးပွား ဖွံ့ဖြိုးမှု ကွာဟချက်များ လျှော့ချနိုင်ရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုး တိုးတက်ရေးတို့ကို ဦးတည်ဆောင်ရွက်ရန်၊ | ၁၄။ | (ခ) အဆိုပါမူဝါဒနှင့် ဥပဒေ၊ နည်းဥပဒေ တို့နှင့် အညီ ပုဂ္ဂလိက စီးပွားရေးကဏ္ဍကို မြှင့်တင် ဖော်ဆောင်ရာတွင် လူနေမှုအဆင့်အတန်း မြင့်မား ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချ ရေး၊ လူမှုစီးပွားရေး ဖွံ့ဖြိုးမှုကွာဟချက်များ လျှော့ချနိုင်ရေးနှင့် ရေရှည် တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) တို့ကို ဦးတည် ဆောင်ရွက်ရန်။ |
| ၂၄။ | (ဂ) ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက် နစ်နာ စေမည့် စီးပွားရေး လုပ်ငန်းများကို ဥပဒေနှင့် အညီ တားဆီး ကာကွယ်ရန်၊ | ၁၅။ | (ဂ) ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက် နစ်နာစေမည့် စီးပွားရေး လုပ်ဆောင်မှုများကို ဥပဒေနှင့်အညီ တားဆီး ကာကွယ်ရန်။ |
| ၂၅။ | ၂။ စီးပွားရေး လက်ဝါးကြီးအုပ်မှုများ မဖြစ်ပေါ် စေရေး တားဆီးကာကွယ်ရန်။<br>(က) လူတစ်ဦးတစ်ယောက်ဖြစ်စေ၊ အစုအဖွဲ့ တစ်ခုဖြစ်စေ စီးပွားရေး လက်ဝါးကြီးအုပ် ဆောင်ရွက်မှုများ မဖြစ်ပေါ်စေရန် ဥပဒေများ ပြဋ္ဌာန်း ပေးရန်။ | ၁၆။ | ၂။ လူတစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့ တစ်ခုကဖြစ်စေ စီးပွားရေးလက်ဝါးကြီးအုပ် ဆောင်ရွက်မှုများ မဖြစ်ပေါ်စေရေးအတွက် ဥပဒေများ ပြဋ္ဌာန်းပေးရန်။ |
| ၂၆။ | ၃။ ပြည်ထောင်စုနှင့် ပြည်နယ်၊ တိုင်းဒေသကြီးများ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသအသီးသီး တို့တွင် တန်းတူညီမျှသော စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု အခွင့်အလမ်းများ ရရှိရေး ထိရောက်စွာ ဆောင်ရွက်ရန်။ | ၁၇။ | ၃။ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ပြည်နယ်များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ အသီးသီး တို့တွင် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် တန်းတူညီမျှသော အခွင့်အလမ်းများ ရရှိရေး ထိရောက်စွာ ဆောင်ရွက်ရန်။ |
| ၂၇။ | ၄။ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး ပြည်နယ်နှင့် ဒေသန္တရအစိုးရများအကြား ဘဏ္ဍာ ငွေနှင့် အခွန်ငွေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ မျှတစွာ ခွဲဝေရန်။ | ၁၈။ | ၄။ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများအကြား ဘဏ္ဍာငွေနှင့် အခွန် ငွေများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ မျှတစွာ ခွဲဝေရန်။ |

| | | | |
|---|---|---|---|
| ၂၈။ | ၅။ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့များအကြား စီးပွားရေးလုပ်ပိုင်ခွင့် အာဏာများကို ဖွဲ့စည်းပုံ အခြေခံဥပဒေ နှင့်အညီ မျှတစွာ ခွဲဝေရန်။ | ၁၉။ | ၅။ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသဦးစီးအဖွဲ့များအကြား စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ မျှတစွာ ခွဲဝေရန်။ |
| ၂၉။ | ၆။ နိုင်ငံတော်၏ ရေတို၊ ရေလတ်၊ ရေရှည် စီးပွားရေး စီမံကိန်းများကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစွာဖြင့် ချမှတ်ဆောင် ရွက်ရန်။ | ၂၀။ | ၆။ နိုင်ငံတော်၏ ကာလတို၊ ကာလလတ်၊ ကာလရှည် စီးပွားရေး စီမံကိန်းများကို ပွင့်လင်းမြင် သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစွာဖြင့် ချမှတ် ဆောင်ရွက်ရန်။ |
| ၃၀။ | ဒေသန္တရ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမှုများ<br>၁။ ပြည်နယ်/တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ တိုင်း/ဒေသများအကြား လူသားအရင်းအမြ စ်ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက် ပြည်ထောင်စု၊ ပြည်နယ်၊ တိုင်းဒေသကြီး၊ ဒေသန္တရအစိုးရများ ညှိနှိုင်းပူးပေါင်း၍ ဒေသဖွံ့ဖြိုးမှု စီမံကိန်း (Regional Comprehensive Development Plan) ရေးဆွဲရန်။ | ၂၁။ | ဒေသန္တရ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမှုများ။<br>၁။ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး တို့အတွက် ပြည်ထောင်စု တိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းဒေသများအကြား ညှိနှိုင်း ပူးပေါင်း၍ ဒေသဆိုင်ရာ ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်း များ (Regional Comprehensive Development Plans) ရေးဆွဲ အကောင်အထည်ဖော်ရန်။<br><br>မှတ်ချက်။ ပြည်ထောင်စုအစိုးရက ချမှတ်သော မူဝါဒများနှင့် သော်လည်းကောင်း၊ ပြည်ထောင်စု ဥပဒေများနှင့် သော်လည်းကောင်း မဆန့်ကျင် စေဘဲ ဆောင်ရွက်ရန်။ |
| ၃၁။ | ၂။ ပြည်နယ်/တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရတိုင်း/ ဒေသများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းနှင့်နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဝင်ရောက်လာရေး အတွက် ဥပဒေများနှင့်အညီ ဆီလျော်သင့်မြတ်သည့် ဆွဲဆောင်မှု အစီအစဉ် များ ချမှတ်ရန်။ | ၂၂။ | ၂။ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရတိုင်း/ ဒေသများ၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရန် ပြည်တွင်းနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ မြှင့်တင်ရေးအတွက် ဥပဒေများနှင့် အညီ ဆီလျော်သင့်မြတ်သည့် ဆွဲဆောင်မှုရှိသော အစီအစဉ်များရေးဆွဲချမှတ် အကောင်အထည် ဖော်ရန်။ |

| လူမှုရေးကဏ္ဍ | | | |
|---|---|---|---|
| ၃၂။ | ၁။ လက်နက်ကိုင် ပဋိပက္ခများကြောင့် လည်းကောင်း၊ လူလုပ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများကို ခွဲခြားဆက်ဆံမှုမရှိစေဘဲ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး ရေရှည် ရှင်သန်ရပ်တည်နိုင်ရေး (Durable Solution) ကို ဦးတည်၍ စနစ်တကျ အစီအစဉ်များ ချမှတ်လုပ်ဆောင်ရန်။ | ၂၃။ | ၁။ လက်နက်ကိုင် ပဋိပက္ခများကြောင့် လည်းကောင်း၊ လူတို့၏ ပြုမူဆောင်ရွက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ် စွန့်ခွာရသူများကို ခွဲခြားဆက်ဆံမှု မရှိစေဘဲ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး ရေရှည်ရှင်သန်ရပ်တည်နိုင်ရေး (Durable Solution) ကို ဦးတည်၍ စနစ်တကျ အစီအစဉ်များ ချမှတ် လုပ်ဆောင်ရန်။ |
| ၃၃။ | ၂။ လက်နက်ကိုင် ပဋိပက္ခများကြောင့် လည်းကောင်း၊ လူလုပ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် လည်းကောင်း ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ် စွန့်ခွာသူများသည် မိမိနေရပ်နှင့် မိမိသွားရောက်လိုရာ အခြားဒေသသို့ လူ့ဂုဏ်သိက္ခာနှင့်အညီ ဘေးကင်းလုံခြုံစွာ အခြေချနေထိုင်နိုင်ရန်။ | ၂၄။ | ၂။ လက်နက်ကိုင် ပဋိပက္ခများကြောင့် လည်းကောင်း၊ လူတို့၏ ပြုမူဆောင်ရွက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ဒုက္ခသည်များနှင့် ပြည်တွင်း နေရပ်စွန့်ခွာရသူများသည် မိမိနေရပ်နှင့် မိမိသွားရောက်လိုရာ အခြားဒေသများသို့ လူ့ဂုဏ်သိက္ခာနှင့်အညီ ဘေးကင်းလုံခြုံစွာ အခြေချ နေထိုင်နိုင်ရန်။ |
| ၃၄။ | ၃။ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခြေခံရပိုင်ခွင့်နှင့် အခွင့်အရေးများကို လူမျိုးရေး၊ ဘာသာရေး၊ ဆင်းရဲ၊ ချမ်းသာစသည်ဖြင့် ခွဲခြားမှုမရှိဘဲ ထိရောက်စွာ ကာကွယ်စောင့်ရှောက်ရန် နှင့် လူမှုဘဝ မြှင့်တင်မှုကို ဆောင်ရွက်ရန်။ | ၂၅။ | ၃။ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများနှင့် ကလေး သူငယ်များ၏ အခြေခံရပိုင်ခွင့်နှင့် အခွင့်အရေး များကို လူမျိုးရေး၊ ဘာသာရေး၊ ဆင်းရဲ၊ ချမ်းသာစသည်ဖြင့် ခွဲခြားမှုမရှိဘဲ ထိရောက်စွာ ကာကွယ်စောင့်ရှောက်ရန်နှင့် လူမှုဘဝ မြှင့်တင်မှုကို ဆောင်ရွက်ရန်။ |
| ၃၅။ | ၄။ မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စရပ်များကို အမျိုးသားရေး ပြဿနာ၊ နိုင်ငံရေးပြဿနာအဖြစ် ရှုမြင်၍ ထိရောက်စွာ တားဆီးကာကွယ်၊ တိုက်ဖျက်နိုင်ရေး အမျိုးသားရေး တာဝန် တစ်ရပ်အဖြစ် စီမံချက်ချမှတ် ဆောင်ရွက်ရန်။ | ၂၆။ | ၄။ မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စရပ်များကို အမျိုးသားရေး ပြဿနာ၊ နိုင်ငံရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပြဿနာအဖြစ် သတ်မှတ်၍ ထိရောက်စွာ တားဆီးကာကွယ်၊ တိုက်ဖျက်နိုင်ရေး အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် စီမံချက် ချမှတ်ဆောင်ရွက်ရန်။ |

| မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ | | | |
|---|---|---|---|
| ၃၆။ | ၁။ နိုင်ငံလုံးဆိုင်ရာ ဘက်ညီမျှတသည့် ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုကို အထောက်အကူ ဖြစ်စေသည့် ပြည်သူဗဟိုပြု မြေယာမူဝါဒ ဖြစ်စေရန်။ | ၂၇။ | ၁။ နိုင်ငံလုံးဆိုင်ရာ ဘက်ညီမျှတသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုကို အထောက်အကူ ဖြစ်စေသည့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု မြေယာမူဝါဒ ဖြစ်စေရန်။ |
| ၃၇။ | ၂။ သင့်တော်မျှတ၍ တရားနည်းလမ်းကျမှုကို အခြေခံစေရန်။ | ၂၈။ | ၂။ သင့်တော်မျှတ၍ တရားနည်းလမ်းကျမှုကို အခြေခံစေရန်။ |
| ၃၈။ | ၃။ ဗဟိုထိန်းချုပ်မှု လျှော့ချသည့် မူဝါဒများ ဖြစ်စေရန်။ | ၂၉။ | ၃။ ဗဟိုထိန်းချုပ်မှု လျှော့ချသည့် မူဝါဒများ ဖြစ်စေရန်။ |
| ၃၉။ | ၄။ မြေယာမူဝါဒရေးဆွဲရာတွင် လူ့အခွင့်အရေး စံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စံနှုန်းများကို ထည့်သွင်းစဉ်းစား ရေးဆွဲရန်။ | ၃၀။ | ၄။ မြေယာမူဝါဒ ရေးဆွဲရာတွင် လူ့အခွင့်အရေး စံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများ ဒီမိုကရေစီနှင့် ဖယ်ဒရယ်စံနှုန်းများကို ထည့်သွင်းစဉ်းစား ရေးဆွဲရန်။ |
| ၄၀။ | ၅။ မြေယာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုနှင့် ရှင်းလင်းသည့် မူဝါဒများ ဖြစ်စေရန်။ | ၃၁။ | ၅။ မြေယာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုနှင့် ရှင်းလင်းသည့် မူဝါဒများ ဖြစ်စေရန်။ |
| ၄၁။ | ၆။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် မူဝါဒများချမှတ်ဆောင်ရွက်ရာတွင် ဒေသခံများ၏ လိုလားချက်များကို ဦးစားပေး၍ တောင်သူလယ်သမားများ၏ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်။ | ၃၂။ | ၆။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် မူဝါဒများချမှတ်ဆောင်ရွက်ရာတွင် ဒေသခံများ၏ လိုလားချက်ကို ဦးစားပေး၍ တောင်သူလယ်သမားများ၏ အဓိက လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်။ |
| ၄၂။ | ပိုင်ဆိုင်ခွင့်။<br>၇။ နိုင်ငံသားတိုင်းသည် မြေယာဥပဒေနှင့်အညီ မြေယာ ပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ အမျိုးသမီးနှင့် အမျိုးသား တန်းတူညီမျှမှု ရှိရမည်။ | ၃၃။ | ပိုင်ဆိုင်ခွင့်။<br>၇။ နိုင်ငံသားတိုင်းသည် မြေယာဥပဒေနှင့်အညီ မြေယာ ပိုင်ဆိုင် ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ အမျိုးသမီးနှင့် အမျိုးသား တန်းတူညီမျှမှု ရှိရမည်။ |

| | | | |
|---|---|---|---|
| ၄၃။ | စီမံခန့်ခွဲခွင့်။<br>၈။ မြေယာပိုင်ဆိုင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုပြုရာတွင် အမျိုးသမီးနှင့် အမျိုးသားအခွင့်အရေး တန်းတူညီမျှမှု ရှိစေရန်။ | ၃၄။ | စီမံခန့်ခွဲခွင့်။<br>၈။ မြေယာပိုင်ဆိုင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုပြုရာတွင် ဥပဒေနှင့်အညီ အမျိုးသမီးနှင့်အမျိုးသား အခွင့်အရေး တန်းတူညီမျှမှု ရှိစေရန်။ |
| ၄၄။ | ၉။ လုပ်ပိုင်ခွင့် ချထားပေးသော မြေယာကို မူလရည်ရွယ်ချက်အတိုင်း သတ်မှတ်ကာလအတွင်း လုပ်ကိုင်နိုင်ခြင်းမရှိပါက နိုင်ငံတော်မှ ပြန်လည်ရယူရန်နှင့် အမှန်တကယ် လုပ်ကိုင်လိုသူများအား ပြန်လည်ချထားပေးခြင်း ဆောင်ရွက်စေရန်။ | ၃၅။ | ၉။ လုပ်ပိုင်ခွင့်ချထားပေးသော မြေယာကို မူလရည်ရွယ်ချက်အတိုင်း သတ်မှတ်ကာလအတွင်း လုပ်ကိုင်နိုင်ခြင်းမရှိလျှင် နိုင်ငံတော်က ပြန်လည် ရယူရန်နှင့် အမှန်တကယ် လုပ်ကိုင်လိုသူများအား ပြန်လည်ချထားပေးရေး ဆောင်ရွက်စေရန်။ |
| ၄၅။ | အကာအကွယ်ပြုရေးဆိုင်ရာ အစီအမံများ။<br>၁၀။လူမှုရေး၊ယဉ်ကျေးမှု၊သမိုင်းဝင်အမွေအနှစ်နှင့် တိုင်းရင်းသားလူမျိုးများ အထွဋ်အမြတ်ထားသော မြေများ ထိခိုက်ပျက်စီးမှု မရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်ရန်။ | ၃၆။ | အကာအကွယ်ပြုရေးဆိုင်ရာ အစီအမံများ။<br>၁၀။ လူမှုရေး၊ ယဉ်ကျေးမှု၊ သမိုင်းဝင် အမွေအနှစ်နှင့် တိုင်းရင်းသားလူမျိုးများ အထွဋ်အမြတ်ထားသော မြေများ ထိခိုက်ပျက်စီးမှုများ မရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်ရန်။ |

## နောက်ဆက်တွဲ (၂)

### ဆက်လက် ဆွေးနွေးရမည့် အချက်များ

| စဉ် | ဆွေးနွေးရမည့် အကြောင်းအရာများ |
|---|---|
| ၁။ | မည်သည့်တိုင်းရင်းသား လူမျိုးကိုမျှ အထူးအခွင့်အရေးမပေးရ၊ ထို့အပြင် မည်သည့် တိုင်းရင်းသားလူမျိုးကိုမျှလည်း အခွင့်အရေး ကန့်သတ်ခြင်း မရှိစေရ။ |
| ၂။ | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အား ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေ့ရှု၍ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း စစ်မှန်ပြီး ထိရောက်စွာ လက်တွေ့အကောင်အထည် ပေါ်လာမည့် ဖက်ဒရယ်စနစ် မူဘောင်အတွင်းမှ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့် အညီ တည်ဆောက်ရမည်။ |
| ၃။ | နိုင်ငံရေးဆွေးနွေးပွဲရလဒ်များကို အခြေခံ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင်အတည်ပြုပြီးဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲရာတွင် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကျော်လွန်ဆန့်ကျင်ခြင်း မရှိစေဘဲ အခြေခံလွတ်လပ်ခွင့်၊ အခြေခံ ရပိုင်ခွင့်နှင့် ဒီမိုကရေစီ ကျင့်စဉ်များကို အာမခံရမည်။ |
| ၄။ | တိုင်းဒေသကြီး/ပြည်နယ်များသည် တိုင်းရင်းသား လူမျိုးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးကို အာမခံချက်ရှိစေရမည်။ |
| ၅။ | တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော အမျိုးသားလက္ခဏာနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မည်သည့် အခြေအနေတွင်မှ ရုပ်သိမ်းဟန့်တားခြင်းမရှိစေရ။ |
| ၆။ | ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် အတိုင်း ကျင့်သုံးခွင့်ရှိစေရမည်။ |
| ၇။ | နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ။ |
| ၈။ | ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ဟူ၍ လွှတ်တော် (၂) ရပ် ထားရှိရမည်။ |
| ၉။ | တိုင်းဒေသကြီး/ပြည်နယ်များတွင် ရေးဆွဲပြဋ္ဌာန်းခွင့် ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် ဥပဒေများတွင် ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ကျော်လွန်ဆန့်ကျင်စေခြင်းမရှိစေဘဲ ရေးသားပြဋ္ဌာန်းခွင့် ရှိစေရမည်။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ အာဏာများကို ခွဲဝေကျင့်သုံးခြင်း (Division of Power) ရှိရမည်။ |
| ၁၀။ | ထပ်တူပြု ဥပဒေပြုခွင့်ဆိုင်ရာ အချက်များ |
| ၁၁။ | အချိုးညီ၊ အချိုးမညီ ဖက်ဒရယ်စနစ်ဆိုင်ရာ အချက်များ |
| ၁၂။ | ပြည်နယ်သစ်များ ဖွဲ့စည်းခြင်းဆိုင်ရာ အချက်များ |

## နောက်ဆက်တွဲ (၃)

### ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) တွင် ရရှိခဲ့သည့် သဘောတူညီချက်များနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဌာန်းထားသည့်အချက်များ နှိုင်းယှဉ်ခြင်း

| နိုင်ငံရေးကဏ္ဍ | | | |
|---|---|---|---|
| စဉ် | သဘောတူညီချက် | စဉ် | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် ပြဌာန်းထားသည့် အချက်များ |
| ၁။ | **ဖယ်ဒရယ်စနစ်တွင် အခြေခံရမည့်မူများ**<br><br>၁။ အချုပ်အခြာအာဏာ။ နိုင်ငံတော်၏ အချုပ်အခြာအာဏာ သည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး ပြည်ထောင်စု တစ်ဝန်းလုံး၌ တည်သည်။ | ၁။ | **အခန်း (၂) အချုပ်အခြာအာဏာ**<br>**၁၁။** (ဂ) ဖက်ဒရယ် ပြည်ထောင်စု မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာသည် "တိုင်းရင်းသား၊ ပြည်သူ၊ နိုင်ငံသားများ ထံမှ ဆင်းသက်သည်" သို့မဟုတ် "တိုင်းရင်းသား၊ ပြည်သူ၊ နိုင်ငံသားများထံတွင် တည်သည်"<br>၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၄) |
| ၂။ | ၂။ **အချုပ်အခြာအာဏာကျင့်သုံးမှု။** နိုင်ငံတော် အချုပ်အခြာ အာဏာ၏ မဏ္ဍိုင် (၃) ရပ်ဖြစ်သည့် ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေး အာဏာတို့ကို ပိုင်းခြား ကျင့်သုံးခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ ပြုရမည်။ | ၂။ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၁၁) (က)။ |
| ၃။ | ၃။ **တန်းတူရေး။** တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး အရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ၊ တန်းတူရည်တူ အခွင့်အရေး ရှိရမည့်အပြင် ဘာသာစကား၊ စာပေ၊ ရိုးရာ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းကာကွယ် မြှင့်တင်ခွင့် ရှိရမည်။ | ၃။ | **အခန်း(၄) ၉။ (ဃ)** နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှုတို့တွင် တိုင်းရင်းသား လူမျိုးများအနေဖြင့်ဖြစ်စေ၊ တိုင်းရင်းသား မျိုးနွယ်စုအနေဖြင့်ဖြစ်စေ၊ နိုင်ငံသားများ အနေဖြင့်ဖြစ်စေ ရသင့်ရထိုက်သည့် အခွင့်အရေးများ တန်းတူ ရရှိနိုင်ရေး ဥပဒေပြဋ္ဌာန်းခြင်း။ |

| | | | |
|---|---|---|---|
| ၄။ | ၄။ **ဖယ်ဒရယ်ပြည်ထောင်စုမူ (ဖွဲ့စည်းမှုနှင့်အာဏာခွဲဝေမှု)**<br>(က) နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စု အဖြစ် ဖွဲ့စည်းရမည်။ | ၄။ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၈)။ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်။ |
| ၅။ | (ခ) ဒီမိုကရေစီနှင့် ဖယ်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တိုင်းဒေသကြီး/ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။<br>**မှတ်ချက်။** တိုင်းဒေသကြီး/ပြည်နယ်များသည် အခွင့်အာဏာ တန်းတူရှိရမည်။ အမည်နာမ သတ်မှတ်ချက်နှင့် ပတ်သက်၍ နောင်တွင် ဆက်လက် ဆွေးနွေးမည်။ | ၅။ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၉) (က) (ခ)။ |
| ၆။ | (ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများကို တိုင်းရင်းသား လူမျိုးများ၏အမည်ဖြင့် ဖွဲ့စည်း ရမည်။ | | |
| ၇။ | (ဃ) နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မ (၃) ဖြာ ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာ (၃) ရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ် များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသကြီးများသို့ ခွဲဝေအပ်နှင်းမည်။<br>ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများ အကြား ဥပဒေပြုရေးဆိုင်ရာ အာဏာများနှင့် ပူးတွဲအာဏာများကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက ခွဲဝေအပ်နှင်းပေးရမည်။ | ၆။ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၁၁) (ခ)၊ ပုဒ်မ (၁၂) (က)၊ ပုဒ်မ (၁၃)။ |

| | | | |
|---|---|---|---|
| ၈။ | (င) တိုင်းဒေသကြီး/ပြည်နယ်များကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတည်းဟူသော အာဏာ(၃)ရပ်စလုံးကို အပ်နှင်းစေရမည်။ ဥပဒေပြုရေး အာဏာကို ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်၊ အုပ်ချုပ်ရေး အာဏာကို ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရနှင့် တရားစီရင်ရေးအာဏာကို ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေက အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့်အညီ လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်ချုပ်တို့ကို ထူထောင်ခွင့် ရှိစေရမည်။ | ၇။ | **အခန်း (၁၆) အာဏာခွဲဝေခြင်း ၁၀။ (က)** ဖွဲ့စည်းပုံအရ အာဏာခွဲဝေခြင်းအပြင် ဥပဒေပြုခြင်း၊ အုပ်ချုပ်ခြင်းနှင့် တရားစီရင်ခြင်း အာဏာများကို ပြည်ထောင်စုမှ ပြည်နယ်များသို့လည်းကောင်း၊ ပြည်နယ်များမှ ဒေသန္တရများသို့ လည်းကောင်း အဆင့်ဆင့် လုပ်ဆောင်ခွင့်ပြုခြင်း ခွင့်ပြုရန်။ |
| ၉။ | (စ) ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများသည် ကောက်ခံရရှိထားသော အခွန်ငွေများ၊ ဖွံ့ဖြိုးရေး စီမံကိန်းများနှင့် အရင်းအမြစ်များကို ဥပဒေနှင့်အညီ မျှဝေခံစားခွင့် ရှိစေရမည်။ | ၈။ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား (၅)။ |
| ၁၀။ | (ဆ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အကြားတွင် သော်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အချင်းချင်း အကြားတွင်သော်လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် သီးခြား လွတ်လပ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးကို တည်ထောင်ထားရှိရမည်။ | ၉။ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၃၂၀) မှ (၃၂၄)။ |
| ၁၁။ | ၅။ **ပါတီစုံဒီမိုကရေစီစနစ်** (က) ပါတီစုံဒီမိုကရေစီ စနစ်ကိုကျင့်သုံးရမည်။ | ၁၀။ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၇) |

| | | | |
|---|---|---|---|
| ၁၂။ | (ခ) လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပ ရမည်။ | ၁၁။ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၉)။ |
| | **စီးပွားရေးကဏ္ဍ** | | |
| ၁၃။ | **ဖက်ဒရယ်စနစ် စီးပွားရေးဆိုင်ရာ အခြေခံမူများ**<br>**၁။ ဈေးကွက် စီးပွားရေးစနစ်ကို ပီပြင်စွာ ဖော်ဆောင်ရေး**<br>(က) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖော်ဆောင်နိုင်ရေး အတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသများက ခိုင်မာသည့် မူဝါဒဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းရန်။<br>မှတ်ချက်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ ဦးစီးအဖွဲ့များက မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်း နိုင်သည့် ဥပဒေများ ပေါ်ပေါက်လာပါက ဆောင်ရွက်ရန် ဖြစ်သည်။ | ၁၂။ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၃၅)။ |
| ၁၄။ | (ခ) အဆိုပါမူဝါဒနှင့် ဥပဒေ၊ နည်းဥပဒေ တို့နှင့်အညီ ပုဂ္ဂလိက စီးပွာရေးကဏ္ဍကို မြှင့်တင်ဖော်ဆောင်ရာတွင် လူနေမှု အဆင့်အတန်းမြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လူမှု စီးပွားရေး ဖွံ့ဖြိုးမှု ကွာဟချက်များ လျှော့ချနိုင်ရေးနှင့် ရေရှည် တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) တို့ကို ဦးတည် ဆောင်ရွက်ရန်။ | ၁၃။ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၂၉)၊ (၃၀)၊ ၃၁၊ (၃၆)၊ (၃၇)။ |
| ၁၅။ | (ဂ) ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက် နစ်နာစေမည့် စီးပွားရေး လုပ်ဆောင်မှုများကို ဥပဒေနှင့်အညီ တားဆီး ကာကွယ်ရန်။ | ၁၄။ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၃၆)။ |

| | | | |
|---|---|---|---|
| ၁၆။ | ၂။ လူတစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့ တစ်ခုက ဖြစ်စေ စီးပွားရေး လက်ဝါးကြီးအုပ် ဆောင်ရွက်မှုများ မဖြစ်ပေါ် စေရေးအတွက် ဥပဒေများ ပြဋ္ဌာန်းပေးရန်။ | ၁၅။ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၃၆)။ |
| ၁၇။ | ၃။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ် များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ အသီးသီးတို့တွင် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု အတွက် တန်းတူညီမျှသော အခွင့်အလမ်းများ ရရှိရေး ထိရောက်စွာဆောင်ရွက်ရန်။ | ၁၆။ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၃၆)။ |
| ၁၈။ | ၄။ ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရ များအကြား ဘဏ္ဍာငွေနှင့် အခွန်ငွေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီမျှတစွာ ခွဲဝေရန်။ | ၁၇။ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား (၅)။ |
| ၁၉။ | ၅။ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီး အဖွဲ့များအကြား စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲပိုင်ခွင့်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေ နှင့်အညီ မျှတစွာ ခွဲဝေရန်။ | ၁၈။ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား (၁)၊ (၂)၊ (၃)၊ (၅)။ |
| ၂၀။ | ၆။ နိုင်ငံတော်၏ ကာလတို၊ ကာလလတ်၊ ကာလရှည် စီးပွားရေး စီမံကိန်းများကို ပွင့်လင်း မြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် ချမှတ်ဆောင်ရွက်ရန်။ | | |

| | | | |
|---|---|---|---|
| ၂၁။ | **ဒေသန္တရ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများ**<br>၁။ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် ပြည်ထောင်စု တိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသများအကြား ညှိနှိုင်းပူးပေါင်း၍ ဒေသဆိုင်ရာ ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းများ (Regional Comprehensive Development Plans) ရေးဆွဲ အကောင်အထည်ဖော်ရန်။<br>မှတ်ချက်။ ပြည်ထောင်စုအစိုးရက ချမှတ်သော မူဝါဒများနှင့် သော်လည်းကောင်း၊ ပြည်ထောင်စု ဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ ဆောင်ရွက်ရန်။ | | |
| ၂၂။ | ၂။ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရတိုင်း/ဒေသများ၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရန် ပြည်တွင်းနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ မြှင့်တင်ရေးအတွက် ဥပဒေများနှင့်အညီ ဆီလျော်သင့်မြတ်သည့် ဆွဲဆောင်မှု ရှိသော အစီအစဉ်များ ရေးဆွဲ ချမှတ် အကောင်အထည်ဖော်ရန်။ | | |
| **လူမှုရေးကဏ္ဍ** | | | |
| ၂၃။ | ၁။ လက်နက်ကိုင် ပဋိပက္ခများကြောင့် လည်းကောင်း၊ လူတို့၏ ပြုမူဆောင်ရွက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ် စွန့်ခွာရသူများကို ခွဲခြားဆက်ဆံမှု မရှိစေဘဲ နိုင်ငံတကာစံချိန် စံညွှန်းများနှင့်အညီ လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး ရေရှည် ရှင်သန်ရပ်တည်နိုင်ရေး (Durable Solution) ကို ဦးတည်၍ စနစ်တကျ အစီအစဉ်များ ချမှတ် လုပ်ဆောင်ရန်။ | | |

| | | | |
|---|---|---|---|
| ၂၄။ | ၂။ လက်နက်ကိုင် ပဋိပက္ခများကြောင့် လည်းကောင်း၊ လူတို့၏ ပြုမူဆောင်ရွက်မှုနှင့် သဘာဝ ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ဒုက္ခသည်များနှင့် ပြည်တွင်း နေရပ်စွန့်ခွာရသူများသည် မိမိနေရပ်နှင့် မိမိသွားရောက်လိုရာ အခြားဒေသများသို့ လူ့ဂုဏ်သိက္ခာနှင့်အညီ ဘေးကင်းလုံခြုံစွာ အခြေချ နေထိုင်နိုင်ရန်။ | | |
| ၂၅။ | ၃။ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခြေခံ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို လူမျိုးရေး၊ ဘာသာရေး၊ ဆင်းရဲ၊ ချမ်းသာ စသည်ဖြင့် ခွဲခြားမှုမရှိဘဲ ထိရောက်စွာ ကာကွယ်စောင့်ရှောက်ရန်နှင့် လူမှုဘဝ မြှင့်တင်မှုကို ဆောင်ရွက်ရန်။ | ၁၉။ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၃၂)။ |
| ၂၆။ | ၄။ မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စရပ်များကို အမျိုးသားရေး ပြဿနာ၊ နိုင်ငံရေး၊ လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေး ပြဿနာအဖြစ် သတ်မှတ်၍ ထိရောက်စွာ တားဆီးကာကွယ်၊ တိုက်ဖျက်နိုင်ရေး အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် စီမံချက် ချမှတ်ဆောင်ရွက်ရန်။ | | |
| မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ | | | |
| ၂၇။ | ၁။ နိုင်ငံလုံးဆိုင်ရာ ဘက်ညီမျှတသည့် ရေရှည် တည်တံ့သော ဖွံ့ဖြိုးမှုကို အထောက်အကူ ဖြစ်စေသည့် ပြည်သူ ဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု မြေယာမူဝါဒ ဖြစ်စေရန်။ | | |
| ၂၈။ | ၂။ သင့်တော်မျှတ၍ တရားနည်းလမ်းကျမှုကို အခြေခံစေရန်။ | | |
| ၂၉။ | ၃။ ဗဟိုထိန်းချုပ်မှု လျှော့ချသည့် မူဝါဒများ ဖြစ်စေရန်။ | | |

| | | | |
|---|---|---|---|
| ၃၀။ | ၄။ မြေယာမူဝါဒ ရေးဆွဲရာတွင် လူ့အခွင့်အရေး စံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများ ဒီမိုကရေစီနှင့် ဖက်ဒရယ်စံနှုန်းများကို ထည့်သွင်းစဉ်းစား ရေးဆွဲရန်။ | | |
| ၃၁။ | ၅။ မြေယာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပွင့်လင်း မြင်သာမှုနှင့် ရှင်းလင်းသည့် မူဝါဒများ ဖြစ်စေရန်။ | | |
| ၃၂။ | ၆။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် ဒေသခံများ၏ လိုလားချက်ကို ဦးစားပေး၍ တောင်သူလယ်သမားများ၏ အဓိက လိုအပ်ချက် များကို ဖြည့်ဆည်းပေးရန်။ | | |
| ၃၃။ | **ပိုင်ဆိုင်ခွင့်**<br>၇။ နိုင်ငံသားတိုင်းသည် မြေယာဥပဒေနှင့်အညီ မြေယာ ပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့် ရှိသည်။ အမျိုးသမီးနှင့် အမျိုးသား တန်းတူညီမျှမှုရှိရမည်။ | | |
| ၃၄။ | **စီမံခန့်ခွဲခွင့်**<br>၈။ မြေယာပိုင်ဆိုင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုပြုရာတွင် ဥပဒေ နှင့်အညီ အမျိုးသမီးနှင့် အမျိုးသား အခွင့်အရေး တန်းတူညီမျှမှု ရှိစေရန်။ | ၂၀။ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ် ၃၇ (က)။ |
| ၃၅။ | ၉။ လုပ်ပိုင်ခွင့် ချထားပေးသော မြေယာကို မူလရည်ရွယ်ချက် အတိုင်း သတ်မှတ်ကာလအတွင်း လုပ်ကိုင်နိုင်ခြင်း မရှိလျှင် နိုင်ငံတော်က ပြန်လည် ရယူရန်နှင့် အမှန်တကယ် လုပ်ကိုင်လိုသူများအား ပြန်လည်ချထားပေးရေး ဆောင်ရွက်စေရန်။ | | |

| | | | |
|---|---|---|---|
| ၃၆။ | **အကာအကွယ်ပြုရေးဆိုင်ရာ အစီအမံများ**<br>၁၀။ လူမှုရေး၊ ယဉ်ကျေးမှု၊ သမိုင်းဝင် အမွေအနှစ်နှင့် တိုင်းရင်းသား လူမျိုးများ အထွဋ်အမြတ်ထားသော မြေများ ထိခိုက်ပျက်စီးမှုများ မရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်ရန်။ | | |

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု
ရပ်စဲရေးသဘောတူစာချုပ်

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အကြား ယခင်ကချုပ်ဆိုခဲ့သော သဘောတူညီချက်များအား ထပ်လောင်းအသိအမှတ်ပြုခြင်း၊ ပိုမို ခိုင်မာစေခြင်း၊ ထပ်ဆင့်အတည်ပြုခြင်းဖြစ်ပြီး ပါဝင်သင့်သူအားလုံး ပါဝင်နိုင်သော နိုင်ငံရေး ဆွေးနွေးပွဲများမှတဆင့် တရားမျှတမှုနှင့် ဂုဏ်သိက္ခာရှိမှုတို့အပေါ် အခြေခံသည့် ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးကို ဦးတည်သည်။

ဤတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးကြသော ကျွန်ုပ်တို့သည် ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှု နှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံ၍ ဤသဘောတူစာချုပ်ပါအချက်များကို ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွ ပူးတွဲ အကောင်အထည်ဖော်ဆောင်ရွက် သွားရန် အပြန်အလှန် သန္နိဋ္ဌာန် ပြုကြပါသည်။

**အခန်း (၁)**
**အခြေခံမူများ**

၁။ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် အောက်ပါ အခြေခံ မူများနှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန် သဘောတူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်း သား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး တို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှု နှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော၊ ဒီမိုကရေစီနှင့်

ဖက်ဒရယ်စနစ် တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေး ဆွေးနွေးပွဲ ရလဒ်များနှင့် အညီ တည်ဆောက်သွားရန်။

(ခ) မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာ ဖြစ်ပွားခဲ့သော လက်နက်ကိုင် ပဋိပက္ခများ အဆုံးသတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှု သစ်တစ်ရပ် ထူထောင်ပြီး၊ လက်နက်ကိုင် ပဋိပက္ခ အဆုံးသတ်နိုင်ရန် တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးကို ဦးစွာ ဆောင်ရွက်ရန်။

(ဂ) တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်းပါဝင်သော ပြည်ထောင်စု တပ်မတော်ဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးသွားရန်။

(ဃ) တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တော်လှန်ရေးကို အခြေခံသည့် နိုင်ငံရေးဆန္ဒကို နားလည်ခြင်းနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲမှုတို့ကို ဦးတည်လျက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်တွင် ပါဝင်သင့် ပါဝင်ထိုက်သော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအားလုံး အတူတကွ ပါဝင်လက်မှတ် ရေးထိုးရန်။

(င) နိုင်ငံရေး ကိစ္စအလို့ငှာ ဘာသာ သာသနာကို အလွဲသုံးစား မပြုရန်၊ နိုင်ငံရေးနှင့် ဘာသာရေး ရောယှက်ခြင်းမရှိသည့် နိုင်ငံတော်ကို ထူထောင်ရန်။

(စ) တိုင်းရင်းသားလူမျိုးများ၏ နောက်ခံသမိုင်း၊ ရိုးရာ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသားလက္ခဏာများ မတူကွဲပြားမှုကို လက်ခံအသိအမှတ် ပြု၍ လူမျိုးပေါင်းစုံ၊ ဘာသာစကား ပေါင်းစုံတို့ဖြင့် ပြည်ထောင်စု လက္ခဏာတစ်ရပ်ကို နိုင်ငံသားအားလုံး စုပေါင်းဖော်ဆောင်ရန်။

(ဆ) ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် ရည်မှန်း၍ တိုင်းရင်းသားများ၏ လိုလားချက်များနှင့် သဘောထားဆန္ဒများကို အခြေခံပြီး ပါဝင်သင့်သူအားလုံး ပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပသွားရန်။

(ဇ) ငြိမ်းချမ်းရေး ဆွေးနွေးဘက်များအကြား ဝိဝါဒကွဲပြားမှုများကို ရေရှည် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး ရရှိရန် စိတ်ရင်းစေတနာမှန်ဖြင့် အကျေအလည် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ရန်။

(ဈ) ဤသဘောတူစာချုပ်တွင် ဖော်ပြပါရှိသည့် နှစ်ဖက်အပြန်အလှန် ထားရှိသော ကတိကဝတ်များကို စောင့်ထိန်းရန်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံခြင်း စသည့် နည်းလမ်းများဖြင့် အကောင်အထည် ဖော်ရန်။

(ည) ဤသဘောတူ စာချုပ်ကြောင့် ဖြစ်ထွန်းလာမည့် တိုးတက်မှုများကို တစ်ဖက်နှင့် တစ်ဖက် အခွင့်အရေးမယူဘဲ သဘောတူစာချုပ်ပါကိစ္စရပ်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(ဋ) ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထုတစ်ရပ်လုံး၏ အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံရေးနှင့် ပြည်သူလူထု၏ ဘဝ မြှင့်တင်ရေးကို ကြိုးပမ်း ဆောင်ရွက်သွားရန်။

## အခန်း(၂)
## ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ

၂။ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် အောက်ပါတို့ကို ဤသဘောတူစာချုပ်၏ ဦးတည်ချက်များနှင့် ရည်ရွယ်ချက်များ အဖြစ် သဘောတူသည် -

(က) ဤစာချုပ်ကို လက်မှတ်ရေးထိုးသူများအကြား ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲခြင်းအား လက်ခံဆောင်ရွက်ပြီးနောက် တရားမျှတမှုနှင့် ရေရှည်တည်တံ့ ခိုင်မြဲသည့် ငြိမ်းချမ်းရေး ရရှိရေးတို့အတွက် နစ်ဖက်သဘောတူထားသည့် နိုင်ငံရေး ဆွေးနွေးရေး မူဘောင်ပေါ်တွင် အခြေခံ၍ ပါဝင်သင့်သူအားလုံး ပါဝင်သော နိုင်ငံရေး တွေ့ဆုံ ဆွေးနွေးရေး လုပ်ငန်းစဉ်ကို စတင်ရန်။

(ခ) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းဆိုင်ရာ သဘောတူစာချုပ် အကောင်အထည် ဖော်ဆောင်မှုများ၊ ကျင့်ဝတ်စည်းကမ်းများအား လိုက်နာမှုကိုစောင့်ကြည့်ရေး၊ ချိုးဖောက်မှုများကိုစုံစမ်းစိစစ်ရေးနှင့် ပဋိပက္ခများဖြေရှင်းရေးတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် "ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ" တစ်ရပ်ကို ဖွဲ့စည်းသွားရန်။

(ဂ) ပြည်ထောင်စု အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကြား ချုပ်ဆိုထားသော သဘောတူညီချက်များနှင့် ကတိကဝတ်များကို ထပ်လောင်း အတည်ပြုရန်။

(ဃ) တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တော်လှန်ရေးကို အခြေခံသည့် နိုင်ငံရေးကိစ္စကို နားလည်ခြင်းနှင့် ပြည်ထောင်စု စိတ်ဓာတ်ခိုင်မြဲမှုတို့ကို ဦးတည်လျက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်တွင် ပါဝင်သင့် ပါဝင်ထိုက်သော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အားလုံး အတူတကွ ပါဝင်လက်မှတ်ရေးထိုးရန်။

## အခန်း(၃)
## ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များ

၃။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသည့်နေ့မှစ၍ (၁၄) ရက်အတွင်း တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းကာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များကို တိကျသော အချိန်ဇယား သတ်မှတ် အကောင် အထည်

ဖော်ဆောင်ခြင်းများ ပြုလုပ်သွားရန် သဘောတူသည်။

၄။ ဤသဘောတူစာချုပ်ပါ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်နှင့် ပတ်သက်သည့် နှစ်ဖက် အပြန်အလှန် လိုက်နာကြရမည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများနှင့် သဘောတူညီထားသည့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များကို အတိအကျ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့်၏ စိစစ်ခြင်း ခံယူရန် သဘောတူသည်။

၅။ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် တပ်ပိုင်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာရန် သဘောတူသည် -

(က) အပစ်ရပ်နယ်မြေအတွင်း တစ်ဖက်နှင့် တစ်ဖက်အကြား နယ်မြေစိုးမိုးမှု တပ်လှုပ်ရှားခြင်း၊ ကင်းထောက်ခြင်း၊ အင်အားတိုးချဲ့ခြင်း၊ လက်နက်ကိုင် တိုက်ခိုက်မှုများ၊ မိုင်းထောင်ခြင်းများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ရုပ်ဝတ္ထုပစ္စည်းများ ဖျက်ဆီးခြင်းနှင့် ထိုးစစ်ဆင်ခြင်းများကို ရပ်ဆိုင်းရန်။

(ခ) တစ်ဖက်နှင့် တစ်ဖက်ရန်မူသည့် (သို့မဟုတ်) စော်ကားမှု ဖြစ်စေသည့် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သည့် လုပ်ရပ်များကို မပြုလုပ်ရ။

(ဂ) နေရာချထားရာတွင် လိုအပ်သော အုပ်ချုပ်ထောက်ပံ့ရေး၊ အရေးပေါ် ဆေးကုသရေး၊ တပ်လဲလှယ်ရေးတို့နှင့် ပတ်သက်သည့် လုပ်ဆောင်မှုများ မှအပ အပစ်ရပ်နယ်မြေတွင် အင်အားအသစ် ဖြည့်တင်းခြင်း၊ နှစ်ဖက် သဘောတူညီထားသော တပ်စခန်းများမှအပ စခန်းအသစ်များ ထပ်မံဆောက်လုပ်ခြင်းနှင့် လက်နက်ခဲယမ်းများ ထပ်မံဖြည့်တင်းခြင်းများ မပြုလုပ်ရန်နှင့် တိုင်းပြည်ကာကွယ်ရေး အတွက် ဖြစ်စေ၊ ပြည်ပရန် ကာကွယ်ရေးအတွက်ဖြစ်စေ လိုအပ်လာပါက အပစ်ရပ်နယ်မြေအတွင်း ဖော်ပြပါ စစ်ရေးဆိုင်ရာ ပြင်ဆင်မှုများကို နှစ်ဖက်ညှိနှိုင်း၍ ပြုလုပ်သွားရန်။

(ဃ) ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ပရဝဏ်များအတွင်းနှင့် ယဉ်ကျေးမှု ရိုးရာဓလေ့ဆိုင်ရာနေရာ၊ လူထုနှင့် ပတ်သက်သော နေရာများတွင် စစ်ရေးဆိုင်ရာ တပ်စခန်းချခြင်း မပြုလုပ်ရန်။

(င) ငြိမ်းချမ်းရေးတိုးတက်ဖြစ်ပေါ်မှုနှင့် အညီ နှစ်ဖက်တပ်များ ခင်းကျင်းထားသော မိုင်းများကို ရှင်းလင်းရန်နှင့် မိုင်းရှင်းလင်းရေး လုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရနှင့် တစ်ဆင့်ချင်း ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားရန်။

(စ) အဖွဲ့အစည်းများအကြား ရန်လိုသော ဝါဒဖြန့်ချိမှုများ၊ မမှန်မကန်သော (သို့မဟုတ်) ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော ပြောဆိုမှုများ၊ အသရေဖျက်သည့် ထုတ်ပြန်မှုများကို ပြည်တွင်း၌သော်လည်းကောင်း၊ ပြည်ပ၌သော်လည်းကောင်း မပြုလုပ်ဘဲရှောင်ကြဉ်ရန်။

(ဆ) အပစ်ရပ်နယ်မြေအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော အရေးပေါ်အခြေအနေများတွင် နှစ်ဖက်ပူးပေါင်းပြီး ကယ်ဆယ်ရေး လုပ်ငန်းများ

လုပ်ကိုင်ခြင်း၊ ဆေးဘက်ဆိုင်ရာ ကျန်းမာရေးပစ္စည်းများ အရေးပေါ်ရွှေ့ပြောင်းခြင်းများကို ညှိနှိုင်း လုပ်ဆောင်ရန်။

(ဇ) အပစ်ရပ်နယ်မြေအတွင်း တရားဥပဒေ စိုးမိုးရေးကိစ္စကို ညှိနှိုင်းဆောင်ရွက်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် နှစ်ဖက်ညှိနှိုင်း၍ အရေးယူဆောင်ရွက်ရန်။

(ဈ) အပစ်ရပ်နယ်မြေများတွင် တပ်ပိုင်းဆိုင်ရာ အုပ်ချုပ်မှုကိစ္စများကို ညှိနှိုင်း ဆောင်ရွက်ရန်။

(ည) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်လက်မှတ် ရေးထိုးပြီး ဖြစ်ကြောင်းကို လက်မှတ် ရေးထိုးသည့်အချိန်မှစ၍ (၂၄) နာရီ အတွင်း မိမိကွပ်ကဲမှုအောက် အဆင့်ဆင့်သို့ ညွှန်ကြားရန်နှင့် စာချုပ်ပါ အချက်အလက်များကို (၅) ရက်အတွင်း ရှင်းလင်း အသိပေးရန်။

(ဋ) နှစ်ဖက်အောက်ခြေအဆင့်တွင် ဖြစ်ပေါ်သည့် ပဋိပက္ခများအား အင်အားအသုံးပြု၍ ဖြေရှင်းခြင်း မပြုလုပ်ရ။

၆။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ လူသစ်စုဆောင်းခြင်းကိစ္စကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေး လုပ်ငန်းစဉ်များနှင့်အညီ ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

**ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားနိုင်ရန် လက်နက်ကိုင်အဖွဲ့များ နေရာ ချထားခြင်း**

၇။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏တပ်ဖွဲ့များသည် ထိပ်တိုက်ရင်ဆိုင်မှုကိုရှောင်ရှားနိုင်ရန် မိမိတို့၏လက်နက်ကိုင်တပ်ဖွဲ့များ နေရာပြန်လည်ချထားခြင်း နှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် -

(က) နှစ်ဖက်တိုက်ရိုက်ထိတွေ့ရင်ဆိုင်မှုရှိသော နေရာများတွင် ထိတွေ့ပစ်ခတ်မှု မရှိစေရေးအတွက် စက်ဆက်သွယ်မှု၊ မြေပြင်ဆက်သွယ်မှုနှင့် အခြား ဆက် သွယ်မှု နည်းလမ်းများ ရယူလျက် ချက်ချင်းဆောင်ရွက်ရန်။

(ခ) လက်နက်ကိုင်အဖွဲ့များ နေရာချထားရေး သတ်မှတ်ရာတွင် ထိပ်တိုက်ထိတွေ့ရင်ဆိုင်မှု မဖြစ်စေရေးအတွက် နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်သွားရန်။

(ဂ) နှစ်ဖက်ညှိနှိုင်းဆဲနှင့် လက်နက်ကိုင်အဖွဲ့များ နေရာချထားရန် ခက်ခဲနေဆဲဒေသများတွင် နှစ်ဖက်တပ်မှူးများ ပုံမှန်အဆက်အသွယ်ပြုလုပ်၍ ညှိနှိုင်းဆောင်ရွက်သွားရန်။

(ဃ) တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် မိမိတို့ လက်နက်ကိုင် တပ်ဖွဲ့ဝင်များအား သတ်မှတ်နေရာများတွင်သာ ထားရှိရန်။

(င) နှစ်ဖက်တိုက်ရိုက်ထိတွေ့ရင်ဆိုင်မှုရှိသော နေရာများတွင် ထိတွေ့ပစ်ခတ်မှု မရှိစေရေး အတွက် တပ်စခန်းများ၏ အရေအတွက်ကို ညှိနှိုင်း အကောင်အထည်

ဖော် ဆောင်ရွက်ရန်။

(စ) သက်ဆိုင်ရာ တပ်စခန်းနှင့် နယ်မြေတစ်ခုနှင့် တစ်ခုအကြား ဆက်သွယ်ရေး လမ်းကြောင်း လုံခြုံရေးအတွက် တစ်ဖက်နှင့်တစ်ဖက် ဤသဘောတူစာချုပ်ကို အခြေခံ၍ နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်ရန်။

**တပ်ဖွဲ့ဝင်များ လွတ်လပ်စွာ သွားလာခွင့်**

၈။ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် လွတ်လပ်စွာ သွားလာခွင့်နှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် -

(က) လုံခြုံရေးအရ ကန့်သတ်ထားသော နေရာများမှအပ မည်သည့် နေရာကို မဆို လက်နက်ကိုင်ဆောင်ခြင်း မရှိဘဲ လွတ်လပ်စွာ သွားလာခွင့်ပြုရန်။

(ခ) တစ်ဖက်အဖွဲ့အစည်းက ထိန်းချုပ်ထားသောနယ်မြေအတွင်း လက်နက်ဖြင့် သွားလာရန် လိုအပ်လာပါက နှစ်ဖက်ညှိနှိုင်း သဘောတူညီချက်ဖြင့် သွား လာရန်။

**အရပ်သားများကို အကာအကွယ်ပေးခြင်း**

၉။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် အရပ်သားများကို အကာ အကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန် သဘော တူသည်-

(က) ပြည်သူလူထု၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသန္တရ ဖွံ့ဖြိုးတိုး တက်ရေးတို့အတွက် လိုအပ်သော ပံ့ပိုးကူညီမှုများ ညှိနှိုင်းပူးပေါင်း ဆောင် ရွက်ရန်။

(ခ) ပြည်သူလူထုအား လူတစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာကို ထိပါးစေသည့် လုပ်ရပ်၊ အကြမ်းဖက်ခြင်း၊ လူသားမဆန်စွာ ပြုမူဆက်ဆံခြင်း၊ အကျဉ်းချခြင်း၊ သတ်ဖြတ်ခြင်း၊ ဖျောက်ဖျက်ခြင်း မပြုလုပ်ရန်။

(ဂ) ဒေသခံပြည်သူများကို အဓမ္မနေရပ် စွန့်ခွာစေခြင်း၊ ရွှေ့ပြောင်းစေခြင်းမပြုလုပ်ရ။

(ဃ) ပြည်သူလူထုထံမှ ငွေ၊ ပစ္စည်းဥစ္စာ၊ စားနပ်ရိက္ခာ၊ လုပ်အားနှင့် ဝန်ဆောင်မှု များကို အဓမ္မ တောင်းခံရယူခြင်း မပြုလုပ်ရ။

(င) ပြည်သူလူထုအား အကြောင်းမဲ့ဖြစ်စေ၊ အမှုဆင်ဖမ်းဆီးခြင်းဖြစ်စေ၊ မတရား ဖမ်းဆီးအရေးယူခြင်း၊ အပြစ်ဒဏ်ပေးခြင်း လုံးဝမပြုရန်။

(စ) ဒေသခံများ၏ မြေယာများကို အဓမ္မသိမ်းပိုက်ခြင်းနှင့် လွှဲပြောင်းခြင်းများ မပြု လုပ်ရ။

(ဆ) အများပိုင်ပစ္စည်းများကို ပျက်စီးစေခြင်း၊ ခိုးယူခြင်း၊ လုယက်ခြင်းနှင့် ခွင့်ပြုချက် မရှိဘဲ ယူဆောင်ခြင်း မပြုလုပ်ရ။

(ဖ) ဥပဒေနှင့်အညီ ပညာသင်ကြားရေးဆိုင်ရာ အခွင့်အရေးများကို နှောင့်ယှက် ပိတ်ပင်ခြင်း၊ ပညာရေးဆိုင်ရာပစ္စည်းများနှင့်အတူ စာသင်ကျောင်း၊ အဆောက် အအုံများကို ဖျက်ဆီးခြင်း၊ ပညာရေးဝန်ထမ်းများနှင့် ပညာသင်ယူနေသူများကို နှောင့်ယှက် ဟန့်တားခြင်း မပြုလုပ်ရ။

(စျ) လူတစ်ဦးချင်းစီ၏ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများကို ထိခိုက်စေခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သော ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ဥပဒေအရခွင့်ပြုထားသည့် အများပြည်သူများအတွက် ဆေးဝါးများ သယ်ယူ ပို့ဆောင်ခြင်းအား တားမြစ်ခြင်း မပြုလုပ်ရ။

(ည) ပြည်သူလူထု၏ စားနပ်ရိက္ခာ စုဆောင်းခြင်း၊ ကုန်ပစ္စည်းများနှင့် ကောက်ပဲသီးနှံ များကို တစ်ပိုင်တစ်နိုင်သယ်ယူပို့ဆောင်ရောင်းချခြင်း၊ကူးသန်းရောင်းဝယ်ခြင်း လုပ်ငန်းများကို နှောင့်ယှက် ဟန့်တားခြင်း မပြုလုပ်ရ။

(ဋ) စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း များနှင့် ဘာသာရေး အဆောက်အအုံ ပရဝုဏ်များအား အကြောင်းမဲ့ ဖျက်ဆီးခြင်း၊ ပျက်စီးမှု ဆိုးကျိုးများ ဖြစ်ပေါ် စေခြင်းနှင့် စစ်ဘက်ဆိုင်ရာ တပ်စခန်းချထားခြင်း မပြုလုပ်ရ။

(ဌ) ပြည်သူလူထု၏ ဘာသာရေး၊ စာပေယဉ်ကျေးမှုနှင့် ဓလေ့ ထုံးတမ်းဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုများကို နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေခြင်း နှင့် ပျက်စီးစေခြင်းတို့အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မပြုလုပ်ရ။

(ဍ) အမျိုးသမီးများအား ဗလက္ကာယပြုခြင်း၊ လိင်အကြမ်းဖက်ခြင်း၊ အဓမ္မသားမယား ပြုကျင့်ခြင်း၊ လိင်မှုဆိုင်ရာ ကျွန်ပြုခြင်း မပြုလုပ်ရ။

(ဎ) ကလေးငယ်များအား သတ်ဖြတ်ခြင်းနှင့် ကိုယ်အင်္ဂါ ဖြတ်တောက်ခြင်း၊ ကလေး စစ်သားအဖြစ် စုဆောင်း/ စစ်မှုထမ်းစေခြင်း၊ အဓမ္မပြုခြင်းနှင့် အခြား လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်းများ မပြုလုပ်ရ။

(ဏ) ပြည်သူလူထုကို ကျွန်ပြုခြင်း၊ အဓမ္မ ခိုင်းစေခြင်း မပြုလုပ်ရ။

(တ) အပစ်ရပ်နယ်မြေအတွင်းရှိပြည်သူလူထု၏လူမှုဘဝလုံခြုံမှုနှင့်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ပေးရန်။

(ထ) အရပ်သားပြည်သူများ စိုးရိမ်ကြောင့်ကျမှုမရှိဘဲ အပစ်ရပ်နယ်မြေများအတွင်း လွတ်လပ်စွာ သွားလာခွင့်ပြုရန်။

## လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ

၁၀။ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် -

(က) ပြည်တွင်းနေရပ် စွန့်ခွာ တိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ် ခံစား နေရသူများအတွက် လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများပေးခြင်းနှင့် စပ်လျဉ်းပြီး NGO နှင့် INGO အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများအား

နိုင်ငံတော် အစိုးရ၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာနများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများအကြား ညှိနှိုင်း ဆောင်ရွက်ရန်။

(ခ) ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) အား ၎င်းတို့ဆန္ဒအတိုင်း မူလဒေသများသို့ ပြန်လည်နေထိုင်ခြင်းကို ဦးစားပေးဆောင်ရွက်ရန်သော်လည်းကောင်း၊ သင့်လျော်ရာနေရာတွင် ရွာသစ်ထူထောင်ပေးစေလိုလျှင်သော်လည်းကောင်း ဘေးကင်းလုံခြုံ၍ လူ့ဂုဏ်သိက္ခာနှင့်အညီ ဖြစ်စေရန် ဆောင်ရွက်ပေးရမည်။

(ဂ) ပြည်တွင်းနေရပ် စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် ဒုက္ခသည်များအား စိစစ်၍ ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များကို ပူးတွဲ ညှိနှိုင်း ဆောင်ရွက်ရန်။

## အခန်း (၄)
## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာအောင် လုပ်ဆောင်ခြင်း

**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ**

၁၁။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများအနေဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် လိုက်နာကြရမည့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဤစာချုပ်ပါ သက်မှတ်ချက်များ နှင့်အညီ လက်မှတ်ရေးထိုးပြီး (၁) လအတွင်း အပြီးရေးဆွဲ ပြဌာန်းရန် သဘောတူသည်။

**ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ**

၁၂။ ဤသဘောတူစာချုပ်အား လိုက်နာရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည် ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးက အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည် -

(က) ဤသဘောတူစာချုပ်အား လိုက်နာရေးအတွက် ညှိနှိုင်း ဆောင်ရွက်ပေးရန် "ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ" ကို ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အများယုံကြည်လေးစားသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးရန် သဘောတူသည်။

(ခ) ကော်မတီကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၊ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၊ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှု

ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီများနှင့် စိစစ်အတည်ပြု ရေးအဖွဲ့များ စသည်ဖြင့် အဆင့်ဆင့် ဖွဲ့စည်းသွားမည်။

(ဂ) လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နေသော နိုင်ငံခြားအစိုးရများ၏ ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ကိုယ်စားလှယ် များကို ပစ်ခိုက်တိုက်ခိုက်မှု ရပ်စဲရေး ပူးတွဲစောင့်ကြည့် ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်တွင် လေ့လာသူအဖြစ်လည်းကောင်း၊ အကြံပေးအဖြစ်လည်းကောင်း၊ နည်းပညာ အထောက်အကူပြုအဖြစ်လည်းကောင်း၊ သင့်လျော်သလိုပါဝင်နိုင်ရန် နှစ်ဖက် သဘောတူညီချက်ဖြင့် ဆောင်ရွက်မည်။

၁၃။ ကော်မတီအဆင့်ဆင့်၏ တာဝန်၊ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာ အခြေခံမှုများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စံသတ်မှတ်ချက်များ၊ လုပ်ငန်းလမ်းညွှန်များနှင့် ဖွဲ့စည်းပုံ အသေးစိတ်ကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ရေးဆွဲပြဌာန်း အတည်ပြုရန်။

(ခ) ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှု နှင့် စောင့်ကြည့်မှု လုပ်ငန်းစဉ်များကို တာဝန်ခံဆောင်ရွက်ရန်နှင့် လိုအပ်ပါက တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တင်ပြရန်။

(ဂ) လူလုပ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ်ခံစားရသူများအား လူသားချင်း စာနာသည့် အခြေခံ အထောက်အပံ့များ ပေးအပ်မှုကို ညှိနှိုင်းဆောင်ရွက်ရန်။

(ဃ) နှစ်ဖက်သဘောတူထားသည့် တပ်နေရာ ပြန်လည်ချထားရေး အစီအစဉ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာရန်။

(င) တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အခြေအနေ၊ ဤသဘောတူစာချုပ်၏ တပ်ပိုင်းဆိုင်ရာကိစ္စများ၊ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတို့အား ထိန်းသိမ်း လိုက်နာခြင်းနှင့် ပတ်သက်၍ စောင့်ကြည့်လေ့လာခြင်း၊ ပေါ်ပေါက်လာသော အငြင်းပွားမှုများအား ဖြေရှင်းရာတွင် ဘက်လိုက်မှုကင်းပြီး ပွင့်လင်းမြင်သာမှု အခြေခံဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန်။

၁၄။ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် အဖွဲ့ဝင်အားလုံး၏ သဘောတူညီချက်ကို အဖြစ်နိုင်ဆုံး ကြိုးစား၍ ရယူသွားရမည်။

၁၅။ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီမှ အငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းရမည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် သတင်းအချက်

အလက်များ (နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေးကိစ္စများမှအပ) တောင်းခံလာပါက ဤသဘောတူ စာချုပ်တွင် ချမှတ်ထားသည့် စည်းကမ်းချက်များ နှင့် အညီ ဆောင်ရွက်ပေးရန် သဘောတူညီသည်။

**ဆက်ဆံရေးရုံးများ ဖွင့်လှစ်ခြင်း**

၁၆။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောနေရာများတွင် နှစ်ဖက်ညှိနှိုင်း၍လည်းကောင်း၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး သဘောတူညီချက်တွင် သတ်မှတ်ထားသည့် ဒေသများတွင် လည်းကောင်း ဆက်ဆံရေးရုံးများ ဖွင့်လှစ်သွားရန် သဘောတူ သည်။

၁၇။ ဆက်ဆံရေးရုံးများတွင် ထားရှိမည့် ဆက်ဆံရေး အရာရှိများသည် အခက်အခဲနှင့် ပြဿနာရပ်များအား လျှင်မြန်စွာ ဆက်သွယ်ဖြေရှင်းနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်း ဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူသည်။

၁၈။ ဆက်ဆံရေးရုံးတွင် တာဝန်ထမ်းဆောင်နေကြသူများနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကို လိုအပ်သည့် အကာအကွယ်ပေးရန် သဘောတူသည်။

## အခန်း(၅)
## နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ

၁၉။ ဤသဘောတူစာချုပ် လက်မှတ်ရေးထိုးသူများသည် လက်နက်ကိုင် ပဋိပက္ခ ချုပ်ငြိမ်းရေးနှင့် နိုင်ငံရေး ပြဿနာများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာ အဖြေရှာနိုင်ရေး စတင်ရန် ဤစာချုပ်ကို လက်မှတ်ရေးထိုးပြီးသည့်နောက် စာချုပ်ပါ အခြေခံမူများ၊ အချက်အလက်များနှင့် ကတိကဝတ်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် သဘောတူသည်။

နိုင်ငံရေး လမ်းပြမြေပုံချမှတ်ခြင်း

၂၀။ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် နိုင်ငံရေးလမ်းပြ မြေပုံနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် -

(က) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေး ထိုးခြင်း။

(ခ) အစိုးရကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက "နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင်" (The Framework for Political Dialogue) ကို ရေးဆွဲ သဘောတူညီမှုရယူခြင်း။

(ဂ) ထိုမူဘောင်ကို အခြေခံ၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း ကိစ္စရပ်များ၊ လုပ်ငန်းစဉ်များကို ညှိနှိုင်း ဆွေးနွေးခြင်းနှင့် နှစ်ဖက်သဘောတူညီသော ကြိုတင်ဆောင်ရွက်ဖွယ်ရာ

များကို လုပ်ဆောင်ခြင်း။

(ဃ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပခြင်း

(င) ပြည်ထောင်စု သဘောတူစာချုပ်ချုပ်ဆိုခြင်း

(စ) ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက်ရယူခြင်း။

(ဆ) "ပြည်ထောင်စု သဘောတူ စာချုပ် (Pyidaungsu Accord)" ပါ သဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်းနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည် ပေါင်းစည်းခြင်း လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

## နိုင်ငံရေး တွေ့ဆုံဆွေးနွေးခြင်း

၂၁။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးပွဲများနှင့် စပ်လျဉ်း၍ အောက်ပါ အချက်များကို သဘောတူသည်။

(က) ဤသဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးသူများသည် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရေးနှင့် စာချုပ်ပါ သဘောတူညီချက်များအား ပူးတွဲဦးဆောင် အကောင်အထည်ဖော်နိုင်ရန်အတွက် ဤစာချုပ်ကို လက်မှတ်ရေးထိုးပြီးပြီးချင်း အောက်ပါတို့ကို ဆောင်ရွက်မည် -

(၁) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည် ဖော်မှုဆိုင်ရာ ညှိနှိုင်း အစည်းအဝေးကို ကျင်းပခြင်း။

(၂) ထိုအစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီနှင့် အခြားလိုအပ်သော ကော်မတီများကို ဖွဲ့စည်းခြင်း။ (ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲ ကော်မတီသည် နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာမူဘောင် ရေးဆွဲရန်ကိုလည်း တာဝန်ရှိသည်။)

(ခ) ပါဝင်လက်မှတ်ရေးထိုးသူများသည် နိုင်ငံရေး ဆွေးနွေးပွဲ လုပ်ငန်းစဉ်များ၊ ဆွေးနွေးရမည့် အကြောင်းအရာများ၊ ဆွေးနွေးမည့် ပုံစံများနှင့် စပ်လျဉ်း၍ အသေးစိတ် ဖော်ညွှန်းထားသည့် ဆွေးနွေးပွဲ မူဘောင်တစ်ရပ်ကို ဤသဘောတူစာချုပ် လက်မှတ် ရေးထိုးပြီးသည့် အချိန်မှစ၍ ရက်ပေါင်း (၆၀) အတွင်း ပါဝင်သင့် ပါဝင်ထိုက်သူများနှင့် အတူတကွ ပူးတွဲရေးသား ဖော်ဆောင်ရန်။

(ဂ) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများသည် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများကို ဤသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီး ရက်ပေါင်း (၉၀) အတွင်း စတင်လုပ်ဆောင်ရန်။

(ဃ) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေမည့် ကိစ္စရပ်များကို ရှောင်ရှား၍ ဤစာချုပ်ပါ အခြေခံမူတွင် သဘောတူညီထားသည့်အချက်များ အပါအဝင် အခြားဆွေးနွေးရမည့် ခေါင်းစဉ်အသေးစိတ်ကို နိုင်ငံရေးဆွေးနွေးပွဲ

မူဘောင်တွင် ထည့်သွင်း ဆွေးနွေး၍ အတည်ပြုရန်။

(င) သဘောတူညီမှု ချမှတ်ရာ၌ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု လုပ်ငန်းစဉ်တွင် ပါဝင်သော အဖွဲ့အစည်းများမှ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် အာမခံချက် ရှိရေးကို ဦးတည်လျက် ပါဝင်ပတ်သက်နေကြသော အဖွဲ့အစည်းများကြား အပြုသဘောဆောင်၍ ညှိနှိုင်းအဖြေရှာရန် သဘောတူကြသည်။

**အားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးပွဲများ ကျင်းပခြင်း**

၂၂။(က) နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲ အဆင့်ဆင့်တွင် အားလုံးပါဝင်ရေးမူကို အခြေခံ၍ အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်တို့၏ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ တရားဝင်နိုင်ငံရေးပါတီ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့် ပါဝင်ထိုက်သော ကိုယ်စားလှယ်များ ပါဝင်ကြရမည်။

(ခ) တိုင်းရင်းသားကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ စီးပွားရေး အသင်းအဖွဲ့များ၊ ပညာရှင် အစုတို့၏ ကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့် ပါဝင်ထိုက်သော ကိုယ်စားလှယ်များကို နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် သက်ဆိုင်ရာကဏ္ဍအလိုက် သင့်တော်သလို ပါဝင်စေရေးကို နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်တွင် ဆွေးနွေးသတ်မှတ်ရမည်။

(ဂ) နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင်ပါဝင်မည့် ကိုယ်စားလှယ်အမျိုးအစားကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးမူဘောင် ဆွေးနွေးရာတွင် ညှိနှိုင်းဆွေးနွေးမည်။

(ဃ) ပြည်ထောင်စုညီလာခံမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များပေါ် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် ဥပဒေများကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုလုပ်ရန် သဘောတူညီသည်။

၂၃။ နိုင်ငံရေးဆွေးနွေးပွဲများတွင် သင့်တင့်လျောက်ပတ်သော အချိုးအစားဖြင့် အမျိုးသမီး ကိုယ်စားလှယ်များ ပါဝင်နိုင်ရေးအတွက် ဆောင်ရွက်သွားရန် သဘောတူညီသည်။

## အခန်း(၆)
## ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

**ယုံကြည်မှုတည်ဆောက်ခြင်းနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ရမည့် အချက်များ**

၂၄။ (က) အစိုးရသည် မည်သူတစ်ဦးတစ်ယောက် (သို့မဟုတ်) အဖွဲ့အစည်းကိုမျှ ဥပဒေကို ချိုးဖောက်ခြင်းမှ အပ ဤပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် ချုပ်ဆိုရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့တွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကြောင့် ဖမ်းဆီး အရေးယူမှုများ မပြုလုပ်ရန် သဘောတူညီသည်။

(ခ) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အားလုံးကို မတရားအသင်းအဖြစ် ကြေညာထားခြင်းမှ ပယ်ဖျက်ရေး ဆက်လက်ဆောင်ရွက်သွားရန် သဘောတူသည်။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများနှင့် ပတ်သက်မှုရှိသည့် မည်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) မည်သည့် အဖွဲ့အစည်းကိုမျှ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရသော် လည်းကောင်း၊ မတရားအသင်းအက်ဥပဒေအရ သော်လည်းကောင်း အရေးယူဆောင်ရွက်ခြင်း မပြုလုပ်ရန် သဘောတူသည်။

(ဂ) နိုင်ငံတော်အနေဖြင့် ဤသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးသည့်အချိန်တွင် ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်သွယ်သည်ဟူသော စွပ်စွဲချက်ဖြင့် မတရားအသင်း အက်ဥပဒေအရ အမှုစွဲဆိုခြင်း ခံထားရသူများ နှင့် အကျဉ်းကျခံနေရသူများ လွတ်မြောက်ရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန် သဘောတူသည်။

## ကြားကာလအတွင်း ဆောင်ရွက်ရမည့် အစီအစဉ်များ

၂၅။ (က) ဤသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးကြသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် မိမိတို့နှင့် သက်ဆိုင်သည့် အပစ်ရပ်နယ်မြေများ အတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးရေးဆိုင်ရာ ကိစ္စရပ်များတွင် မိမိတို့ အဖွဲ့အစည်း၏ အတိုင်းအတာအရ တာဝန်ယူနေကြသော အဖွဲ့အစည်းများ ဖြစ်ကြသည့် အားလျော်စွာ အပစ်အခတ်ရပ်စဲထားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပအကောင်အထည် ဖော်နေ သည့် ကာလအတွင်း ၎င်းနယ်မြေများတွင် နစ်ဖက်ညှိနှိုင်းပြီး အောက်ပါ ကိစ္စရပ်များကို ဆောင်ရွက်သွားရန် သဘောတူသည် -

(၁) ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊

(၂) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊

(၃) တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများ၊

(၄) ဒေသဆိုင်ရာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊

(၅) ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများအတွက် ပြည်တွင်း ပြည်ပအလှူရှင် အဖွဲ့အစည်းများ၏ အကူအညီ ရယူခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(၆) မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများ၊

(ခ) အပစ်ရပ်ဒေသအတွင်း ဒေသခံပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှုကြီးမားသော စီမံကိန်းများကို လုပ်ဆောင်ရန်ရှိပါက သဘာဝသယံဇာတများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအဖွဲ့ (Extractive Industries Transparency Initiative – EITI) ၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်း ဆောင်ရွက်

သွားရန်နှင့် သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတို့နှင့် ညှိနှိုင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(ဂ) သက်ဆိုင်ရာဒေသများတွင် တစ်ဖွဲ့ချင်းစီ သီးခြားဆောင်ရွက်ရန် လိုအပ်သော ကိစ္စရပ်ကို အစိုးရနှင့် သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ညှိနှိုင်း ဆောင်ရွက်သွားရန် သဘောတူသည်။

၂၆။ ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုနိုင်ရန် တင်သွင်းခြင်း၊ ဤသဘောတူ စာချုပ်အား ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက်ရရှိရေး အတွက် ဆောင်ရွက်သွားရန် သဘောတူသည်။

## အခန်း(၇)
## အထွေထွေ

၂၇။ ဤစာချုပ်က လွှမ်းခြုံခြင်းမရှိသော ကိစ္စရပ်များရှိလာပါက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် အစိုးရနှင့်သီးခြားစီဆွေးနွေး၍ စာချုပ်၏မူများနှင့် ဆန့်ကျင်ကွဲလွဲခြင်း မရှိစေဘဲ ညှိနှိုင်းဆောင်ရွက်၍ သဘောတူညီမှု ရယူနိုင်သည်။

၂၈။ ဤသဘောတူစာချုပ်ကို မြန်မာဘာသာဖြင့် ရေးသားပြီး အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရမည်။ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ တရားဝင် အတည်ဖြစ်မှုသည် တူညီသော်လည်း စကားရပ် အရအငြင်းပွားမှုပေါ်ပေါက်လာပါကမြန်မာဘာသာဖြင့်ရေးသားထားသည့်စကားရပ်များအတိုင်းသာ အတည်ဖြစ်ကြောင်း သဘောတူသည်။

၂၉။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လက်မှတ်ရေးထိုးရာတွင် ပါဝင်သော နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ပူးတွဲ၍ တာဝန်ယူ ဆောင်ရွက် သွားရန် သဘောတူသည်။ ထိုသို့ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့လာသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန် နှစ်ဖက်ကိုယ်စားလှယ်များပါဝင်သော "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး" ကို ပုံမှန်ကျင်းပ၍ ဖြေရှင်းသွားရန် သဘောတူသည်။

၃၀။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် ဆွေးနွေးပွဲများတွင် နှစ်ဖက်သဘောတူညီခဲ့ကြသော အစည်းအဝေးမှတ်တမ်း ဆုံးဖြတ်ချက်များအနက် ကိုးကားရမည့် ဆုံးဖြတ်ချက်များသည် ဤသဘောတူစာချုပ် အကောင်အထည် ဖော်ရာတွင် အကျုံးဝင်ပြီး နှစ်ဖက်ညှိနှိုင်း၍ လိုအပ်သလို ဆောင်ရွက်ရန် သဘောတူသည်။

### ညှိနှိုင်းဖြေရှင်းခြင်း

၃၁။ (က) ဤသဘောတူစာချုပ်ပါလိုက်နာရမည့် တာဝန်များ၊ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ မပြေလည်မှု ပေါ်ပေါက်လျှင် သက်ဆိုင်ရာ အဖွဲ့အစည်းများသည် ငြိမ်းချမ်းစွာ

ဆွေးနွေးညှိနှိုင်းသည့် နည်းလမ်းကို အခြေခံ၍ ဖြေရှင်းရမည်။

(ခ) အပိုဒ်ခွဲ (က) အရ ဖြေရှင်းရာတွင် ပြေလည်မှု မရရှိပါက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည် ဖော်ဆောင်မှု ညှိနှိုင်း အစည်းအဝေးသို့ တင်ပြပြီး ညှိနှိုင်းဖြေရှင်းသွားမည်။

**သဘောတူစာချုပ် အကျိုးသက်ရောက်ခြင်း**

၃၂။ ဤသဘောတူ စာချုပ်သည် နှစ်ဦးနှစ်ဖက် လက်မှတ်ရေး ထိုးပြီးသည့် နေ့ရက်တွင် စတင် အကျိုးသက်ရောက်မှုရှိကြောင်း သဘောတူသည်။ ဤသဘောတူစာချုပ် အကောင်အထည် ဖော်မှုအပေါ် ဆန်းစစ်ရန် လိုအပ်ပါက နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်နိုင်သည်။

**သဘောတူစာချုပ်လက်မှတ် ရေးထိုးခြင်း**

၃၃။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း များအကြား ချုပ်ဆိုသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် နှစ်ဦးနှစ်ဖက်မှ လက်မှတ် ရေးထိုးကြပါသည်။

| | |
|---|---|
| ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်<br>အစိုးရကိုယ်စား | တိုင်းရင်းသားလက်နက်ကိုင်<br>အဖွဲ့အစည်းများကိုယ်စား |
| အစိုးရ၊ တပ်မတော်နှင့်<br>လွှတ်တော်မှခေါင်းဆောင်များ | တိုင်းရင်းသားလက်နက်ကိုင်<br>အဖွဲ့အစည်းများ၏ ခေါင်းဆောင်များ |

အသိသက်သေများ

၁။ ပြည်တွင်း

၂။ နိုင်ငံတကာ

(လက်မှတ်ရေးထိုးမည့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ထပ်မံဖော်ပြပါမည်)

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)တွင်
ပါဝင်လက်မှတ်ရေးထိုးကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ**

၁။ ကရင်အမျိုးသားအစည်းအရုံး
Karen National Union (KNU)

၂။ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်
(ငြိမ်းချမ်းရေးကောင်စီ)
Karen National Union/Karen National Liberation Army-Peace Council
(KUN/KNLA-PC)

၃။ ချင်းအမျိုးသားတပ်ဦး
Chin National Front (CNF)

၄။ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်
Democratic Karen Benevolent Army (DKBA)

၅။ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ်
Pa-O National Liberation Organization (PNLO)

၆။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး
All Burma Students Democratic Front (ABSDF)

၇။ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ
Arakan Liberation Party (ALP)

၈။ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ
Shan State Restoration Council (RCSS)

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော
ပြည်ထောင်စုမြန်မာနိုင်ငံတော်
တည်ဆောက်ရေးအတွက်

# အခြေခံမူများအပေါ် တင်ပြချက်များ